စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင်

ဘာသန္တရသေက ပိဋကတ္တယကောဝိဒ

နိုင်ငံကျော် ဓမ္မကထိက အဂ္ဂမဟာပဏ္ဍိတ

အနီးစခန်းဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ပုံပြ

# အကိတ္တိ - ရသေ့

တရားတော်



သရုပ်ဖော်ပန်းချီ ထွန်းဦး(စစ်ကို

စစ်ကိုင်းတောင်ရိုး – အနီးစခန်းချောင်

ဘာသန္တရဆေက - ပိဋကတ္တယကောဝိဒ

နိုင်ငံကျော်ဓမ္မကထိက – အဂ္ဂမဟာပဏ္ဍိတ

အနီးစခန်းဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

စရိယာပိဋက ဇာတက ပါဠိ အဋ္ဌကထာလာ

အလောင်းတော်တို့၏ ပါရမီ ဖြည့်ကျင့်ပုံပြ

# အကိတ္တိ – ရသေ့

# တရားတော်

## ဝမ္မဒါနပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၃၄၉/၂၀၀၀ (၆) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | – | ၃၈၂/၂၀၀၀ (၇) |
| ထုတ်ဝေကာလ | – | ဇူလိုင်လ |
| အကြိမ် | – | (ပထမအကြိမ်) |
| အုပ်ရေ | – | ၁၀၀၀ |
| ပန်းချီ | – | ထွဏ်းဦး (စစ်ကိုင်း) |
| ကွန်ပျူတာစာစီ | – | ကိုဝင်းထွန်းထွန်းအောင်<br>ရွှေလိပ်ပြာကွန်ပျူတာ<br>အမှတ် (၂၁)၊ ၈၄ လမ်း၊<br>၃၄ X ၃၅ လမ်းကြား၊ မန္တလေး။ |
| တန်ဘိုး | – | ဝမ္မဒါနအဖြစ် ဖြန့်ဝေသည်။ |
| ထုတ်ဝေသူ | – | ဒေါ်ရွှေအိမ် (၀၁၂၉၉)<br>တိုင်းလင်းစာပေတိုက်၊<br>အမှတ် ၈/၆၅၊ အုပ်စု (၃)<br>အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊<br>အင်းစိန်မြို့နယ်။ |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ရွှေဖင်ကျော်ပုံနှိပ်တိုက်<br>၆၄/၄၆၇ စက်မှုဇုံ တ/ဒဂုံ ရန်ကုန်မြို့။<br>ဖုန်း – ၅၉၀၀၅၁<br>၁၁၆၁၊ ၃၄ လမ်း၊ ကျောက်တံတား<br>ဖုန်း – ၂၄၃၂၇၉ |



ဘာသန္တရဆေက ပိဋကတ္တယကောဝိဒ မဟာဓမ္မကထိက

အဂ္ဂမဟာပဏ္ဍိတ

**စစ်ကိုင်းတောင်ရိုး ၊ အနိုးစခန်းဆရာတော်**

ဤ

အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ပုံပြ

# "အကိတ္တိ — ရသေ့ ဘရားတော်ကို"

မုံရွာမြို့ — အတိသာရကျောင်း

ဆရာတော် အရှင်ပညာသိရိ

(သာသနဓဇ ဓမ္မာစရိယ)

ရေးကူး၍

အနီးစခန်းချောင်

အရှင်နန္ဒာစာရ (ဓမ္မာစရိယ)၊ အရှင်ကုဏ္ဍိယ (ဓမ္မာစရိယ)

နှစ်ပါးတို့က

ခေါင်းစီးစာတန်းရေးသားပြီး

အနီးစခန်းချောင်

ဆရာတော် အရှင်သုမင်္ဂလ

(သာသနဓဇ ဓမ္မာစရိယ) က

ပြင်ဆင်တည်းဖြတ်ကာ

တာဝန်ယူထုတ်ဝေသည်။

## ဓမ္မဒါန အလှူရှင်စာရင်း

အနီးစခန်းကျောင်း ၊ ကျောင်းအမကြီး (BCR) ဖွားစောအား ၊
ရည်စူး၍ တူမ ကျောင်းအမ(BCR) ဒေါ်လှနု မိသားစု ၊ ရှမ်းပြည်
မြောက်ပိုင်း သီပေါမြို့။ ၅၀၀၀ိ/-
ဦးအိုက်ထွန်း ဒေါ်ကြူ (ရွှေခိုင်)စားသောက်ဆိုင်
မန္တလေးမြို့။ ၃၀၀ိ/-
ဦးမောင်ညွန့် (အသောက) ဒေါ်သန်းသန်း၊ မုံရွာ။ ၂၀၀ိ/-

## ငွေကျပ်တစ်ထောင်အလှူရှင်များစာရင်း

၄။ အောင်သုခ ဆရာတော် ၊ စစ်ကိုင်းမြို့။ ၁၀၀ိ/-
၅။ သဒ္ဓမ္မ သိတဂူကျောင်း ဥုးဇဋိလ ၊ စစ်ကိုင်းမြို့။ ၁၀၀ိ/-
၆။ ဒေါ်သောမ ထေရ်ရီ (နာယက) ၊ ပဲခူးဂူ
ခေမေသကကျောင်း ၊ စစ်ကိုင်းမြို့။ ၁၀၀ိ/-
၇။ ဦးညီမောင် ဒေါ်သောင်းတင် (ကုန်သည်)
အပ်ချုပ်စုရပ် ၊ စစ်ကိုင်းမြို့။ ၁၀၀ိ/-
၈။ ဦးကျော်ညွန့် ဒေါ်လှလှ မိသားစု ၊ မန္တလေးမြို့။ ၁၀၀ိ/-
၉။ အဖ ဦးလှမောင် ၊ အမိ ဒေါ်သန်းရွှေ ,
သမီး မမြတ်မြတ်သွယ် (To Kyo)ဂျပန်။ ၁၀၀ိ/-

# ကြာဝါဒ

❖❖ ဒါန သီလ အစရှိတဲ့ ပါရမီဆယ်ပါးဆိုတာ အလောင်းတော်တို့ လုပ်ထုံး လုပ်ငန်း ၊ လူသာမန်တို့ရဲ့ လုပ်ငန်းမဟုတ်ဘူး ၊ ဘုရား အလောင်းတော်တို့ ဘဝစဉ်ဆက် ဘုရားဖြစ်သည်အထိ လုပ်လာခဲ့တဲ့ လုပ်ထုံးလုပ်ငန်းဖြစ်တယ် ..... ။

❖❖ ဒီတော့ အလောင်းအလျာ သူတော်စဉ်တို့ရဲ့ လုပ်ငန်းကို နည်းများ မဆို ပါဝင်ပြီးတော့ လုပ်ကိုင်ကြရတယ် ဆိုလို့ရှိရင် ငါတို့ လည်းပဲ အလောင်းအလျာတို့ရဲ့ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် နေတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဆိုပြီးတော့ အားတက်သရော စိတ်လိုက် မာန်ပါ အားရ ပါးရ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက် ဝမ်းသာ ရှိကြရမယ် ..... ။

❖❖ မလွန်ဆန်လှူအသင်းကြီးဆိုတာ သမိုင်းဝင်အသင်းကြီး ၊ တစ်နိုင်ငံလုံးက အားတက်သရော နည်းများမဆို လှူဒါန်းနေ ကြတာ ၊ မန္တလေးမြို့ပေါ်ကရော ရန်ကုန် ပုညကုသလ အသင်း တို့ကပါ ဦးစီးပြီးတော့ အလုပ်လုပ်နေကြတာ ၊ အဲဒီ အလှူတော် ပွဲကြီးမှာ ဒါနမှုနဲ့ ပတ်သက်တဲ့ အလောင်းတော်တို့ လုပ်ထုံး ဒေသနာ တစ်ရပ် နာကြား ကြည်ညိုကြရမယ် ..... ။

**အာနီးစခန်းဆရာတော်**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်းကထာ | (က) |
| | ထုတ်ဝေသူ၏အမှာ | (င) |
| ၁။ | တရားပွဲအစ မေတ္တာအာသီသ | ၁ |
| ၂။ | သမိုင်းဝင်တဲ့ မလွန်အသင်း | ၃ |
| ၃။ | ပါရမီဆိုတာ အာဇာနည်ပုဂ္ဂိုလ်တို့ လုပ်ငန်း | ၄ |
| ၄။ | ဒါနအစရှိတဲ့ လုပ်ငန်းဟာ အလောင်းလျာတို့ရဲ့ လုပ်ငန်း | ၅ |
| ၅။ | ဒါနနဲ့ရင် ဆင်းရဲမယ် | ၅ |
| ၆။ | ဓနရှင်က ခေါင်းပုံဖြတ်လို့ လည်လှီးလို့လို့ စွဲချက်တင် | ၆ |
| ၇။ | လူမွဲပြောင် လူပြောင်မွဲတရား | ၆ |
| ၈။ | ဆင်းရဲသားဝါဒ | ၇ |
| ၉။ | သံသရာရဲ့ အားကိုးရာ ဒါန၊ သီလ၊ ဘာဝနာ | ၈ |
| ၁၀။ | ပါရမီတော်ကိုကြည်ညိုရုံမျှနှင့် ဆင်းရဲကလွတ်နိုင် | ၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁။ | ဓမ္မဒါန ပေးဝေ၄ | ၉ |
| ၁၂။ | သာသနာတော်နည်းနှင့် ဝေဘန်ချက် | ၁၀ |
| ၁၃။ | လူတွေပေါ်မှာ တာဝန်စီးနေတဲ့ လူတန်းစားတစ်မျိုး | ၁၁ |
| ၁၄။ | ရဟန္တာဖြစ်မှ ဘဝကုန် | ၁၂ |
| ၁၅။ | အလောင်းတော်တို့ လုပ်ဆောင်ချက် | ၁၂ |
| ၁၆။ | တရားဟောရန် ရှင်သာရိပုတ္တရာ တောင်းပန် | ၁၃ |
| ၁၇။ | ခု နှစ်ရက် , ခုနှစ်လီ ဆွမ်းကျွေးပြီး | ၁၃ |
| ၁၈။ | အကိတ္တိလေး သူဌေးမည်တွင် | ၁၄ |
| ၁၉။ | အရွယ်ရောက်လာ ပညာရှာ | ၁၅ |
| ၂၀။ | ပါရမီကံ နှိုးဆော် သံဝေဂဉာဏ်ပေါ် | ၁၆ |
| ၂၁။ | မောင်ကြီးနှင့်အတူ တောထွက်မယ် | ၁၇ |
| ၂၂။ | ယူချင်သူယူ အကုန်လှူ | ၁၈ |
| ၂၃။ | ပစ္စည်းလှူပွဲ ဆိုင်းဘုတ်ဆွဲ | ၁၈ |
| ၂၄။ | လှူပြီးပြန်က တောထွက်ကြ | ၁၉ |
| ၂၅။ | လာဘ်လာဘ အသွယ်သွယ် ဓမ္မန္တရာယ် | ၂၀ |
| ၂၆။ | တစ်ကိုယ်တည်းသာ တရားရှာ | ၂၀ |
| ၂၇။ | အဖော်မမှီး တစ်ကိုယ်တည်း ကေစာရိကျင့်သုံး | ၂၁ |
| ၂၈။ | ကန်ဇွန်းပင်အောက်မှာ တရားရှာ | ၂၂ |
| ၂၉။ | ပင်လယ်ရေဝိုင်း လေပူလှိုင်း | ၂၂ |
| ၃၀။ | အကိတ္တိနာမ ရသေ့ဘဝ | ၂၃ |
| ၃၁။ | ပဏ္ဏာကမ္မလာ ပူနွေးလာ | ၂၃ |
| ၃၂။ | စည်းစိမ်လုမှာ စိုးရိမ်လာ | ၂၄ |
| ၃၃။ | အလောင်းတော်မြတ်ထံ ပဏ္ဏားဖန်ဆင်း သိကြားချဉ်း | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | စုံစမ်းဖို့ရာ သိကြားချဉ်းကပ်လာ | ၂၆ |
| ၃၅။ | အံ့မခန်းရသေ့ လျှို့ဒါန်း | ၂၇ |
| ၃၆။ | ဆီလည်းမပါ ဆားလည်းမရှိ | ၂၈ |
| ၃၇။ | အာဘဿရာ ဗြဟ္မာအလား ပီတိစားပြီး အလောင်းတော်နေ | ၂၉ |
| ၃၈။ | အသက်စွန့်ကာ ပါရမီဖြည့်ရှာ | ၂၉ |
| ၃၉။ | ပီတိနဲ့ နေတာ သုံးရက်ကြာ | ၃၁ |
| ၄၀။ | သိဟိုဠ်သား အမ်အေ(M.A) ဘုန်းကြီးတစ်ပါး | ၃၂ |
| ၄၁။ | သူ့စကားနဲ့သူ မိနေ | ၃၃ |
| ၄၂။ | အမြဲထာဝရ လှူပါရစေ | ၃၄ |
| ၄၃။ | ငါ့အလှူကောင်းမှု သဗ္ဗညု ဉာဏ် အတွက်သာ | ၃၅ |
| ၄၄။ | သုံးရက်လွန်တော့ သိကြားလက်လျှော့ | ၃၇ |
| ၄၅။ | အလောင်းတော်ထံချဉ်း သိကြားမင်းအမေး | ၃၈ |
| ၄၆။ | သိကြားမင်းရဲ့ ပုစ္ဆာအတွက် အလောင်းတော်မြတ် ဖြေကြားချက် | ၄၀ |
| ၄၇။ | ပရိတ်သတ်အကြိုက် တို့မလိုက် | ၄၁ |
| ၄၈။ | သာဝက (၃)မျိုး | ၄၁ |
| ၄၉။ | သာဝက(၂)မျိုး ထူးခြားပုံ | ၄၂ |
| ၅၀။ | တစ်သင်္ချေပိုမှ "အဂ္ဂ"တပ်ရ | ၄၂ |
| ၅၁။ | ဗောဓိဉာဏ်တရား (၅)မျိုးပြား | ၄၃ |
| ၅၂။ | ဘဝရှိက ဆင်းရဲရမယ် | ၄၅ |
| ၅၃။ | လိမ်ကြညာကြ လူ့လောက | ၄၆ |
| ၅၄။ | သေချိန်ကျရင် သေရမှာပဲ | ၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | သေခြင်းတရား ဤနှစ်ပါး | ၅၀ |
| ၅၆။ | အမြဲလှူသူ သောတာပန်နှင့်တူ | ၅၁ |
| ၅၇။ | ကုသိုလ်မရှိက တွေဝေစွာသေရ | ၅၂ |
| ၅၈။ | ကုသိုလ်ရှိက ဂတိမြဲတယ် | ၅၂ |
| ၅၉။ | သားသမီးများက ဝိုင်းရိုကြ | ၅၄ |
| ၆၀။ | အရှင်ရသေ့လိုရာ ဆုတောင်းပါ | ၅၆ |
| ၆၁။ | အလောင်းတော် အကိတ္တိ ရသေ့ ဆုတောင်း | ၅၇ |
| ၆၂။ | ရတိုင်းလိုချင် ပုထုဇဉ် | ၅၈ |
| ၆၃။ | လောဘမရှိအောင် လုပ်ဆောင်ပေးပါ | ၅၉ |
| ၆၄။ | နောက်ထပ်တစ်ဖန် ဆုတောင်းပြန် | ၅၉ |
| ၆၅။ | ဒေါသကင်းအောင် ပြုပေးပါ | ၆၀ |
| ၆၆။ | လူမိုက်တွေကို မမြင်လိုပါ | ၆၂ |
| ၆၇။ | လူမိုက်သတင်းလဲ မကြားလိုပါ | ၆၃ |
| ၆၈။ | လူမိုက်စကား မယုံစားပါရစေနဲ့ | ၆၃ |
| ၆၉။ | လူမိုက်လက္ခဏာ ဤ(၃)ဖြာ | ၆၃ |
| ၇၀။ | မကောင်းတာကြံစည် လူမိုက်မည်တယ် | ၆၄ |
| ၇၁။ | မကောင်းပြောတာ လူမိုက်လက္ခဏာ | ၆၅ |
| ၇၂။ | မကောင်းပြုသော် လူမိုက်ခေါ် | ၆၅ |
| ၇၃။ | လူမိုက်စပြီးပေါ်ရာ ခေတ်အခါ | ၆၇ |
| ၇၄။ | အလောင်းတော် ပတ္တနာ, ဂမ္ဘီရာ | ၆၇ |
| ၇၅။ | လူမိုက်က သင့်ကို မည်သို့ပြု | ၆၈ |
| ၇၆။ | အလောင်းတော်ဟောကြား လူမိုက်များအကြောင်း | ၆၉ |
| ၇၇။ | သိကြားမင်းအား ပြန်ဟောကြား | ၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | လူမိုက်ဆိုတာ ကြောက်စရာ | ၇၁ |
| ၇၉။ | ဇာတ်တော်ထဲက လူမိုက် | ၇၂ |
| ၈၀။ | ပညာသင်နည်း (၂)မျိုး | ၇၂ |
| ၈၁။ | နှမ်းပျစ်လုပ်နည်း နိသျှည်း | ၇၃ |
| ၈၂။ | ကျောင်းသားလေးအတွက် သနားလို့ငို | ၇၄ |
| ၈၃။ | တက္ကသိုလ်ဆရာအား ရန်ငြိုးထား | ၇၆ |
| ၈၄။ | ဆုံးမသူအပေါ် ရန်ငြိုးဖွဲ့တဲ့ မင်းသား | ၇၆ |
| ၈၅။ | စဉ်းစားဆင်ခြင် ဆရာသခင် | ၇၇ |
| ၈၆။ | ဆင်ခြင်မဲ့ကင်း လူမိုက်မင်း | ၇၇ |
| ၈၇။ | ဆရာပြောပြန် တပည့်လက်ခံ | ၇၈ |
| ၈၈။ | ပညာရှိနဲ့ ပေါင်းပါရစေ | ၇၉ |
| ၈၉။ | ပညာရှိဆိုတာ | ၈၀ |
| ၉၀။ | ပညာရှိနှင့်ပေါင်း အလွန်ကောင်း | ၈၁ |
| ၉၁။ | နေထွက်တာနဲ့ တပြိုင်နက် ရက်ရက်,ရောရောလှူပါရစေ | ၈၂ |
| ၉၂။ | ပေးလှူနေစဉ် မကုန်စေချင် | ၈၃ |
| ၉၃။ | နောက်ဆုံးဆုပန် သိကြားပြန်တော့ | ၈၄ |
| ၉၄။ | အခြားဆုများ မလိုလား | ၈၅ |
| ၉၅။ | နတ်ကိုးကွယ်နေ ဘုန်းကြီးတွေ | ၈၇ |
| ၉၆။ | သိကြားမင်းခွင့်ပန် နောက်ဆုတ်ပြန် | ၈၈ |
| ၉၇။ | နိဂုမ်းပတ္တနာ | ၉၀ |

## " နိဒါနကထာ "
### ဟိုဟိုတုန်းက အနီးစခန်း

တစ်ခေတ်တစ်ခါတုံးက မြန်မာပြည်တွင် အကျော်ကြားဆုံး ပိဋကတ္တယ ဝိဒူ ၊ ဘာသန္တရဆေက ဓမ္မကထိက ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့သည်။ ထိုဆရာတော်သည် ယနေ့ခေတ်တွင် ကမ္ဘာကျော် ပိဋကတ္တယဝိဒူ ၊ ဘာသန္တရဆေက ပရဟိတမာမက သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော် အရှင်ဉာဏိဿရ၏ ဆရာတစ်ဆူ ဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော် ဖြစ်တော်မူပါသည်။

အနီးစခန်းဆရာတော်သည် ဓမ္မကထိက ခေတ်တစ်ခေတ်ကို ပြောင်းလွဲ၍ ခေတ်တစ်ခေတ် အသစ်တည်ထောင်တော်မူခဲ့သော ဆရာတော် ဖြစ်တော်မူပါသည်။ အများအားဖြင့် ဓမ္မကထိက ဆရာတော်များသည် "ယပ်လှဲ တရား"ဟုခေါ်သော ဝတ္ထုဇာတ်လမ်း

များကိုသာ အဟောများကြပါသည်။ ထိုအချိန်တွင် အနီးစခန်း ဆရာတော်က သုံးပုံ ပိဋကလာ သုတ်ပါဠိတော်ကြီးများကို အစ,အဆုံး ရွတ်ဖတ်၍ ဟောကြားတော်မူခဲ့သဖြင့် အစဆုံး အာဒိကမ္မိက ပါဠိတော်များကို ဟောကြားတော်မူခဲ့သော ဓမ္မကထိက တစ်ဆူဖြစ်တော်မူပါသည်။

တရားပလ္လင်ပေါ်မျ ပါဠိတော်ကြီးများကို အစ,အဆုံး ရွတ်ဆိုမူကလဲ တရားနာပရိတ်သတ်အား သက်တော်ထင်ရှား မြတ်ဘုရားကို သတိရစေခဲ့ပါသည်။ တစ်ပိုဒ်ချင်း ၊ တစ်ပိုဒ်ချင်း အနက်ပေးပြပြီး အဋ္ဌကထာ ဋီကာ အဓိပ္ပါယ်သွင်း၍ အဓိပ္ပါယ် ရှင်းလင်းဟောပြချက်များကလဲ တရားနာသူ ရှင်လူအပေါင်းအား နှစ်ထောင်းအားရ သဘောကျ , တသသ ဖြစ်ခဲ့ကြရပါသည်။

ထိုပါဠိတော် ဟောစဉ်များကို ကြိုးခွေသွင်း၍ မှတ်တမ်းတင်ခဲ့ကြရာ ခွေပေါင်း ရာချီ၍ ရှိနေပါသည်။

**“ ယခု အနီးစခန်း ဆရာတော် ”**

ယခုလက်ရှိ အနီးစခန်းချောင်၌ သီတင်းသုံးနေတော်မူသော ဆရာတော်မှာ အရှင်သုမင်္ဂလ ဖြစ်တော်မူပါသည်။ ဤအရှင်သည် ဓမ္မာစရိယ စာချဘွဲ့ရ ဆရာတော်တစ်ပါး ဖြစ်တော်မူကာ ကျောင်းတိုက်တွင်းရှိ တပည့် သံဃာ (၂၅-၃၀)တို့အား အတန်းစုံ စာဝါစုံ ပို့ချ၍၄င်း ၊ စစ်ကိုင်းမြို့နယ် သံဃာ့နာယကအဖွဲ့ (ရွှေကျင်)၏ အဖွဲ့ဝင်ဆရာတော် တစ်ပါး ဖြစ်သည့်အားလျော်စွာ မြို့နယ်တွင်း သာသနာရေး ၊ ဘာသာရေး ကိစ္စများကို ရှေ့တမ်းမှ ပါဝင်၍ ၄င်း၊ အခါအားလျော်စွာ ဒကာ ၊ ဒကာမများ တရား ဓမ္မများကို ဟောကြား

ပြသလျှက်ငှင်း ၊ သာသနာပြုနေသော အရှင်တစ်ပါးပင် ဖြစ်တော်မူပါသည်။

ဟိုရှေးအနီးစခန်းဆရာတော်ဘုရားကြီးက စာအုပ်၊ ဘီဒို၊ သေတ္တာ၊ စားပွဲပေါ်၌ ကိန်းဝပ်စံပျော် အပူဇော်ခံနေတော်မူကြသော ပိဋက ပါဠိတော် ကျမ်းစာများကို အရကျက်မှတ်တော်မူကာ လူထုပရိတ်သတ်အား ဟောကြားပြသ၍ အကြည်ညို အပူဇော်ခံယူစေခဲ့သကဲ့သို့ ယခုလက်ရှိအနီးစခန်းဆရာတော်ကလည်း ကြိုးခွေထဲ၌သာ ကိန်းဝပ်စံပျော်တော်မူနေကြသော အနီးစခန်းဆရာတော်၏ ပါဠိတော် ဟောစဉ်များကို မအားမလပ်သည့်အထဲမှ အချိန်ယူ အပင်ပန်းခံကာ –

စာပေသမားများ တစိမ့်စိမ့် ကြည့်ရှု၍ တရားနာယူကြစေရန်

မျိုးဆက်သစ် ဓမ္မကထိကများ ဉာဏ်ပညာ တိုးပွားစေရန်

ရည်ရွယ်၍ အဆင့်ဆင့် ကူးယူပြီး စာအုပ်အဖြစ်ဖြင့် ဖြန့်ချီခဲ့သည်မှာ (၃)အုပ်မြောက်ဟု သိရပေသည်။

**“ ဓမ္မဒါန – ပါဝင်လှူဒါန်းကြ ”**

အနီးစခန်းဆရာတော် အရှင်သုမင်္ဂလသည် တစ်အုပ်ပြီး တစ်အုပ် ဆက်လက် ဖြန့်ချီနိုင်ရန် စာအုပ်တစ်အုပ်ရဲ့ ကုန်ကျစရိတ် တန်ဘိုးမျှကိုသာ အလှူခံလျှက် ဖြန့်ချီနေပါသည်။ သို့ဖြစ်၍ အရှင်သုမင်္ဂလ ဖြန့်ချီလှူဒါန်းနေသော ဓမ္မဒါန အလှူပွဲတွင် ဓမ္မဒါန ပါဝင်လှူဒါန်းနိုင်ကြစေရန် အသိပေးလိုက်ရပါသည်။

**“ အကိတ္တိ ဓမ္မဒေသနာ ”**

ယခုဖြန့်ချီလိုက်သော တရားဒေသနာတော်မှာ စရိယပိဋက

လာ အကိတ္တိ အလောင်းတော်ကြီး၏ ဘ၀–ပါရမီကို အဋ္ဌကထာ ဋီကာ တို့ဖြင့် ချဲ့ထွင်ကာ ဟောကြားထားပါသည်။ ထိုဒေသနာတော်တွင် ပညာရှိ သူတော်ကောင်းတို့ကိုသာ ပေါင်းသင်းနေထိုင်ဘို့ ပညာရှိ သူတော်ကောင်းတို့၏ ဆိုဆုံးမစကားကို နာယူနိုင်ဘို့၊ မိမိကိုယ်တိုင် ကလဲ ပညာရှိ သူတော်ကောင်းဖြစ်ဘို့ ၊ အပြောကောင်း အဟော ကောင်းများကြောင့်လဲ ပြောတိုင်းမယုံ ဟောတိုင်းမယုံကြဘို့ အကိတ္တိ၏ ဆုတောင်းဂါထာများက လိုက်နာ ကျင့်သုံးဘို့ နည်းပေး လမ်းညွှန်ထားပါသည်။

အထူးအားဖြင့် ဦးမင်းကျော် မန္တလေး စဓာ ဘိုးတော် မယ်တော် များကို အတိုင်းတာ တစ်ခုထက် ကျော်လွန်ကား ကြည်ညိုကြ အားကိုး ကြ ပူဇော်ကြ သူတို့အား တာ၀တိံ သာနတ်ပြည် ပိုင်နင်း သိကြားမင်း ကြီးကိုပင် သူ့ထံသို့ ဘယ်တော့မှ မလာခဲ့ပါနှင့်တော့ အသင် သိကြားမင်းကို မတွေ့လို မမြင်လိုပါ ဟု မောင်းနှင်ထုတ်လိုက်မှု တို့သည် သင်ခန်းစာ ရစေနိုင်ပါသည်။

အခြားအခြားသော လိုက်နာစရာ ရှောင်ကြဉ်စရာများကို လည်း အသင် စာရှုသူ တွေ့မြင်ရမည် ဖြစ်ပါသည်။ ဗဟုသုတ လိုလား အမျိုးကောင်းသားတို့အားလည်း ဗဟုသုတ အသိဉာဏ် ရစေနိုင်ပါ သည်။ သို့ဖြစ်၍ စာအုပ်ထဲတွင် ဆက်လက်ရှုစား ကြပါတော့ ။ အကျိုးများလှပါသည်ဟု ဆိုလိုက်ပါရစေတော့ ... ။

အဂ္ဂမဟာပဏ္ဍိတ
အရှင်နယနသာမိ
ပါဠိကာရီ သုံးခွ ပါဠိတက္ကသိုလ်ကျောင်းတိုက်
စစ်ကိုင်းတောင်ရိုး

## ထုတ်ဝေသူ၏ အမှာ

(က)

တရားချစ်ခင် သူတော်စင် အပေါင်းတို့.

ကျေးဇူးတော်ရှင် ဘာသန္တရဆေက, ပိဋကတ္တယကောဝိဒ မဟာဓမ္မကထိက, အဂ္ဂမဟာပဏ္ဍိတ, အနီးစခန်းဆရာတော် ဘုရားကြီး၏ လူထုပရိတ်သတ်အကြား အပြန့်နှံ့ဆုံး တရားတော်တို့တွင် တစ်ပုဒ်အပါအဝင်ဖြစ်သော စရိယာ ပိဋကပါဠိ, အဋ္ဌကထာ, ဇာတက အဋ္ဌကထာ တို့၌ လာရှိသော အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ပုံပြ "အကိတ္တိတရားတော်" ကို ဒုတိယခြေလှမ်းအဖြစ် စာဖတ်ပရိတ်သတ်ထံ အရောက်ပို့ပေးလိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

(ခ)

ဤ "အကိတ္တိ တရားတော် "ကို လွန်ခဲ့သော အနှစ်(၂၀) ခန့်က တိတ်ကြိုးခွေ အဆင့်မှ စာရွက်ပေါ်အရောက် စာရေးသူနှင့်

သူငယ်ချင်းဖြစ်သူ အရှင်ပညာသိရီ (ယခုအတိသာရဆရာတော် မုံရွာမြို့) တို့ တစ်ယောက်တစ်လှည့်စီ ရေးကူးကြ လက်နှိပ်စက် ရိုက်ကြဖြင့် အကြမ်းမျှ မှတ်တမ်းတင်ထားခဲ့ကြပါသည်။ စာပိုဒ်ခွဲခြင်း၊ သက်ဆိုင်ရာ ခေါင်းစီးများ တပ်ခြင်း၊ သတ်ပုံ သတ်ညွှန်းစစ်ခြင်း စသော အသေးစိတ် အလုပ်များ မလုပ်ဖြစ်ခဲ့ ကြပါ။ ထိုအသေးစိတ် အလုပ်များကို ယခုအခါ တပည့်များ ဖြစ်ကြသော အရှင်နန္ဒာစာရ (ဓမ္မာစရိယ) နှင့် အရှင်ဣန္ဒြိယ (ဓမ္မာစရိယ) တို့အား တာဝန်ပေးလုပ်ကိုင်စေခဲ့ရာ အောင်မြင် ပြီးစီးခဲ့ပါသည်။

ငင်းတို့ ပြင်ဆင်ပြီးစာမူကို ထပ်မံ ကြည့်ရှုကာ မူချော အဖြစ် လက်နှိပ်စက် ရိုက်ရပြန်ပါသည်။ ၄င်း တိုက်ရိုက်ပြီး မူချောကို တဖန် ကွန်ပျူတာဆရာထံအပ်ပြီး ရိုက်စေရပြန်ပါ သည်။ ၄င်းကွန်ပျူတာမှ မူကြမ်းထုတ် စစ်ဆေး အချောပြင် စသည်ဖြင့် အဆင့်ဆင့် ပြုလုပ်ခဲ့ကြရပါသည်။

ဤကဲ့သို့ ကြိုးစားအားထုတ် ပြုလုပ်ပါသော်လည်း ချို့ယွင်းမှုများ ကင်းမည်မဟုတ်ပါ။ သို့သော် မိမိတို့၏ ကြိုးစားမှုကို အသိအမှတ်ပြုပြီး ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

(၇)

ယခုအခါ မိမိတို့၏ ကြိုးစား အားထုတ်မှုဖြင့် ကျေးဇူးတော်ရှင် အနီးစခန်းဆရာတော်ကြီး၏ စရိယာပိဋက

(ဆ)

ပါဠိအဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ တို့၌ လာသော အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ပုံပြ "အကိတ္တိ တရားတော်"သည် စာအုပ်အဖြစ် ရောက်ရှိလာခဲ့ပြန်ပါပြီ။ သည်အတွက် အထူးဝမ်းမြောက် ပီတိဖြစ်ကြရပါသည်။ မိမိတို့ ဝမ်းသာပီတိ ဖြစ်ရသလို – အထူးသဖြင့် စာအုပ်ဖြစ်မြောက်ရေး သမ္မာဆန္ဒဖြင့် တိုက်တွန်း မိန့်ကြားတော်မူသော စစ်ကိုင်း ပဌမ မစိုးရိမ်ချောင် ဆရာတော်ကြီးသည်၄င်း၊ ဆရာတော်ကြီး၏ တရားတော်များ စာအုပ်အဖြစ် ရောက်သင့်တာ ကြာပြီဖြစ်ကြောင်း ကဂုဏာ, မေတ္တာဖြင့် ပြောကြားလာသူ မိတ်ဆွေ သူငယ်ချင်းများသည်၄င်း၊ ဓမ္မမိတ်ဆွေ သူတော်စင် ပရိတ်သတ်တို့သည်၄င်း ကျေနပ် ဝမ်းမြောက်ကြလိမ့်မည်လို့ မျှော်လင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

(ဃ)

ဤ၊ အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ပုံက "အကိတ္တိ တရားတော်" စာမူကို တိတ်ခွေအဆင့်မှ လက်ရေးမူရေးကူးခြင်း၊ လက်နှိပ်စက်ရိုက်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးသော မုံရွာမြို့ အတိသာရဆရာတော် အရှင်ပညာသိရီ (သာသနဓဇ ဓမ္မာစရိယ) အား၄င်း။

စာမူကြမ်းကို စာပိုဒ်ခွဲ ခေါင်းစီးတပ် အချောပြုပြင်ပေးကြသော တပည့်ဖြစ်သူ အရှင်နန္ဒာစာရ (ဓမ္မာစရိယ)နှင့် အရှင်ဣန္ဒြိယ (ဓမ္မာစရိယ)တို့အား၄င်း။

စာအုပ်ဖြစ်မြောက်ရေးအတွက် အစစ,အရာရာ ဝေယျာဝစ္စ ဆောင်ရွက်ကူညီသူ တပည့် မောင်ညွှန့်ဝင်း(ဓမ္မာစရိယ ဝိနယဝိဒူ)အား၎င်း

စာအုပ်အတွက် ငွေကြေးဓမ္မဒါန မတည် လှူဒါန်းကြသော ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့မှ စစ်ကိုင်း အနီးစခန်းကျောင်း အမကြီး ဘိ,စိအာ အဖွားစော,ဒေါ်လှနု မိသားစုနှင့်တကွ ကုသိုလ်ရှင်များအား၎င်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်သုမင်္ဂလ
ပဓာနနာယက ဆရာတော်
အနီးစခန်းချောင်
စစ်ကိုင်းတောင်ရိုး။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အင်္ဂုတ္တို – ဇာတ်
## "တရားပွဲအစ မေတ္တာအာသီသ"

ဘဝတု သဗ္ဗမင်္ဂလံ ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန ၊ သဒါ သုခီ ဘဝန္တု တေ။
ဘဝတု သဗ္ဗမင်္ဂလံ ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန ၊ သဒါ သုခီ ဘဝန္တု တေ။
ဘဝတု သဗ္ဗမင်္ဂလံ ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန ၊ သဒါ သုခီ ဘဝန္တု တေ။ ။

**သဗ္ဗမင်္ဂလံ** – ခပ်သိမ်းများစွာ ကုသိုလ်မင်္ဂလာ တရားမှန်သမျှသည် ၊ **တုမှာကံ** – သာသနာတော်ကို ကြည်ညို၍ မှီခိုဆည်းကပ်ကြကုန်သော သင်တရားနာ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့အား ၊ **ဘဝတု** – နေ့ညမသွေ ကိုယ်စီကိုယ်ငှ ဖြစ်ကြပါစေသတည်း။ **သဗ္ဗဒေဝတာ** – ခပ်သိမ်းများစွာ သမ္မာဒေဝ နတ်တကာတို့သည် ။ **တုမှေ** – သာသနာတော်ကို ကြည်ညို၍ မှီခိုဆည်းကပ်ကြကုန်သော သင်တရားနာ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့ကို ၊ **ရက္ခန္တု** – ဘေးမသီရန်မခ နေ့ညမကွာ ကောင်းစွာစောင့်ရှောက် ကြပါစေကုန်သတည်း။ **သဗ္ဗဗုဒ္ဓါနုဘာဝေန** – ဂဂ်ါဝါဠူ သဲစုမက ပွင့်ကြကုန်သား ဘုရားရှင် ကိုယ်တော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့် လည်းကောင်း ၊ **သဗ္ဗဓမ္မာနုဘာဝေန** – ထိုဘုရားရှင်

ကိုယ်တော်မြတ်တို့သည် ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာ ဒေသနာတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့် လည်းကောင်း၊ **သမ္ဗသံဃာနုဘာဝေန** – ခပ်သိမ်းကုန်သော ဘုရားရှင် ကိုယ်တော်မြတ်တို့၏ တပည့်သား သံဃာတော်မြတ်တို့၏ တန်ခိုး တေဇော် အာနုဘော်တော်အားဖြင့် လည်းကောင်း ၊ **တေ** – ထို သာသနာတော်ကို ကြည်ညိုု၍ မှီခိုဆည်းကပ်ကြကုန်သော ဒါယကာ ဒါယိကာမ အပေါင်းတို့သည်၊ **သဒါ** – နေ့ရောညပါ အခါမစဲ ၊ **သုခီ** – ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ရှိကြကုန် သည်။ **ဟောန္တု** – ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

"ဘုရားဂုဏ်ကျေးဇူး ၊ တရားဂုဏ်ကျေးဇူး၊ သံဃာတော်ဂုဏ် ကျေးဇူး" ထိုဂုဏ်ကျေးဇူးကြောင့် ခပ်သိမ်းသောမင်္ဂလာတရား ကိုယ်စီ ကိုယ်ငှ သန္တာန် ဖြစ်ကြပါစေ ... ။ ။ ကိုယ်စောင့်နတ်က စ၍ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် သာသနာတော်စောင့်နတ် လောက စောင့်ဖြစ်သော စာတု မဟာရာဇ် နတ်မင်းကြီးလေးဦးကစ၍ သိကြားမင်း ၊ ဗြဟ္မာမင်း အစရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် သာသနာတော်ကြည်ညို မှီခိုဆည်းကပ်နေကြတဲ့ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့ကို ဘေးမသီ ရန်မခ နိစ္စမြဲစွာ စောင့်ရှောက်ကြပါ စေကုန်သတည်း။ စောင့်ရှောက်ကြကုန်သည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ မိမိတို့ရဲ့ ကိုယ်ကျိုးကိုယ့်စီးပွား သာသနာတော်ရဲ့ အကျိုးစီးပွားတို့ကို ကြိုးစား၍ တစ်နေ့တခြား ဆောင်ရွက်တော်မူနိုင် ကြပါစေကုန်သတည်း။

## "သမိုင်းဝင်တဲ့ မလွန်အသင်း"

အခု မလွန်ဆန်လှူသင်းကြီးသည် သာမန်အသင်းကြီး မဟုတ်ပါဘူး။ ဗမာပြည်တစ်ပြည်လုံးမှာ အင်မတန် ထင်ရှားပြီးတော့ တကယ်လက်တွေ့အားဖြင့် မျက်ဝါးထင်ထင် မြင်တွေ့နေကြရတဲ့ နှစ်စဉ်နှစ်တိုင်း ရေစက်ချတုံးက ထုတ်ဖော်ပြီးတော့ ပြောခဲ့တဲ့ စစ်ကိုင်းမင်းကွန်း မင်းဝံ ဆိုတဲ့ တောင်ကြီးသုံးလုံးတို့မှာ တောကျောင်းတောင်ကျောင်း မှီအောင်းနေကြတဲ့ ဂန္ထဓူရ၊ ဝိပဿနာ ဓူရ ၊ ဓူရနှစ်ဖြာ နင်လား , ငါလား ကြိုးစားအားထုတ်တော်မူကြကုန်သော ရဟန်း , သာမဏေ , သူတော်သီလရှင် , သူတော်သူမြတ်တို့ကို လှူဒါန်းနေတာလဲ တိုင်းပြည်နဲ့အဝှမ်း အသိပဲဖြစ်တယ်။ ပြောစရာမလိုလှဘူး ၊ ဒါကြောင့် ဒီအသင်းကြီးဟာ သမိုင်းဝင် အသင်းကြီးပဲလို့။

သမိုင်းဝင် အသင်းကြီးဖြစ်တော့ မြို့ရော ၊ နယ်ရော တစ်နိုင်ငံလုံးက အုန်းအုန်းကျွက်ကျွက် သူ့ထက်ငါ အားတက်သရော အားပေးကူညီ နည်းများမဆို လှူဒါန်းလိုက်ကြတာ မန္တလေးမြို့ ပေါ်ကဆိုရင်လဲ လိုလေသေးမရှိဘူး ၊ နယ်အဝှမ်းက ဆိုရင်လဲ လိုလေသေးမရှိရဘူး ၊ ရန်ကုန်က ဆိုရင်လဲ ပုညကုသလ အသင်းတို့က ဦးစီးပြီးတော့ အလုပ်လုပ်နေတာ လိုလေသေး မရှိဘူး ၊ အထက်,အောက် ရှမ်းပြည်ပါမကျန် အဲဒါမြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ သူ့ထက်ငါကြိုးစားပြီးတော့ လှူဒါန်းနေတဲ့ အလှူတော်ပွဲကြီး ၊ အဲဒီ အလှူတော်ပွဲကြီးမှာ ဒီကနေ့ည ဒါနမှုနဲ့ပတ်သက်တဲ့ အဟောင်းတော်တို့ လုပ်ထုံး ၊ ဒေသနာတစ်ရပ် ဟောကြ နာကြရအောင်။

### " ပါရမီဆိုတာ အာဇာနည်ပုဂ္ဂိုလ်တို့လုပ်ငန်း "

ဒါန, သီလအစရှိတဲ့ ပါရမီဆယ်ပါးဆိုတာ အလောင်းတော်တို့ လုပ်ထုံး အလောင်းတော်တို့လုပ်ငန်း၊ လူသာမန်တို့ လုပ်ငန်းမဟုတ်ဘူး။ ဘုရားအလောင်းတော်တို့ ဘ၀စဉ်ဆက် ဘုရားဖြစ်သည်အထိ လုပ်လာခဲ့တဲ့ လုပ်ထုံး ...။

**ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယ ပဉ္စမံ။**
**ခန္တိသစ္စ မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေဒသ။ ။**

လို့ ကျမ်းဂန်များ လာတဲ့အတိုင်း။

**ဒါနံ သီလဉ္စ နေက္ခမံ ... ။**

**ဒါနံ** – ဒါနပါရမီလည်းကောင်း၊ **သီလံ** –သီလပါရမီလည်းကောင်း၊ **နေက္ခမ္မံ** – တောထွက်ခြင်းဆိုတဲ့ နေက္ခမ ပါရမီလည်းကောင်း၊ **ပညာ** – ပညာပါရမီလည်းကောင်း၊ **ပဉ္စမံ** – ငါးခုမြောက်သော၊ **ဝီရိယ** – ဝီရိယပါရမီ လည်းကောင်း၊ **ခန္တိ** – ဘယ်လိုပင် အနိုင်ရငြားသော်လည်း ရန်တုန့်မမူပဲနဲ့ သည်းခံတော်မူခြင်းဆိုတဲ့ ခန္တိပါရမီတရားတော် လည်းကောင်း၊ **သစ္စံ** – ဝစီသစ္စာဟုဆိုအပ်သော နှုတ်က မှန်သောစကားကို ပြောကြားခြင်းဆိုတဲ့ သစ္စာပါရမီတော် လည်းကောင်း၊ **အဓိဋ္ဌာနံ** – ဤလုပ်ငန်းကို ငါလုပ်မယ်ဆိုရင် နောက်မဆုတ်ပဲနဲ့ အဓိဋ္ဌာန်အတိုင်း လုပ်ကိုင်ဆောင်ရွက်တော်မူတဲ့ အဓိဋ္ဌာန်ပါရမီတော်လည်းကောင်း၊ **မေတ္တာ** – ကိုယ်မှလွတ်သွားတဲ့ သတ္တဝါတပါးတို့၏ အကျိုးတရားကို ကိုယ့်တူထား၍ လိုလားတော်မူတဲ့ မေတ္တာပါရမီတော် လည်းကောင်း၊ **ဉပေက္ခာ** – သုခ၊ ဒုက္ခ၊ နိန္ဒာ၊ ပသံသာ အစရှိတဲ့ လောကဓမ်တရားတို့နဲ့ ဘယ်လိုပင်၊

တွေ့ကြားသော်လဲ တုန်လှုပ်ခြောက်ခြားခြင်း မရှိပဲနဲ့ မြေကြီးတမျှ သည်းခံတော်မူနိုင်သော ဥပေက္ခာပါရမီတော်လည်းကောင်း၊ **ဣတိ** – ဤသို့၊ **ပါရမိယော** – ဒါန စသော ပါရမီ တရားတို့သည်၊ **ဣမေဒသ** – ဤဆယ်ပါးတို့ပင်တည်း ..... လို့

**"ဒါနစတဲ့ လုပ်ငန်းဟာ အလောင်းလျာတို့ရဲ့လုပ်ငန်း"**

တို့ကျမ်းဂန်ညွှန်ပြတဲ့အတိုင်း ဒါနစတဲ့ လုပ်ငန်းဟာ အလောင်းလျာ သူတော်ကောင်း တို့ရဲ့ လုပ်ငန်း။ လူသာမန်တို့ လုပ်ငန်းမဟုတ်ဘူး။

ဒီတော့ အလောင်းအလျာ သူတော်စင်တို့ရဲ့ လုပ်ငန်းကို နည်းများမဆို ပါဝင်ပြီတော့ လုပ်ကိုင်ကြရတယ် ဆိုလို့ရှိရင် ငါတို့လဲပဲ အလောင်းအလျာတို့ရဲ့ လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက် နေတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဆိုပြီးတော့ အားတက်သရော စိတ်လိုက် မာန်ပါ အားရပါးရ၊ ရွှင်ရွှင်လန်းလန်း၊ ဝမ်းမြောက်ဝမ်းသာ ရှိရပါ မယ်။ ဒါကြောင့် အလောင်းတော်များ ဘယ်လိုလုပ်ပြီးတော့ ဒါနစတဲ့ ပါရမီတော်တွေကို ဖြည့်လာခဲ့တယ် ဆိုတာ ဒီကနေ့ည ဟောကြ၊ နာကြရအောင် ...။

**" ဒါနနည်းရင် ဆင်းရဲမယ် "**

အခုခေတ် ဒီလိုအားတက်သရော အလောင်းတော်တို့ လုပ်ထုံး ဖြစ်တဲ့ ပါရမီလုပ်ငန်း ဒါနစသည်ကိုပဲ တို့ခေတ်က သရော်လာတဲ့ ခေတ်ဖြစ်ပြန်တော့ သရော်တဲ့ ပုဂ္ဂိုလ်များက သရော်လာကြပြန်တယ် ကိုယ်လဲမလှူဘူး၊ လှူဘို့လဲ ဘယ်တော့မှ စိတ်မကူးဘူး၊ လှူတဲ့ ပုဂ္ဂိုလ်လဲ သရော်သေး၊ ဒါကြောင့် မသရော်ကောင်းဘူး၊ အလောင်း တော်တို့ရဲ့ လုပ်ထုံး အလောင်းတော်တို့ရဲ့ ဖြည့်ကျင့်အပ်တဲ့ ပါရမီ

တရား ၊ ဒါနပါရမီ မပါလို့ရှိရင် ကိုယ့်ပရိတ်သတ် မှတ်ထား ... ။ ဘဝသံသရာ ဆင်းရဲမယ်ချည်းမှတ်ထားကြ ၊ ရှင်ရော လူရော ဆင်းရဲလိမ့်မယ်လို့ ဆိုတာ မှတ်ထား ...။ ။

**"ဓနရှင်က ခေါင်းပုံဖြတ်လို့လယ်လိုးလို့ လို့ စွဲချက်တင်"**

ခေတ်က စွဲချက်တင်ထားသောတာကတော့ ဓနရှင်က ခေါင်းပုံဖြတ်လို့ လယ်လိုးလို့,လို့ စွဲချက်တင်ထား ၊ ခေတ်က စွဲချက်တင်တာ ပြောတာပါ။ မမှန်ဘူးဒီစကား တို့ဘုရားလက်သည် ရှာထားတာက ဒါနမှုမပါလို့မွဲတာတဲ့ ၊ မွဲတယ်ဆိုတာ ဘယ်သူကမှ လည်လိုးတာ မဟုတ်ဘူး ၊ ဘယ်သူကမှ ခေါင်းပုံဖြတ်တာ မဟုတ်ဘူးတဲ့ ၊ ဒါဘုရားက လက်သည်ရှာပြထားတာ။ ဒါနမှုမပါလို့တဲ့၊ဒါနမှုပါတဲ့ပုဂ္ဂိုလ် ဘယ်လိုဘဲ ဖြစ်ဖြစ် ရောင်းရေးဝယ်ရေး မကောင်းဘူးပဲထားဦးတော့ ရောင်းပန်း ဝယ်ပန်း မလှဘူးပဲထားဦးတော့ အဲဒါ ဆင်ပိန် ကျွဲလောက်ဆိုတဲ့ စကားလို သူတို့မှာ ဒါနကောင်းမှု အရှိန်ကလေးနဲ့ သက်တောင့် သက်သာတော့ ဖြစ်သေးတယ်။

**"လူမွဲပြောင် , လူပြောင်မွဲ တရား"**

ကိုယ်က အလကား မနေတဲ့ဘုန်းကြီးကိုး ၊ ပြန်ပြီးတော့ တွေးခေါ်တယ်ပေါ့လေ။အတိတ်အကြောင်းလဲ တွေးခေါ်တယ် ၊ ပစ္စုပ္ပန် အကြောင်းကိုလဲ လေ့လာတယ် ၊ အနာဂတ်အရေးကိုလဲ မျှော်တွေးတယ်၊ပိဋကတ်နည်းအရလောကီနည်းအရ အမျိုးမျိုးတွေးခေါ်ကြည့်တယ်၊"လူမွဲပြောင်,လူပြောင်မွဲ" ။တချိန်တုံးက တို့ပရိတ်သတ်ထဲက နာဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါချင်ပါ,ပါလိမ့်မယ် ၊ "လူမွဲပြောင်, လူပြောင်မွဲ" ဆိုပြီးတော့

တရားဟောတာ တို့လဲနာဘူးတယ် ၊ ဓမ္မကထိက အကျော်ပဲ ၊ ရေချို ရေငံ ဆိုဒါလိုပဲ အထက်အောက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး ကျော်စောတဲ့ ဓမ္မကထိက ဆရာတော်တစ်ပါး ဟောတယ် ၊ "လူမွဲပြောင်, လူပြောင်မွဲ" –အဲဒီတုံးကတော့ သူ့တရား ဘယ်လိုတရား ပါလိမ့်မလဲလို့ မစဉ်းစားဘူး ၊ နာကောင်းတာနဲ့ ကိုယ်လဲ နာတဲ့အထဲပါ,ပါတယ် ၊ အပြီးသတ်တော့ တို့ခေတ်ကို ရည်ပြီးတော့ ပေါ်လာတဲ့ နိမိတ်ပဲလို့ ဆိုတာကိုယ် အခုမှ သဘော ကျတယ်။

"လူမွဲပြောင်" လူမွဲကတော့ ကုန်းကောက်စရာမရှိအောင် ပြောင်ရောတဲ့၊ ပြောင်ပြောင်ရောင်ရောင်နဲ့ နေနိုင်တဲ့လူတွေကတော့ မွဲရောတဲ့ ၊ အဲဒီတုံးက ဟောခဲ့တဲ့တရားကို အင်္ဂလိပ် လက်ထက်တုံးက ဟောခဲ့တဲ့တရား ၊ အခုမှ ကိုယ်က အဓိပ္ပါယ်ကောက် လို့ရတယ်။ ဩော်... တို့ခေတ်ဖြစ်မဲ့ နိမိတ်ကိုလို့

**"ဆင်းရဲသားဝါဒ"**

ပြီး လာသေးတယ် နိုင်ငံရေးခေါင်းဆောင် တစ်ဦးက ဆင်းရဲသားဝါဒတဲ့ ၊ အဲဒီတုံးကတော့ ဟောတာ နိုင်ငံရေး သဘောတရားအရ လုပ်ကြတာဘဲ ၊ ကိုယ်,သာမန် စဉ်းစားတယ် ၊ အခုတော့ မဟုတ်ဘူး။ တစ်တိုင်းပြည်လုံး ဆင်းရဲမဲ့ နိမိတ်ပဲလို့ ကိုယ်သဘောကျလာတယ် ။ ဒါကြောင့် သံသရာမှာ ဒီလို ဖြစ်တဲ့ အဖြစ်ဆိုးမျိုးနဲ့ မကြုံချင်ကြရင်၊ မတွေ့လိုကြရင် ဒါနမှုကို ဝါသနာ ပါကြရတယ်။ ရှင်လဲ ဝါသနာပါပြီးတော့ ဒါနမှုကို ဆောင်ရွက် ရတယ်။ လုပ်ရတယ် ၊ လူလဲ လုပ်ရတယ် ၊ အဲဒီ ဒါနမှုမပါခဲ့ရင် ဘုန်းကြီးဖြစ်ပေတဲ့ ဘုန်းကြီးမွဲကြီး

ဖြစ်တတ်တယ်။ ဒါနမှု မပါတဲ့လူ လူဖြစ်ပေတဲ့ လူမွဲကြီးဖြစ်တတ်တယ်။ မွဲမှာ ဆင်းရဲမှာ ကြောက်ရင် ဒါနကို အားကိုးပြီးတော့ ဒါနမှုကို နည်းများမဆို ပြုရတယ် ... ။

ဒါကြောင့် ဒီနေ့ည ဒါနတရားကို ဟောမယ်လို့ ၊ ဒီတော့ တို့.စရိယာ ပိဋက ပါဠိတော်ကို ဖွင့်ဆိုတဲ့ အဋ္ဌကထာ ပြောတဲ့ အဋ္ဌကထာစကားလေး တို့.ပရိတ်သတ် ဖြန့်.ဖြူးရဦးမယ်။ ဒီ ပါရမီ လုပ်ငန်းနဲ့ ပတ်သက်လို့ ...။

**"သံသရာရဲ့.အားကိုးရာ ဒါန,သီလ,ဘာဝနာ"**

**တေသု စိတ္တပ္ပသာ ဒေါပိ ၊ ဒုက္ခတော ပရိမောစယေ။**

**ပဂေဝါနုကိရိယာ တေသံ ၊ ဝမ္ပသ္သ အနုဝမ္မတော။**

စရိယာပိဋက အဋ္ဌကထာက ပြောတဲ့စကား ကိုယ့်စကား မဟုတ်ဘူး။

**တေသု စိတ္တပသာဒေါပိ ၊ ဒုက္ခတော ပရိမောစယေ ... ။**

**တေသု** – ထိုပါရမီဆယ်ပါး အပြားသုံးဆယ်တို့.ကို ဆည်းပူး တော်မူကြကုန်သော အလောင်းတော်တို့.၌ ၊ **စိတ္တပ္ပသာဒေါပိ** – "ဆည်းပူးနိုင်ပေစွ ဆည်းပူးနိုင်ပေစွ"ဟု စိတ်က ကြည်ညိုခြင်းသည် ပင်လျှင် ၊ **ဒုက္ခတော** – သံသရာ ဝဋ်ဆင်းရဲထဲမှ တစ်မွဲထဲ မွဲပြီးတော့ နေရတဲ့ ဆင်းရဲမှ ၊ **ပရိမောစယေ** – လွတ်မြောက်စေနိုင်တော့၏။

**"ပါရမီတော်ကို ကြည်ညိုရုံမျှနှင့် ဆင်းရဲကလွတ်နိုင်"**

ဘယ်လောက် အားရစရာကောင်းသလဲ အလောင်းတော်တို့. ဆည်းပူးသွားတဲ့ ဒါန ပါရမီတော် စတဲ့ ပါရမီတော်တွေကို ကြည်ညိုရုံ မျှနဲ့ ဆင်းရဲကလွတ်နိုင်ပါတယ်။

**တေသု စိတ္တပ္ပသာဒေပိ၊ ဒုက္ခတော ပရိမောစယေ။**

**ဒုက္ခတော** – သံသရာ ဝဋ်ဆင်းရဲထဲမှ လူမွဲ ရှင်မွဲဆိုတဲ့ ဆင်းရဲတဲ့ အဖြစ်မျိုးမှ၊ **ပရိမောစယေ** – ကောင်းစွာမသွေ လွတ်ကင်းစေနိုင်ပါပေတော့၏။ **ဓမ္မသ** – အလောင်းတော်တို့ ကျင့်ထုံးဖြစ်တဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ် ဟု ဆိုအပ်သောတရားတော်အား ၊ **အနုဓမ္မတော** – ထိုတရားအား လျော်တဲ့တရားအနေအားဖြင့်၊ **တေသံ** _ ထိုရှေးရှေးက ဘုရားရဟန္တာဖြစ်၍ သွားကြကုန်သော အလောင်းတော်တို့၏၊ **အနုကိရိယာ** – အတူလိုက်၍ ကိုယ်က ဒါနစတဲ့ ပါရမီတော်တို့ကို ပြုလုပ်ဆည်းပူးခြင်းသည်၊ **ပဂေဝ** – အဘယ်မှာလျှင်ဆိုဘွယ်ရာစကား ရှိနိုင်ပါတော့အံ့နည်း ...။

( သာဓု သာဓု သာဓု )

အဲဒါကြောင့် အလောင်းတော်တို့ လုပ်ထုံး၊ အလောင်းတော်တို့ ဆည်းပူးတော်မူခဲ့တဲ့ ပါရမီတော်တွေကို ကြည်ညိုရုံမျှနှင့်ပင် ဆင်းရဲက လွတ်ကင်းစေနိုင်ပါတယ်၊ ကိုယ်က အဲဒီ အလောင်းတော်တွေ ဆည်းပူးသလို အတုလိုက်ပြီးတော့ နည်းများမဆို သဒ္ဒါအလျှောက် ပစ္စည်းအလျှောက် ဆည်းပူးပြီးတော့ လုပ်မယ်လို့ဆိုရင် ပြောဘွယ်ရာ မရှိပါဘူးတဲ့၊ အလောင်းတော်တို့ကျင့်ထုံးကို လိုက်နာကျင့်သုံးပြီးတော့ နေတဲ့ အလောင်းအလျာအတန်းအစားမျိုးထဲကပဲ ဖြစ်ပါတယ်တဲ့။

**"ဓမ္မဒါန ပေးဝေ၌"**

ဒါကြောင့် တို့ဒါယကာ၊ ဒါယိကာမတွေ တစ်နေ့ကျတော့ တို့ရော၊ တို့ဒါယကာ၊ ဒါယိကာမတွေရော နိဗ္ဗာန်မှာသွားပြီးတော့

ဆုံကြအုန်းမှာ,နော် ၊ တို့က ဓမ္မဒါန ပေးဝေနေတယ် ၊ ပစ္စယဒါန အာမိသဒါနနဲ့ သာသနာတော်ကို ချည်းမြှောက်ဖော်ရတဲ့ ဒါယကာ ဒါယိကာမတွေကို တစ်သာသနာတော်လုံးမှာ ရှိကြတဲ့ ညီတော် နောင်တော်တို့ ကိုယ်စား ကျေးဇူးကိုတုန့်ပြန်ပြီးတော့ ဝေငှတဲ့ဓမ္မဒါန ဆိုတဲ့ အလှူတော်ကြီးကိုလဲ ဝမ်းမြှောက်ဝမ်းသာ အားပါးတရနဲ့ လက်ခံကြပါလို့ မေတ္တာရပ်ပါတယ်။ တို့ရဲ့လုပ်ငန်းဟာ ဒါပဲ။ သာသနာတော်မှာ ရှိနေကြတဲ့ သူတော်ကောင်းတို့ရဲ့ လုပ်ငန်းဟာ ဒါပဲ။ ကောင်းသောတရားကို ဟောပေးခြင်း ကောင်းသောကျင့်ခြင်း ကို " ဂန္ထဓုရ ဝိပဿနာဓုရ " ဆိုတဲ့ " စာပေသင်ခြင်း ဝိပဿနာ လုပ်ငန်းအားထုတ်ခြင်း " ဆိုတဲ့ အလုပ်ကိုလုပ်ရင် ဒါယကာ ၊ ဒါယိကာမ တွေကို ပြန်ပြီးတော့ ကျေးဇူးဆပ်တယ်မည်တော့တာပဲ။

**"သာသနာတော်နည်းနှင့် ဝေဖန်ချက်"**

ဒါက သာသနာတော်နည်းနဲ့ ဝေဖန်ပြီးတော့ ပြောတာ ၊ သာသနာတော်နည်းအရကတော့ ဒါ,လုပ်ထုံးအစစ်အမှန်ပဲ။ သို့သော် အခုခေတ်အချို့ပုဂ္ဂိုလ်တို့မြင်လာတဲ့အမြင်ကတော့ ဘုန်းကြီးတွေဟာ အလုပ်လက်မဲ့ လှူတာစားသုံးပြီးတော့ အဲဒါ ကျောင်းသင်္ကန်း၊ ဆွမ်း၊ ဆေးဆိုတဲ့ပစ္စည်းလေးပါးတွေ စားသုံးပြီးတော့ လူထုကို ပြန်ပြီးတော့ ဘာမှ ကျေးဇူးမပြုဘူးလို့ ဆိုတဲ့အမြင် မြင်လာကြတယ်။ ဒါ, ခေတ် အမြင်။ သာသနာတော်နည်းလမ်းအရ ဒေသနာတော် နည်းလမ်းအရ မကိုက်ညီဘူး ၊ ဒီအမြင်က တစ်ဘဝထဲ ကိုကြည့်ပြီးတော့ ကျွဲလုပ် ၊ နွားလုပ် ၊ ကုန်းလုပ်တဲ့ အလုပ်မျိုးကို လိုချင်လို့ ဒီအကြည့်နဲ့ကြည့်ပြီး တော့ ဝေဖန်ကြတာ။ ဘယ်သူ

ဝေဖန်တယ်လို့ ကိုယ်မဆိုပါဘူး။

**"လူတွေပေါ်မှာ တာဝန်စီးနေတဲ့လူတန်းစားတစ်မျိုး"**

ဘုန်းကြီးကို ကိုးကွယ်ရာဟူ၍ မမှတ်တော့ဘူး ၊ သံဃာတော်တွေကို ကိုးကွယ်ရာဟူ၍ မထားတော့ဘူး ၊ အတူတူပဲ ၊ သူတို့လဲပဲ လူလိုပဲ စားဝတ်နေရေးနဲ့ နေတဲ့ပုဂ္ဂိုလ်တွေပဲ လူတွေပေါ်မှာ တာဝန်စီးနေတဲ့ လူတန်းစား တမျိုးပဲလို့ ဒီလိုဝေဖန်လာတယ် တို့ခေတ်။ ဒီလို မဟုတ်ပါဘူးလို့ ... ။

လောက အားကိုးရာဆိုတာ ရှိရတယ် ၊ အဲဒီအားကိုးရာဟာ တစ်ဘဝထဲ အားကိုးရတာလဲ ရှိတယ် ၊ သံသရာအတွက် အားကိုးရတာလဲ ရှိတယ် ၊ နိဗ္ဗာန်အတွက် အားကိုးရတာလဲ ရှိတယ်။ ။

တစ်ဘဝထဲအတွက် အားကိုးမယ်လို့ဆိုလို့ရှိရင်တော့ အဲဒါ မျက်မြင်လောက်ကို ကြည့်ပြီးတော့ အလုပ်လုပ်ဘို့လိုအပ်တယ် ၊ သံသရာအတွက် အားကိုးဘို့ဆိုလို့ရှိရင်တော့ အဲဒါ အခု ပြောခဲ့တဲ့ သုစရိုက်တရားတို့ ၊ ဒါနတရားတို့ ကင်းပြီးတော့ သံသရာမှာ အားကိုးစရာ မရှိဘူး။ နိဗ္ဗာန်အတွက် အားကိုးစရာဆိုလိုရှိရင် ရတနာသုံးပါး ကျင့်ဝတ်တရား ၊ ပါရမီတရား ၊ ဒါ,နိဗ္ဗာန်အတွက် အားကိုးရာတရား ၊ နိဗ္ဗာန်လိုချင်ပါတယ် ဆိုလို့ရှိရင် ရတနာသုံးပါးကိုလဲ ဆည်းကပ်ရမယ် ပါရမီဆယ်ပါး တရားကိုလဲ ဖြည့်ကျင့်ရမယ်။ ဒါန ၊ သီလ ၊ ဘာဝနာ ဆိုတဲ့ လုပ်ငန်းတွေကိုလဲ လုပ်ပေးရပါမယ်။ ဒါမှ တဖြေးဖြေး နိဗ္ဗာန်နဲ့ နီးစပ်တယ်။

## "ရဟန္တာ ဖြစ်မှ ဘဝကုန်"

သံသရာရဲ့ အားကိုးရာ သံသရာမှာ လူဆင်းရဲ နတ်ဆင်းရဲကြီး မဖြစ်ချင်ပါဘူးဆိုရင် ဒါန ၊ သီလ လုပ်ငန်းကို ကြိုးပမ်းပြီးတော့ အားထုတ်ရမယ်။ ဒါ, သံသရာအတွက် အားကိုးရာတရား ၊ အခု တစ်ဘဝထဲပဲ အားကိုးပါတယ် ဆိုရင်တော့ လုပ်ချင်တာလုပ် ၊ ဘဝသံသရာ မတွေးခေါ်ပါဘူး ၊ ဘဝဆိုတာ ဒီတစ်ဘဝထဲပဲ ရှိပါတယ်လို့ ယုံကြည်ရင် လုပ်ချင်တာလုပ် ၊ ယုံကြည်ရင်သာ ယုံကြည်ရမယ်၊ ဘဝဆိုတာ ရဟန္တာဖြစ်မှ ကုန်တယ် ၊ ရဟန္တာ မဖြစ်မချင်း ဘဝမကုန်ပါဘူး ၊ ကိုယ့်ပရိတ်သတ် ဒါကတော့ မှတ်ထား။ ဘယ်လိုပြောပြော ဘယ်လိုဆိုဆို ရဟန္တာဖြစ်မှ ဘဝကုန်တယ် ၊ ရဟန္တာမဖြစ်ရင် ဘဝ မကုန်ဘူး ၊ ရှိနေတာပဲ။ ကိုင်း, ဒါနဲ့ပတ်သက်လို့ ဒါလောက်ပဲ ပြောကြစို့ ---- ။

## "အလောင်းတော်တို့ လုပ်ဆောင်ချက်"

ဒါကြောင့် ဒါနမှုကို ပြုချင်စရာလို့ ဆိုပြီးတော့ အလောင်းတော်တို့ ပြုခဲ့တဲ့ ထုံး " အလောင်းတော်တို့လုပ်ဆောင်ချက် ဘုရားဟောမြွက်အကိတ္တိဇာတ် " ပုံ , သက်သေထုတ်ပြီးတော့ တို့ဟောမယ် ပြောမယ်လို့ ဝန်ခံထားခဲ့တဲ့အတိုင်း တို့ဒေသနာတော် စကြစို့ --။

**ယဒါအဟံ ဇမ္ဗုဟာရညေ ၊ သုညေ ဝိပိနကာနနေ။**

**အဇ္ဈော ဂါဟေတွာ ဝိဟရာမိ ၊ အကိတ္တိနာမ တာပသော။**

**အဟံ** – ငါဘုရားသည် ၊ **ယဒါ** – အကြင်အခါကာလ၌ ၊ **အကိတ္တိနာမ** – အကိတ္တိအမည်ရှိသော ၊ **တာပသော** – ရသေ့သည် ၊ **ဟုတွာ** – ဖြစ်၍ ၊ **သုညေ** – တိတ်ဆိတ်လှစွာသော ၊ **ဝိပိနကာနနေ** –

ခြုံပိတ်ပေါင်းတို့ဖြင့် ကောင်းစွာ ထူထပ်၍ နေသော ၊ **ဗျဂ္ဃာရဋ္ဌေ** – လူသူမနီး တောမြိုင်ကြီးထဲ၌ ၊ **အဇ္ဈောဂါဟေတွာ** – သက်ဝင်၍ ၊ **ဝိဟရာမိ** – အဖော်မမှီး တကိုယ်တည်းဖြင့် ကျင့်သုံး၍ နေထိုင်ခဲ့ပါတော့သတည်း ...

( သာဓု သာဓု သာဓု )

## "တရားဟောရန် ရှင်သာရိပုတ္တရာတောင်းပန်"

အဲဒါ, တို့ဘုရားက သမ္မာသမ္ဗုဒ္ဓအစစ် အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ရပြီးသည့်နောက်မှ ဘုရားဖြစ်ပြီးလို့ ပြန်ပြီးတော့ ဟောထားတဲ့ ဒေသနာတော်။

**ယဒါအဟံ ဗျဂ္ဃာရဋ္ဌေ ၊ သုညေ ဝိပိနကာနနေ။**

**အဇ္ဈောဂါဟေတွာ ဝိဟရာမိ ၊ အကိတ္တိနာမ တာပသော။ ။**

ဒီတော့ ဒါက စရိယာ ပိဋက ပါဠိတော် အခု ရွတ်တာက အကိတ္တိ စရိယာ ပိဋက ပါဠိတော်ကိုတော့ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ တောင်းပန်လို့ ဟောပါတယ်၊ ပစ္စုပ္ပန် စရိယာ ပိဋက ပါဠိတော်မှာပါတဲ့ ဒေသနာတော်ကိုတော့ ရှင်သာရိပုတ္တရာ တောင်းပန်လို့ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ အကြောင်းပြုပြီးတော့ ဟောပါတယ်။

## "ခုနစ်ရက် ခုနစ်လီ ဆွမ်းကျွေးပြီ"

အတိတ်ကဖြစ်ခဲ့တဲ့ အကိတ္တိရသေ့ကြီးရဲ့ ဇာတ်ဟောင်းကိုတော့ သာဝတ္ထိမြို့ ဆွမ်းဒါယကာ တစ်ယောက်က ခုနစ်ရက်တိတိ ဘုရားအမှူးရှိတဲ့ သံဃာတော် ငါးရာ မွန်မြတ်တဲ့ ခဲဘွယ်၊ ဘောဇဉ်၊ ချိုချဉ် အရသာတို့ဖြင့် တင်းတိမ်အားရလောက်အောင် ခုနစ်ရက်

တိတိ လုပ်ကျွေးပြီးတော့ ခုနစ်ရက်မြောက်တဲ့ နေ့ကျတော့ ဆွမ်းစားပြီးသည့် အဆုံးမှာ ရှစ်ပါးသော ပရိက္ခရာတို့ကို ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူဒါန်းတယ် ၊ အဲဒီ လှူဒါန်းလို့ ခုနစ်ရက်မြောက်တဲ့နေ့မှာ မြတ်စွာဘုရားက ပရိသတ်ပွဲအလယ်ထဲမှာ -- ဒါယကာကို ဒါယကာတဲ့ မင်းလှူဒါန်းတာဟာ ရှေးက အလောင်းတော်တို့ လှူဒါန်းတဲ့ ထုံးကဲ့သို့ အင်မတန် ကြီးကျယ်တဲ့ အလှူအတန်းကြီးကို မင်းပြုလုပ်ပေတာပဲလို့ ဆိုပြီးတော့ မြတ်စွာဘုရားက အနုမောဒနာ ဒေသနာ ကိုယ်တိုင် ဟောတော်မူတယ်။ အဲဒါ, ဘုရားကိုယ်တိုင် အတိတ် ဘဝတုံးက အလောင်းတော်ဘဝက ဆည်းပူးခဲ့တဲ့ ဒါနပါရမီအကြောင်းကို ပြန်ပြီးတော့ ဟောတယ် ၊ ဒါက ဇာတ်မှာလာတာ ဒီအတိုင်းလာတယ်။

စရိယာ ပိဋကမှာ လာတာကတော့ ကိုယ်အခု ရွတ်ခဲ့တဲ့ပါဠိက စပြီးတော့ အားလုံးအစအဆုံး ဆယ်ဂါထာလောက် ရှိမယ်ပေါ့ ၊ နှစ်ဂါထာ သိပ်ပြီးတော့ မသက်ဆိုင်လှလို့ ချန်ထားခဲ့တယ်။ အားလုံး ခုနစ်ဂါထာ ရှစ်ဂါထာဆိုပါတော့ ၊ ဒီတော့ ...

**" အကိတ္တိလေး သူဌေးမည်တွင် "**

**ယဒါအဟံ ဗြဟာရညေ ၊ သုညေ ဝိပိနကာနနေ။**

**အဇ္ဈောဂါဟေတွာ ဝိဟရာမိ ၊ အကိတ္တိနာမ တာပသော ။ ။**

ဒီဂါထာ ရွတ်လဲပြီးပြီ ၊ အနက်လဲ ပေးခဲ့ပြီ ၊ ဒါလောက်နဲ့ အဓိပ္ပါယ်မပေါ်ဘူး၊ ရှေးကတဲ့ ဒါက ဇာတ်အဋ္ဌကထာမှာရော ၊ စရိယာပိဋက အဋ္ဌကထာမှာရော ဒီဂါထာရဲ့ အဓိပ္ပါယ် အကျယ်ကို ပြောပြန်တယ်။ အဲဒီ အဓိပ္ပါယ်ကိုတို့ပရိသတ်နာရမှ သန့်သန့်ရှင်းရှင်းရှိမယ်

နားလည်မယ်ပေါ့ ၊ ရှင်းရှင်းလင်းလင်း နားလည်မယ်ပေါ့ ၊ ကုဋေ ရှစ်ဆယ် ကြွယ်ဝတဲ့ အမျိုးသား ၊ အဲဒီ, အမျိုးသားကို အကိတ္တိလို့ မိဘများက နာမည်ပေးထားတယ်။ အမျိုးအားဖြင့် ပုဏ္ဏားမျိုး ၊ အဲဒီ သားကလေး မတ်တတ်ပြေး နို့ညှာ အရွယ်ကလေးရောက်တော့ အမျိုးသမီးတစ်ယောက် နောက်ထပ် ဖြစ်ထွန်းပြန်တယ်။ အဲဒီ, အမျိုး သမီးကလေးကိုတော့ ယသဝတီလို့ အမည်ပေးထား ၊

## "အရွယ်ရောက်လာ ပညာရှာ"

ယသဝတီတဲ့ မောင်ကြီးက အကိတ္တိ ၊ နှစ်မကလေးက ယသဝတီ ၊ မောင်ကြီးဖြစ်တဲ့ အကိတ္တိသတို့သားက အရွယ်ရောက်လာတော့ တက္ကသိုလ်တိုင်းပြည် သွားပြီးတော့ ပညာသင်။ ပညာသင်လို့ ပညာများ စုံလင်တဲ့အခါ မိဘရပ်ထံပြန် ။ ဗာရာဏသီမြို့ မိဘများရပ်ထံရောက် ၊ ရောက်လို့ မိဘများနဲ့ အတူနေရင်း, နေရင်းက မိဘများက ကွယ်လွန်သွား ၊ ကွယ်လွန်သွားတော့ မိဘများ မီးသင်္ဂြိုဟ်တဲ့ ကိစ္စ ဆောင်ရွက်ပြီးစီး တော့ အိမ်မှာ အုပ်ချုပ်ပြီးတော့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်က သူဌေးသားတဲ့ အရှင်သူဌေးသားရဲ့ ဘိုးဘွား၊ မိဘများလက်ထက်က စုဆောင်း ထားတဲ့ ပစ္စည်းတွေ ကြည့်တော်မူပါ ။ စာရင်းနဲ့တကွ အပ်နှင်းပါမယ် ဆိုပြီးတော့ အကိတ္တိသူဌေးသား ခေါ်ပြီးတော့ ပစ္စည်းတိုက်တွေ ဖွင့်ဖွင့် ပြီးတော့ ဒီပစ္စည်းက ဤ၍ဤမျှ ရှိပါတယ်။ ရွှေက မည်၍ မည်မျှ၊ ငွေက မည်၍ မည်မျှ၊ ကျောက်မျက်ရတနာက မည်၍ မည်မျှ စာရင်းအင်းနဲ့တကွ အကုန်လုံးရှင်းပြ။ လယ်ယာချောင်းမြောင်းက မည်၍ မည်မျှ ၊ ကျေးကျွန်က မည်၍ မည်မျှ စသည်ဖြင့် ရှင်းလင်း ပြီးတော့ ပြတယ်။

## " ပါရမီကံနိုးဆော် သံဝေဂဉာဏ်ပေါ် "

နားထောင်ရင်း ၊ နားထောင်ရင်း အလို, ပစ္စည်းတွေသာ အခုရှင်းလင်းပြီးတော့ ပြလို့ မျက်မြင်ကိုယ်တွေ့ ဘဏ္ဍာတော်တိုက်တွေ ဖွင့်လှစ်ပြီးတော့ ပြလို့ မျက်မြင်ကိုယ်တွေ့ နားလည်းကြားနေရတယ်။ စာရင်းအရ မျက်စေ့နဲ့လည်း မြင်နေရတယ်။ ဒီပစ္စည်းကို စုဆောင်းတဲ့ ပုဂ္ဂိုလ်တွေ တစ်ယောက်မှ မရှိတော့ပါပဲလားလို့ အလို, ပါရမီကံ ဉာဏ်က နိုးဆော်ပြီးလာတော့ သံဝေဂဉာဏ် သက်လာတယ်။ ပစ္စည်း ရှာတဲ့လူတွေဖြင့် မရှိကြတော့ဘူး ၊ ပစ္စည်းတွေတော့ ကျန်ရစ်ခဲ့ပြီ။ ဒီပစ္စည်းတွေတော့ သူတို့လို ငါချန်မထားခဲ့ဘူး ၊ ငါ, ပါအောင်ယူသွား မယ် ဆိုတဲ့နည်းနဲ့ အလောင်းတော် ဒီ, စိတ်ကူးပေါ်လာတယ်။ ပေါ်လာ တော့ တို့မောင်နှမ ကလေးနှစ်ယောက် ကျန်နေခဲ့တယ်။ ငါ့သဘော အတိုင်း ငါလုပ်လို့ မတော်သေးဘူး။ " မောင်ကြီးတော့ , အဘအရာ" ဆိုတာလို "အမကြီးတော့ အမိအရာ" ဆိုတာလို ငါသည်ပင်လျှင် မိဘသဖွယ်ဖြစ်ပြီတော့နေတယ် ၊ ငါ့နှမကလေးကို တိုင်ပင်ဦးမှပဲ။ အလောင်းတော်ဆိုတာ ဘယ်တော့မှ ရှေ့နောက် မစဉ်းစားပဲနဲ့ အရမ်းမဲ့ မလုပ်ဘူး ၊ ကိုယ့်သဘောနဲ့ တိုင်ပင်သင့် တိုင်ပင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို တိုင်ပင်တယ်။ လွှဲသင့်, လွှဲထိုက်တဲ့ ပုဂ္ဂိုလ်ကို လွှဲတယ်။ ပြောသင့်, ပြောထိုက်တဲ့ ပုဂ္ဂိုလ်ကို ပြောတယ်။အလောင်းတော်က ငါတကော ဘယ်တော့မှ မကောဘူး၊ နေရာတကာ ငါ, အတတ်ချည်း ဘယ်တော့မှ မလုပ်ဘူး၊

## "မောင်ကြီးနဲ့အတူ တောထွက်မယ်"

ဒီတော့ ငါ့နှမကလေး ယသဝတီ အရွယ်လည်းရောက်နေပြီ။ သူလဲ စကားပီ နားကြားလိမ္မာရေးခြား ရှိလာပြီ ၊ နှစ်မကလေးခေါ်ပြီး တိုင်ပင်မှပဲ ဆိုပြီးတော့ ယသဝတီဆိုတဲ့ နှမကလေးခေါ်ပြီးတော့ တိုင်ပင်တယ်။ ငါ့နှမ, အခု "အာယုဒ္ဓက"ခေါ်တဲ့ ပစ္စည်းထိမ်းရတဲ့ ပစ္စည်းထိမ်းကြီးကဖြင့် တို့.ကို ဘယ်၍ ဘယ်မျှ ရှိတယ်ဆိုတဲ့ စာရင်းတွေနဲ့ ပစ္စည်းတွေအကုန်လုံး အပ်နှင်းပြီး ၊ ငါ့နှမ ဒီပစ္စည်းတွေ အကုန်ယူပြီးတော့ ငါ့နှမ,သဘောအတိုင်းသာ နေရစ်ခဲ့တော့။ မောင်ကြီးဘယ်လို သဘောထားလို.လဲ၊ ဘယ်လိုကြံလို.လဲ။ နှမလေးရယ်တဲ့ မောင်ကြီးတော့ ပစ္စည်းတွေ စုတဲ့လူများက စုပြီးတော့ ထားပြစ်ခဲ့ပေတယ်လို. ပစ္စည်းတွေသာ ရှိရစ်ခဲ့တယ်။ စုတဲ့လူတွေ မရှိတော့ဘူး ၊ ငါလဲ တနေ့ကျတော့ ဒီလိုပဲ ဒီပစ္စည်တွေကို စွန့်ပြီးတော့ သွားရလိမ့်မယ်။ ဒါကြောင့် ဒီပစ္စည်းတွေ ကုဋေရှစ်ဆယ်ဆိုတဲ့ ပစ္စည်းတွေနှမလေးသဘောအတိုင်း ကြိုက်သလို စီမံပါတော့ ပါရမီရှင်။ ဒီလိုပြောလိုက်တယ်ဆိုရင် နှမကလေး ယသဝတီက မောင်ကြီးရယ်, ဘယ့်နဲ့ပြောတာတုံး ၊ မောင်ကြီး မလိုလားလို. မခံစားချင်တဲ့ ပစ္စည်းတွေကိုစွန့်ပစ်ထားခဲ့လို.ရှိတာဖြင့် မောင်ကြီးထွေးပစ်တဲ့တံတွေးနဲ့ တူပါတယ် မောင်ကြီးထွေးပစ်တဲ့ တံတွေးကို နှမကလေးက ဝမ်းမြောက်ဝမ်းသာနဲ့နှစ်နှစ်သက်သက် ကောက်ပြီးတော့ မျိုတာနဲ့ တူပါတယ်။ နှမကလေးလဲ တောထွက်ပြီးတော့ပဲ လိုက်ပါမယ်။ ဖြစ်ကြရော ငါ့နှမ မလိုက်နဲ့လို. မဆိုဘူး။ သူတော်ကောင်းတရား ကျင့်သုံးဘို.ကိစ္စကို ၊ ဒါဖြင့်လိုက်ခဲ့ပါ။

## " ယူချင်သူယူ အကုန်လှူ "

ဗာရာဏသီမင်းထံ သွားပြီးတော့ မြို့စည်လှည်ပါဘုရား ၊ ဘာလုပ်မလို့တုံး ၊ ဘာအလိုရှိလို့လဲ ၊ အကိတ္တိဗြာဟ္မဏ ခေါ်တဲ့ ပုဏ္ဏား ကလေး အိမ်လာပြီးတော့ ပစ္စည်းယူနိုင်ပါတယ်လို့ ဆိုတာဘုရား ၊ မင်းမိန့်နဲ့ ကြေငြာပေးပါ။

ဒီတော့ အကိတ္တိ သူဌေးသားတောင်းပန်တဲ့ အတိုင်းပဲ ရှင်ဘုရင်က ဗာရာဏသီမြို့ကြီးတစ်မြို့လုံး လှည့်ပတ်ပြီးတော့ လမ်းကြိုလမ်းကြားကမှ မကျန်ရအောင် အကုန်လုံး စည်လှည့်ခိုင်းတယ်။ မောင်းအတီးခိုင်းတယ်။ ကြေငြာပြီးတော့ ၊ လာလိုက်ကြတဲ့ လူအလုံး ပပကဆိုင် တိုးနေတာက ရှုံးဦးမှာပေါ့ ၊ ဟုတ်လား။

## "ပစ္စည်းလှူပွဲ ဆိုင်းဘုတ်ဆွဲ"

လာလိုက်ကြတာ လူအလုံး ပစ္စည်းတွေ အလကားပေးနေတာပဲ လူဆို ဒါအလကားပေးလဲ ယူတာပဲ ၊ အလကားမပေးပဲနဲ့လဲ ယူတာပဲ ၊ ဒါသိပ်ထင်ရှားတယ် ၊ သူများပစ္စည်းကို ယူရမယ် ဆိုလို့ရှိရင် အမလေး, လက်မနှေးဘူး။ ဒါနဲ့ ဘာသောမပြောနဲ့ ခုနစ်ရက်တိတိပဲ ပစ္စည်းတွေကြည့်ပြီးတော့ လိုသလို အချိုးကျ စွန့်ကြဲနေတာ ၊ ခုနစ်ရက်မြောက်တဲ့နေ့ကျတော့ ဟာ, ဒီပစ္စည်းတွေ ဒီလိုချည်း ယူပြီးတော့ စွန့်ကြဲနေရရင် အဲဒါ တစ်လနဲ့လဲ ပြီးမှာ မဟုတ်ဘူး နှစ်လနဲ့လဲ ပြီးမှာ မဟုတ်ဘူး။

" ဒိန္နသောဝဟာရန္တို " - စာကြီးဆွဲလိုက်တယ် ၊ ဆိုင်းဘုတ်ကြီးဆွဲလိုက်တယ် ၊ ဒီပစ္စည်းတွေဟာ အကုန်စွန့်ပြီးပါပဲ။ လိုချင်တဲ့လူ ယူကြရော့ ၊ မြို့ပေါ်ကရော ၊ နယ်က ရော ၊ ဘာကရော၊ မင်းကတော့ ယူတယ်လို့ စာထဲမပါဘူး ၊ မြို့သူ မြို့သား၊ နယ်သူ နယ်သားတွေ ယူကြတာပဲရှိတယ် ၊ အဲဒီတုံးက မင်းယူတာ မပါဘူး ၊ စာထဲမှာ ကိုယ်မတွေ့ဘူး ၊ မတွေ့တာ ပြောပါ တယ် ၊ ကိုင်း, ရှိစေ။

### " လှူပြီးပြန်က တောထွက်ကြ "

တောထွက်သွားတော့ဆွေရိပ်မကင်းမျိုးရိပ်မကင်း သံယောဇဉ် ဖြစ်တဲ့သူတွေက တောမထွက်ပါနဲ့ ၊ ငိုကြ ယိုကြ ရင်တမမနဲ့ တောင်းပန်ကြ တားကြဆည်းကြ ဘယ်သူ့မှ ဂရုမစိုက်ဘူး ၊ မတုန် လှုတ်ဘူး ၊ ဗာရာဏသီ မြစ်ကမ်းတဖက် ကူးသွားတော့ အဲဒီ အကိတ္တိ သူဌေးသား ထွက်သွားတဲ့ မြို့တံခါးကို အကိတ္တိတံခါးလို့တခါထဲ ကမ္ပည်းထိုးလိုက်တယ်။ သာမန် မဟုတ်ဘူး ၊ ဒါလောက် ကုဋေ ရှစ်ဆယ်ကို ရက်ရက်စက်စက် စွန့်ပြီးတော့ သွားတဲ့ပုဂ္ဂိုလ်ဆိုတော့ ဥဒါန်း တွင်ရစ်ရမယ်ဆိုတဲ့မှုမျိုးနဲ့ အဲဒါ မြို့သူမြို့သားကရော ရှင်ဘုရင်ကရော အကိတ္တိတံခါးဟူ၍ ကမ္ပည်းထိုး ၊ နောက်,အဲဒီ အကိတ္တိ သတို့သား နှမကလေးနဲ့ ကူးသွားတဲ့ ဆိပ်ကမ်းကို အကိတ္တိ ဆိပ်ကမ်းလို့ ကမ္ပည်းထိုး၊ နောင်လာနောက်သားတွေ သတိရအောင် ဒါလောက်များတဲ့ ကုဋေရှစ်ဆယ် ပစ္စည်းတွေ စွန့်ပြီးတော့ ထွက်သွား တဲ့ သူဌေးသား မောင်နှစ်မလို့ဆိုတာ သိရအောင် တခါထဲ ကမ္ပည်း ထိုးပြီးတော့ထား ၊

## "လာဘ်လာဘ အသွယ်သွယ် ဓမ္မန္တရာယ်"

ဒီတော့မှ ဂင်္ဂါမြစ် တစ်ဘက်ကမ်းကူးပြီးတော့ သုံးယူဇနာလောက် ဝေးတဲ့ အရပ်သွားပြီးတော့ သီတင်းသုံးကြတယ်။ ကုဋေရှစ်ဆယ် ချမ်းသာတဲ့ သူဌေးသား မောင်နှမ နှစ်ယောက် ကုဋေရှစ်ဆယ် စွန့်ပြီးတော့ ရသေ့အဖြစ်နဲ့ တောထွက်လို့ သီတင်းသုံး နေသတဲ့ ဆိုတော့ သူတို့လို သူတော်ကောင်း စရိုက်ရှိတဲ့ပုဂ္ဂိုလ်တွေက လိုက်ကြတာ ပရိတ်သတ်ကြီး မနဲဘူး၊ အဲဒါ ပရိတ်သတ်ကြီးနဲ့ တရုံးရုံး ဖြစ်နေတော့ အဲဒီ အချိန် အကိတ္တိ ရသေ့လေးက စဉ်းစားတယ်တဲ့၊ ငါ, ဒီ ပရိတ်သတ်လိုလားလို့ တောထွက်ခဲ့တာ မဟုတ်ဘူး ၊ အခု ပရိတ်သတ် အင်မတန်များနေပြီ၊ လှူဘွယ်တန်းဘွယ် ပူဇော်သက္ကာရ တွေလဲ အလွန်များနေပြီ ၊ ဒါတွေလိုလားလို့ ငါ,တောထွက်ခဲ့တာ မဟုတ်ဘူး ၊ ဒါတွေကို လိုလားရင် ငါ့စည်းစိမ်နဲ့ငါ နေမှာပေါ့။ အခု ငါ့စည်းစိမ်တောင်မှ ငါ,မလိုလားလို့ ထွက်လာခဲတာ အခု ပရိတ်သတ် နဲ့ လာဘ်လာဘတွေနဲ့ ရှုတ်ထွေးပွေလိမ်ပြီးတော့ နေတာ ငါမတော် သေးဘူး ၊ ငါ တရားအားထုတ်ခွင့် မရဘူးဆိုပြီးတော့ စိတ်ကူးပေါ် လာတယ်။

## "တစ်ကိုယ်တည်းသာ တရားရှာ"

တို့ခေတ်တော့ ပရိတ်သတ်နဲ့ လာဘ်လာဘ ရှာနေတယ်၊ ဟင်။ ဘယ်သူရှာတယ်လို့တော့ ကိုယ်မပြောလိုပါဘူး ၊ ကြားလား၊ ပရိတ်သတ်လဲ ရှာတာပဲ။ လာတ်လာဘလဲ ရှာတာပဲ ၊ ရိုးရိုးနဲ့ရှာလို့ မရတော့ လိမ်ကြတာပဲ၊ ကိုင်း, ရှိစေ ၊ အဲဒါနဲ့ သံဝေဂ ဖြစ်ပြီးတော့ ငါတော့ သွားလေဦးမှပဲ ဆိုပြီးတော့ အဲဒီကနေပြီးတော့ တစ်ယောက်

ထဲ ထွက်ပြီးတော့သွား ၊ တစ်ယောက်ထဲသွားတော့ အခြားတစ်နေရာ ရောက် ၊ ဘယ်နေရာ ရောက်သွားသလဲလို့ဆိုတော့ ဒမိဠတိုင်း ရောက်သွားတယ်တဲ့ ၊ ဒမိဠတိုင်းဆိုတာ မဒရပ်ပြည် တောင်ပိုင်း အစွန်ကို ဒမိဠတိုင်းခေါ်တယ်။ မဒရပ်ပြည်တောင်ပိုင်း ၊ အဲဒီအရပ် သင်္ဘောဆိပ်တစ်ခု အနီးအနားမှာ အရိပ်အာဝါသ ကောင်းတဲ့နေရာမှာ တရားအားထုတ်ပြီးတော့ နေပြန်တော့ အဲဒီလို ပရိတ်သတ်ကြီး အခုလိုပဲ စည်စည်ကားကားဖြစ်ပြီးတော့ တရုံးရုံးနဲ့ ပူဇော်လာဘ်သပ် ပကာ တွေနဲ့ ဖြစ်နေပြန်ရော။

**"အပေါ်မမှီး တစ်ကိုယ်တည်း ကေစာရီကျင့်သုံးပြီ "**

အဲဒီကနေပြီး သံဝေဂဖြစ်ပြန်တယ် ၊ ဒီတော့ ဗာရာဏသီ မြစ်ကမ်းသုံးယူဇနာ ဝေတဲ့ အရပ်က ထွက်ခွာသွားတုံးက အင်မတန် ချစ်တဲ့ အတူတူ တောထွက်လာခဲ့တဲ့ နှစ်မလေးတောင် အကြောင်း မကြားခဲ့ဘူးတဲ့၊ တစ်ယောက်ထဲ ထွက်သွားတယ်။ ဒါကြောင့် ပြောတာ ပေါ့ "ရက်စက်မှ ကျေကွဲ၊ ရဲမှ မင်းဖြစ် " ဆိုတာလို ဒီသံယောဇဉ်လေး တွေကို ငဲ့၍ ငဲ့၍ နေရင် ဘယ်တော့မှ လုပ်ငန်းမအောင်မြင်ဘူး ၊ သာသနာတော် လုပ်ငန်းပြောတာ ၊ ဘယ်တော့မှ မအောင်မြင်ဘူး ၊ ဒီတော့ ကျန်ရစ်ခဲ့တဲ့မောင်နှမ ကလေး နှစ်ယောက် တောထွက်တော့ လဲ အတူတူပဲ ၊ လိုက်လာတဲ့ နှမကလေး အသိမပေးဘူးတဲ့ ၊ တစ်ယောက်ထဲထွက်သွား ၊ ဒမိဠအရပ်ရောက် ၊ အဲဒီအရပ်မှာ ကြာမြင့်စွာ နေပြန်တော့ ဒီလိုပဲ ပရိတ်သတ်တွေနဲ့ စည်စည်ကားကား ဖြစ်လာပြန်တယ် ၊ စက်ဆုတ်တယ် ၊ စက်ဆုတ်တော့ ဒီအရပ်လဲ ငါ့နေလို့ မဖြစ်သေးဘူး ၊ ဒီလိုဆိုရင် ငါ့လိုလားအပ်တဲ့ တရား

သာသနာ့...ပြည့်
၂၄၄၆ ၈ ...ရန်ကုန်။

ပေါက်မြောက်မှာ မဟုတ်ဘူးဆိုပြီးတော့ ထွက်သွားပြန်တယ် ၊ ဘယ်သွားတုံး ဆိုတော့ သီဟိုဠ်ကျွန်းဆွယ်နားဆီက ကာရဒီပလို့ ဆိုတဲ့ ကျွန်းငယ်လေးတစ်ခုရောက်သွား ၊

## "ကန်ဗျည်းပင်အောက်မှာ တရားရှာ"

အဲဒီ ကျွန်းငယ်ကလေးကျတော့မှ တစ်ယောက်ထဲ တောကြီးမျက်မဲထဲမှာ သခ်မ်းကျောင်း ကလေး ဆောက်ပြီးတော့ နေတယ် ။ ကာရရုက္ခဆိုတဲ့ ကန်ဗျည်းပင် ကြီးရဲ့ အောက်မှာ တဲကလေးထိုးပြီးတော့ နေတယ် ၊ ဘယ်လောက် ကျင့်လိုက်တယ် ဆိုတာတော့ မပြောနဲ့ တခြားသွားပြီးတော့ စားစရာ မရှာဘူးတဲ့ ၊ အဲဒီ အပင်ကြီးက အရွက်နုထွက်တဲ့အချိန် ၊ အဲဒီ အရွက်ကိုပဲ ရေနွေးကလေးနဲ့ ပြုတ်ဖျော့ပြီးတော့ ဆားမပါ ဆီမပါနဲ့စားပြီး တော့ တရားအားထုတ်တယ်တဲ့။

## "ပင်လယ်ရေဝိုင်း လေပူလှိုင်း"

တစ်ယောက်ထဲ တစ်ယောက်ထဲ အဲဒီ ကန်ဗျည်းရွက်ကို ပြုတ်ထားတာ ဆားလဲမပါဘူး ၊ ဆီလဲမပါဘူး။ အဲဒါလေး ရေနွေးဖြော ပြီးတော့ အဲဒီအရွက်ကလေး စားပြီးတော့ တရားအားထုတ်နေတယ်။

အနို့ သူနေတဲ့အရပ်က ဘယ်လိုအရပ်တုံး ဆိုတော့ ကျွန်းငယ်ကလေး ၊ ဘေးက ပင်လယ်ရေတွေ ဆားငံရေတွေ ဝိုင်းလို့ တစ်ခါတစ်ခါ နွေ နေပူတဲ့ရာသီ ဆိုလို့ရှိရင် လေပူလှိုင်းကြီးတွေက တိုက်သေးတယ်။ ဒါပေတဲ့ - ဥတုရာသီကိုလဲ ဘာမှ ဂရုမစိုက်ဘူး။ စားရေး သောက်တာကိုလဲ ဘာမှ ဂရုမစိုက်ဘူး။ နေရေးထိုင်ရေးကိုလဲ ဘာမှ ဂရုမစိုက်ဘူး ။ ဒီတော့ အခုခေတ် အပြောနဲ့ပြောလို့ရှိတာဖြင့်

စား၀တ်နေရေး ဘာမှ မစဉ်းစားဘူး ၊ သူ့တရားလောက်ပဲ သူအားထုတ်တယ်။ အဲဒီလို အားထုတ်ပြီးတော့ နေရာသုံးခုအထိ ပြောင်းပြီးတော့ အဲဒီလို တရားအားထုတ်နေတဲ့ အဖြစ်ကို စရိယာ ပိဋက ပါဠိတော်က–

**ယဒါ အဟံ ဗြဟာရညေ ၊ သုညေ ဝိပိနကာနနေ။**

**အဇ္ဈောဂါဟေတွာ ဝိဟရာမိ ၊ အကိတ္တိနာမ တာပသော။ ။**

ဘုရားဖြစ်တော့ ပြန်ဟောတာ ၊ သာမန်မဟုတ်ဘူး ၊ ရှင်သာရိပုတ္တရာ တောင်းပန်လို့ ဟောတာ ၊

**"အကိတ္တိနာမ ရသေ့ဘဝ"**

**ယဒါ** – အကြင်အခါကာလ၌ ၊ **အဟံ** – ငါအလောင်းတော်သည် ၊ (သို့မဟုတ်) **အဟံ** – ငါဘုရားသည် ၊ **အကိတ္တိနာမ** – အကိတ္တိအမည်ရှိသော ၊ **တာပသော** – ရသေ့သည် ၊ **ဟုတွာ** – ဖြစ်၍ ၊ **သုညေ** – တိတ်ဆိတ်လှစွာသော ၊ **ဝိပိနကာနနေ** – ခြုံပိတ်ပေါင်းတို့ဖြင့် ကောင်းစွာ ထူထပ်၍ နေသော ၊ **ဗြဟာရညေ** – လူသူမနီး တောမြိုင်ကြီးထဲ၌ ၊ **အဇ္ဈောဂါဟေတွာ** – သက်ဝင်၍ ၊ **ဝိဟရာမိ** – အဖော်မမှီး တကိုယ်တည်းဖြင့် ကျင့်သုံး၍ နေထိုင်ခဲ့ပါတော့ သတည်း ... ။

( သာဓု သာဓု သာဓု )

**" ပဏ္ဏာကမ္မလာ ပူနွေးလာ"**

ဘယ်လောက် အကျင့်ကောင်းတယ် ၊ ဘယ်လောက် သူ့အကျင့်ဟာ ခရီးရောက်နေတယ်ဆိုတာ တို့ပရိတ်သတ် နားလည်ဘို့ ပြောကြအုန်းစို့ ၊ မြင့်မိုရ်တောင်ထိပ်မှာ ရှိနေတဲ့ တာဝတိံသာ နတ်ပြည် အခုခေတ်တော့ အဲဒီ မြင့်မိုရ်တော်လဲ မရှိတော့ဘူး ၊

တာဝတိံသာနတ်ပြည်လဲ မရှိတော့ဘူး ၊ ဘာပြုလို့တုံး ၊ ကမ္ဘာကြီးက လုံးပြစ်လိုက်တာကိုး ၊ တို့ ဒေသနာတော်ကတော့ မြင့်မိုရ်တောင်လဲ အရှိပဲ ၊ မြင့်မိုရ်တောင်ထိပ်မှာ တာဝတိံသာနတ်ပြည်လဲ အရှိပဲ ၊ ဘုရားလဲ ဟောတာပဲ ၊ ထိုထို ဇာတ်နိပါတ်မှာလဲ ပါတာပဲ။ ဒါကြောင့် ကိုယ်က တခါတခါ ပြောတယ် မဟုတ်လား ၊ "ဇံ မေသုတံ" နယ်ထဲကို စိတ်ဝင်စားပြီးတော့ တကယ်စူးစိုက်နေလို့ ရှိတာဖြင့် အောဘီစီဒီ လောက လာတဲ့အဆိုတွေ အကုန်လုံး လက်မခံဘူးလို့။ လက်ခံသင့် တာလောက်ကိုသာ လက်ခံတယ်။ အောဘီစီဒီ နယ်ထဲကို စူးစိုက်ပြီး တော့ အဲဒါကိုသာ စိတ်ဝင်စားနေလို့ ရှိတာဖြင့်လဲပဲ "ဇံမေသုတံ" နယ်ထဲကလာတဲ့ အဆိုတွေ လက်မခံတော့ဘူး ၊ ဘယ်ဟာတွေဖြင့် ပိုသလိုလို တာဖြင့် မဖြစ်နိုင်တော့ဘူးလိုလိုနဲ့ ဖြစ်ကုန်ကြရော ၊ ကိုင်း ရှိစေ။ ဒါ,ကိုယ့်အရာ မဟုတ်ဘူး ၊ အဓိပ္ပါယ်သာ ပြောပါတယ်။ ဒါကြောင့် "ဇံ မေသုတံ" လောကနဲ့ အောဘီစီဒီ လောကက လာတဲ့ အဆိုတွေ အကုန်လုံး တိုက်ဆိုင်လို့ မရဘူး။

ကမ္ဘာလုံးကြီးကို လျှိုပြီးတော့ထားတဲ့ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းထိချင် ထိလိမ့်အုန်းမယ် ၊ အဲဒါ ဒီအဆိုတွေကတော့ ဘယ်နည်းနဲ့မှ စပ်ဟပ်လို့ မရဘူး ၊ ကိုင်း, ရှိစေ။

**"စည်းစိမ်လုမှာ စိုးရိမ်လာ"**

ဒီတော့ တောထဲမှာ အဲဒီလို ကျင့်ပြီးတော့နေတဲ့အချိန် တာဝတိံသာနတ်ပြည်မှာ ၊ သိကြားမင်းထိုင်တဲ့ ပဏ္ဍုကမ္ဗလာဆိုတာ ထိုင်လိုက်ရင် ခါးအထိ အိပြီးတော့ ဆင်းသွားတယ်။ အခုကာလ ဆိုဖာခေါ်မှာပေါ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာလို့ ဆိုပေတယ်လို့

အင်မတန်နည့်တယ်၊ အဲဒီ ပဏ္ဏုကမ္ဗလာ မြကျောက် ဖြာဟာ အကိတ္တိရသေ့ကြီးရဲ့ ပြင်းပြင်းထန်ထန် ကျင့်ပြီးတော့နေတဲ့ သီလတန်ခိုးကြောင့် အခါတိုင်းက ထိုင်လိုက်ရင် အိပြီးတော့ မြုတ်သွားသလို မမြုတ်ဘူးတဲ့။ တင်းပြီးတော့ ခံနေတယ်တဲ့။ အဲဒါ ပဏ္ဏုကမ္ဗလာ မြကျောက်ဖြာ တင်းပြီးတော့ ပူလောင်တဲ့ ဥဏှာကာရဆိုတဲ့ အမူအရာကို ပြတယ်တဲ့။ အဲဒီလို အမူအရာပြရင် သိကြားမင်းက သိတယ်။ တစ်ခုခု အကြောင်းထူးတော့ လူ့ပြည်မှာရှိပြီဆိုတာ သူသိတယ်။ သိလို့ကြည့်လိုက်တော့ --- အဲဒီ, အကိတ္တိရသေ့သွားမြင်တယ်၊ ခုနင်က ကာရဒီပကျွန်းမှာ သီတင်းသုံးနေတဲ့ အကိတ္တိရသေ့သွားမြင်တယ်၊ သိကြားမင်းက နတ်ပြည်က နေမြင်တာ ဒီတော့ သိကြားမင်းက စိုးရိမ်တယ်၊ ဘာ စိုးရိမ်သလဲ၊ တော်တော်ကျင့်တဲ့ရသေ့၊ ဒီရသေ့ သီလကြောင့် ငါ့,ပဏ္ဏုကမ္ဗလာ မြကျောက်ဖြာ တင်းပြီးတော့ ပူနွေးတဲ့ အခြင်းအရာ ပြလာတယ်။ ငါ့စည်းစိမ်များ လိုချင်လို့ကျင့်နေတာလား၊ သိကြားမင်း စိုးရိမ်ပုံ၊ ကိုယ့်စည်းစိမ်ကလေး လုမဲ့လူကျတော့ ကြောက်တာချည်းပဲဗျ၊ သိကြားမင်းလဲ ကြောက်တယ်ဆိုကြပါစို့၊ ဒီတော့ အလို, ဒီရသေ့ထံ ငါသွားပြီးတော့ စုံစမ်းဦးမှတော်မယ်၊ "ငါ့စည်းစိမ်ကို လိုချင်လို့ ကျင့်တဲ့ရသေ့ဖြစ်ရင် ငါပုဏ္ဏားရောင်ဆောင်ပြီးတော့ အလှူခံရင် လှူလိမ့်မယ်၊ ငါ့စည်းစိမ်ကို မလိုလားတဲ့ ပုဂ္ဂိုလ်ဖြစ်ရင်ဖြင့် လှူမှာမဟုတ်ဘူး" လို့. သူဒီလိုဘဲ ဆုံးဖြတ်တယ်။ သိကြားမင်းအမြင်နဲ့ သိကြားမင်းအသိဉာဏ်နဲ့ သိကြား ဒီလို ဆုံးဖြတ်တယ်။ အဲဒီ အဓိပ္ပါယ်ကို တို့စရိယာပိဋကပါဠိတော်က ---

**" အလောင်းတော်မြတ်ထံ ပုဏ္ဏားဖန်ဆင်း သိကြားချဉ်း "**

**တဒါ မံ တပတေဇေန ၊ သန္တတ္တော တိဒိဝါဘိဘူ။**

**ဓာရေန္တော ဗြာဟ္မဏဝဏ္ဏံ ၊ ဘိက္ခာယ မံ ဥပါဂမိ။ ။**

**တဒါ** – ထိုသို့ ကာရဒီပကျွန်းဝယ် သခ်မ်း ကျောင်းဆောက်၍ တစ်ယောက်ထည်း သီတင်းသုံး၍ နေသောအခါကာလ၌ ၊ **မံမမ** – ငါ၏ ၊ **တပတေဇေန** – သီလတည်းဟူသော အကျင့်တန်ခိုးကြောင့် ၊ **တိဒိဝါဘိဘူ** – နတ်ပြည်နှစ်ထပ်ကို အစိုးရ၍နေသော ၊ **သက္ကော** – သိကြားမင်းသည် ၊ **သန္တတ္တော** – ကိုယ့်နေရာ၌ ကိုယ်မနေနိုင်အောင် ပူလောင်လှသည်ဖြစ်၍ ၊ **ဗြဟ္မဏဝဏ္ဏံ** – အလှူခံတဲ့ ပုဏ္ဏားအဆင်း အသွင်ကို၊ **ဓာရေန္တော** – ဆောင်လျက် ၊ **ဘိက္ခာယ** – ဆွမ်းခံဘို့ရာ အလို့ငှါ၊ **မံ** – ငါ့ကို၊ **ဥပါဂမိ** – အနီးအစပ် ချဉ်းကပ်၍ လာလေတော့ သတည်း ... ။

( သာဓု သာဓု သာဓု )

**" စုံစမ်းဖို့ရာ သိကြားချဉ်းကပ်လာ "**

ဆွမ်းခံချင်လို့ ရိုးရိုးလာတာမဟုတ်ဘူး ၊ စုံစမ်းချင်လို့လာတာ၊ ထောက်လှန်းရေး စုံစမ်းရေးကိစ္စနဲ့ လာတာ ၊ လာတော့ သူလာတဲ့ အခိုက်အတန့်မှာ အကိတ္တိအလောင်းတော်ရသေ့က သူ့သခ်မ်း ကျောင်းမှီပြီးတော့ဆောက်နေတဲ့ကာရရုက္ခဆိုတဲ့ ကန်ဇွန်းပင်ကြီးက အရွက်နုတဲ့အချိန် အရွက်ပဲ စားနေတယ်တဲ့ ၊ အသီးသီးတဲ့အချိန် အသီးပဲစားနေတယ် ၊ ဘယ်မှ ထွက်ပြီးတော့ အစာမရှာဘူး ၊ သန္တုဋ္ဌိ ရောင့်ရဲနေလိုက်တာက ၊ အဲဒီ, အရွက်ကလေးအချိန်ကျရင် တစ်နပ်စာ စားဘို့လို့ဆိုပြီးတော့ ပြုတ်ပြီး ၊ အေးမှပဲ စားတော့မယ်

ဆိုပြီးတော့ သစ်မ်းကျောင်းပေါ် တက်ပြီးတော့ ထိုင်နေတုံး ခုနင်ကသိကြားမင်းက ဖန်ဆင်းထားတဲ့ ပုဏ္ဏားကြီးက အလှူခံ ရောက်လာရော ၊ အဲဒီ, အလှူခံ ရောက်လာတဲ့ အကြောင်းကို

**တဒါ မံ တပတေဇေန ။ သန္တတ္တော တိဒိဝါဘိဘူ။**

**"အံ့မခန်း ရသေ့လှူဒါန်း"**

နတ်ပြည်နှစ်ထပ် အစိုးရတဲ့ သိကြားမင်းက သူ့.ရဲ့.သီလ တန်ခိုးကြောင့် ပူလောင်လို့ မနေနိုင်တာနဲ့ အဲဒါ, ပုဏ္ဏားရောင် ဆောင်ပြီးတော့ သူ့ထံချဉ်းကပ် လာပါတယ်တဲ့၊ ဒါပြော။ ဒီတော့ တောကြီးမျက်မဲရော့ဂနိုင် မဟာမြိုင်ကြီးထဲမှာ ငါတစ်ယောက်ထဲ နေတာ အလှူခံ ပုဂ္ဂိုလ်တို့.ဆိုတာ ရှာပြီးတော့တောင် လှူကြရသေး တယ် ၊ ပုဏ္ဏားဟာ အလိုလို ရောက်ပြီးတော့လာတယ် ၊ ဆိုပြီး ဝမ်းမြောက်လိုက်တာတဲ့၊ အလှူခံပုဂ္ဂိုလ်တွေ့.တော့ ဝမ်းမြောက်လိုက် တာ , ဝမ်းသာလိုက်တာ။ ငါ,မရှာရပဲနဲ့ အလှူခံပုဂ္ဂိုလ် အဆင်သင့် တွေ့.လာတယ် ဆိုပြီးတော့ ပြုတ်ထားတဲ့ အိုးကလေး ရေစစ်ပြီးတော့ အဲဒီ ပုဏ္ဏား အလှူခံခွက်ထဲကို အိုးလေးပါ မှောက်ပြီးတော့လောင်း လိုက် ၊ ဘယ်လောက် ရက်ရောတဲ့ အလှူဆိုတာ ကိုယ်,ပရိတ်သတ် စဉ်းစားကြည့် ၊ ဒါကလေးကို တစ်နေ့မှ တစ်နပ်စားတာ၊ တစ်နပ်စားရတဲ့ ကန်ဗျည်းရွက်ပြုတ်ကလေးကို ၊ အဲဒါ, အကုန်လုံး လှူလိုက်တယ်။

အဲဒီလို လှူလိုက်တဲ့ အခိပ္ပါယ်ကို တို.စရိယာ ပိဋက အဋ္ဌကထာ ကတော့ ဒါတွေ စကားပြေနဲ့ ပြောထားတယ် ၊ စရိယာ ပိဋက ပါဠိတော်ကတော့ ဂါထာတွေနဲ့ ဟောထားတယ်။ ဒါကြောင့်

စရိယာ ပိဋက ပါဠိတော်မှာ ဂါထာနဲ့ ဘုရားဟောထားတာကို ဇာတ်ကျတော့ အဋ္ဌကထာက စကားပြေနဲ့ ရေးတယ်။ အဋ္ဌကထာ ဆိုပြီးတော့ အဲဒါ သွားပယ်ရင် ပါဠိတော် ပယ်ပြီးသားဖြစ်တယ်။ ဒါက အဋ္ဌကထာလေး ဘာလေး ညာလေးနဲ့ ပြောနေတဲ့ ပုဂ္ဂိုလ်တွေ သတိပေးတဲ့အချက်ပါ။ မယုံရင်လဲ အဲဒီဇာတ်ကို ပြန်ပြီးတော့ ကြည့်ကြ ၊ ဇာတ်အဋ္ဌကထာ ရေးထားတာနဲ့ စရိယာ ပိဋက ပါဠိတော် ဟောထားတာနဲ့ ဘယ်လိုနေကြသလဲလို့. အဋ္ဌကထာမှာ စကားပြေနဲ့ရေးတယ် စရိယာ ပိဋက ပါဠိတော်မှာ ဂါထာနဲ့ ဟောထားတယ်။ ဒါလောက်ပဲ ထူးတယ် ဇာတ်အဋ္ဌကထာမှာတော့ အဲဒါတွေ စကားပြေနဲ့ အကုန် လျှောက်ရေးထားတယ်၊ ဒါကြောင့် ----

**တဒါပံတပတေဇေန ၊ သန္တတ္တော တိဒိဝါဘိဘူ။**

**တရေန္တော ဗြာဟ္မဏဝဏ္ဏံ ၊ ဘိက္ခာယ မံ ဥပါဂမိ။ ။**

အလှူခံ ပုဏ္ဏားဟန်ဆောင်ပြီးတော့ သိကြားမင်းက ဆွမ်းခံ ရောက်လာတော့။

**"ဆီလည်းမပါ ဆားလည်းမရှိ"**

**ပဝနာ အာဘတံ ပဏ္ဏံ ၊ အတေလဉ္စ အလောဏိကံ။**

**မမ ဒွါရေ ဌိတံ ဒိသွာ ၊ သကဋာဟေန အာကိရိံ။ ။**

**ပဝနာ** – တောထဲမှ ၊ **အာဘတံ** – ဆောင်ယူ၍ လာခဲ့သော ၊ **အတေလဉ္စ** – ဆီလည်းမပါသော ၊ **အလောဏိကဉ္စ** – ဆားလည်းမရှိသော ၊ **ပဏ္ဏံ** – ကန်ဇွန်းရွက်ပြုတ်ကို ၊ **မမ ဒွါရေ** – ငါ့သင်္ခမ်းကျောင်းတံခါး၌ ၊ **ဌိတံ** – တည်လာသော အလှူခံပုဏ္ဏားကို ၊ **ဒိသွာ** – မြင်ရ၍၊

**သကရာဟေန** – ပြုတ်၍ထားတဲ့ အိုးကလေးနဲ့တကွ ၊ **အာကိရိ** – နမြောမဘက် သဒ္ဒါဇောဖြင့် ရက်ရက်ရောရောကြီး လှူဒါန်းလိုက်ရပါ ပေ သတည်း ...။ ။

( သာဓု သာဓု သာဓု )

**" အာဘဿရာ ဗြဟ္မာအလား ပီတိစားပြီး အလောင်းတော်နေ"**

ကိုယ့် ပရိတ်သတ်က ထင်လိမ့်မယ် ၊ တစ်နေ့စာ စားဘို့ရာ အတွက် ပြုတ်ထားတာ လှူလိုက်တော့ ။ နောက်ထပ် ပြုတ်စားဦး မှာပေါ့လို့ တွေးကောင်း တွေးလိမ့်မယ် ၊ မပြုတ်ဘူးတဲ့။

**တဿ ဒတွာနဟံ ပဏ္ဏံ ၊ နိကုဇ္ဇိတွာန ဘာဇနံ။**

**ပုနေသနံ ဇဟိတွာန ၊ ပါဝိသိ ပဏ္ဏသာလကံ။ ။**

**အဟံ**– ငါသည်၊ **တဿ** – ထိုအလှူခံပုဏ္ဏားကြီးအား ၊ **ပဏ္ဏံ** – ကန်ဇွန်းရွက် ပြုတ်ကို ၊ **ဒတွာန** – ပေးလှူပြီး၍ ၊ **ဘာဇနံ** – ကန်ဇွန်းရွက်ပြုတ်တဲ့ အိုးကို ၊ **နိကုဇ္ဇိတွာန** – မှောက်ထားပြီး၍ ၊ **ပုနေသနံ** – နောက်ထပ် ရှာမှီးခြင်းကို ၊ **ဇဟိတွာန** – စွန့်လွှတ်၍ ၊ **ပဏ္ဏသာလကံ** – သစ်ရွက် မိုးတဲ့ သင်္ခမ်းကျောင်းငယ်လေးထဲသို့ ၊ **ပါဝိသိ** – ဝင်ရောက်၍ နေခဲ့ပါတော့သတည်း ... ။

( သာဓု သာဓု သာဓု )

**"အသက်စွန့်ကာ ပါရမီဖြည့်ရှာ"**

ဒီလိုနဲ့ နောက်ထပ်လဲ မရှာဘူး ၊ ပြုတ်လဲ မစားဘူး ၊ တစ်နေ့စာ အစာငတ်ခံပြီးတော့ လှူလိုက်တယ် ၊ စိတ်ဆင်းရဲသလား ၊ ဆင်းရဲမှု မရှိဘူးတဲ့ ၊ သူ့တရားအားထုတ်မှုလဲ မပျက်ဘူးတဲ့ ၊ ဆက်လက် ပြီးတော့ အဲဒါ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြနဲ့ပဲ အားထုတ်နေ

တယ် ။ အလောင်းတော်များ ဒါနပါရမီဆည်းပူးတယ်ဆိုတာ ဘယ်လောက် ဆည်းပူးသလဲဆိုတော့ အသက်စွန့်ပြီးတော့ ဆည်းပူးတယ်။ ဒီ, အဓိပ္ပါယ်ပါတယ် ၊ ဒီဇာတ်ထဲမှာ။

ဒီတော့ ပါရမီ တစ်ခုခုဆည်းပူးရင် စရိယာ ပိဋက အဋ္ဌကထာက ဆိုတယ် ၊ ကျန်တဲ့ပါရမီ ကိုးပါးဟာ အကုန်လုံးပါလာပါတယ်တဲ့ ဆိုပြီးတော့ ပါလာပုံနည်းတွေ အဋ္ဌကထာက အကုန်လုံးတွက်ပြ ရှင်းပြတယ် ၊ ဒါနပါရမီကို ဆည်းပူးလို့ရှိရင် သီလစတဲ့ ကျန်တဲ့ ပါရမီ ကိုးပါး ရောပြီးတော့ ပါလာပုံ ၊ သီလပါရမီ ဆည်းပူးလို့ရှိရင်လဲ ဒါနက စပြီးတော့ ကြွင်းကျန်တဲ့ ပါရမီတွေ အကုန်လုံး ရောပြီးတော့ ပါလာပုံ၊ " အိုးမကင်းချိုးမကင်း " ဆိုဒါလိုပဲ မကင်းမကွေတဲ့ နည်းမျိုးနဲ့ ပါပြီးတော့ လာပုံ ၊ အဝုတ္တသိဒ္ဓိနည်းဆိုတာလို အနည်းနဲ့အများ ပါပြီးတော့ လာပုံ၊ အဋ္ဌကထာဆရာ ရှင်းပြီးတော့ ပြထားတယ် ၊ ရှိစေ။

ဒီတော့ ဘာမှ မညှိုးငယ်ဘူး ၊ ဝမ်းမြောက်ဝမ်းသာနဲ့ သူ့တရားကိုပဲ သူဆက်လက်ပြီးတော့ အားထုတ်တယ် ၊ သိကြားက နတ်ပြည် ပြန်သွားတာ မဟုတ်ဘူး ၊ ပြန်သွားချင်ယောင်ဆောင်ပြီးတော့ နောက် တစ်ရက် ဒီလိုပဲ အလှူခံပြန်တယ် ။

မကျေနပ်သေးဘူး ဒါလောက်ထောက်လှမ်းရုံနဲ့ ၊ ဒီတော့ သုံးရက်တိတိ ဆက်ပြီးတော့ ထောက်လှမ်းတယ် ၊ နောက်တစ်ရက် ဒီလိုပဲ လာပြီးတော့ အလှူခံပြန်တယ် ၊ ဒီအချိန်ကလေးချည်းပဲ ၊ စားမဲ့အချိန်ကလေးချည်းပဲ ၊ သုံးရက်ဆက်ပြီးတော့ အငတ်ခံ လှူလိုက်တယ် ၊ သိကြားမင်း ကြံရာမရဘူး ၊ ဟုတ်လား ၊ သိကြားမင်းက ကြံရာ မရဘူး။

**" ပီတိနဲ့နေတာ သုံးရက်ကြာ "**

**ဒုတိယမ္ပိ တတိယမ္ပိ ၊ ဥပဂန္တွာ မမန္တိကံ။**

**အကမ္ပိတော အနောလဂ္ဂေါ ၊ ဧဝမေဝ မဒါသဟံ။**

ပထမ ရက်ကအတိုင်းပဲတဲ့ ၊ ဒုတိယရက် ၊ တတိယရက်ကျ တော့ လဲပဲ ဒီအတိုင်းပဲ လှူပါတယ်တဲ့ ၊ လှူပြီးတော့ တို့.,ခုနတင် စောစောက ပြောခဲ့တဲ့အတိုင်း ...

**န မေ တပ္ပစ္စယာ အတ္ထိ ၊ သရီရသ္မိံ ဝိဝဏ္ဏိယံ။**

**ပီတိ သုခေန ရတိယာ ၊ ပီတိနာမေမိ တံ ဒိဝံ။ ။**

**မေ** – ငါ့အား ၊ **တပ္ပစယာ** – ထိုသုံးရက်ဆက်၍ စားမဲ့အစာကို မစားဘဲ လှူဒါန်းခြင်း တည်းဟူသော အကြောင်းကြောင့် ၊ **သရီရသ္မိံ** – ခန္ဓာကိုယ်၌ ၊ **ဝိဝဏ္ဏိယံ** – အဆင်းပျက်ခြင်းသည် ၊ **နအတ္ထိ** – မရှိ ။

အဆင်းမပျက်ဘူးတဲ့ ၊ ကြည်လင်ရက် ၊ ရွှင်ပြရက်ပဲ ၊ အားတော့နည်းတယ်ပေါ့ ၊ အစာမစားရ ထုံးစံပဲ အားနဲတာပဲ ၊ အားနည်းပေတယ်လို့ စိတ်ဓာတ်တော့ မထိခိုက်ဘူးတဲ့ ၊ ကြည်လင် ရွှင်ပြရက်ပဲတဲ့ ၊ ဝမ်းမြောက်ဝမ်းသာနဲ့ပဲတဲ့ ၊ ဒါကြောင့် ---

**ပီတိ သုခေန** – ဒါနမှုကို အာရုံပြုနေတဲ့ ပီတိသုခ ဆိုတဲ့ ၊ နှစ်သက်ခြင်း ၊ ချမ်းသာခြင်းဖြင့် လည်းကောင်း ၊ **ရတိယာ** – ထိုဒါနမှုကို အာရုံပြု ၍ နေတဲ့ မွေ့လျော်ခြင်းဖြင့် လည်းကောင်း၊ **တံဒိဝံ** – ထိုသုံးရက်လုံးလုံးဖြစ်တဲ့ သုံးရက်အပေါင်းကို ၊ **ဝီတိနာမေမိ** – ကုန်လွန်စေခဲ့တော့၏။

ဘုရားက ပြန်ဟောနေတာ ဒါတွေ ဓာတ်ဆွေပဲ ဆိုပြီးတော့ ဘုရားပြန်ဟောထားတာကို ပယ်မိရင် အဲဒါ ဒေသနာတော်ကို

ထိခိုက်တယ် ၊ ဟုတ်မှာ မဟုတ်ပါဘူး. လို. ဆိုရင် **"အဘူတေန အဗ္ဘစိက္ခတိ"** – မဟုတ်ပဲနဲ့ ဘုရားကို သွားစွပ်စွဲရာရောက်တယ် ၊ ဒီတော့ ပြော့ရဦးမယ်၊ တို.မှတ်မိတာတစ်ခု ---။

**"သီဟိုဠ်သားအမ်အေ(M.A) ၊ ဘုန်းကြီးတစ်ပါး"**

ဟို, အင်္ဂလိပ်ခေတ်တုံးက တော်တော်ကြာပါပြီ ၊ နှစ်ပေါင်းအခုစစ်ကြည့်မယ်ဆိုလို.ရှိရင် ဆယ့်ငါးနှစ် ကျော်ကျော်လောက်ရှိပြီလို. ဆိုကြပါစို. ၊ သီဟိုဠ်သား ဘုန်းကြီးတစ်ပါး ၊ ကာလကတ္တားက (အမ်အေ) အောင်ပြီးတော့ ရန်ကုန် ယူနီဘာစီတီမှာ ဆရာလုပ်ချင်လို.တဲ့ လာတယ် ၊ ကိုယ်နဲ့ သရက်တောကျောင်းတိုက်ထဲ တိုက်တစ်တိုက် သွားပြီးတော့ ဆုံကြ ၊ ညကြတော့ စုပြီး စကားပြောတော့ သူက ဘာပြောသလဲလို.ဆိုတော့ အဲဒီ ကာလကတ္တားက (အမ်အေ) အောင်လာတဲ့ သီဟိုဠ်သား ဘုန်းကြီးက နတ်ပြည်ဆိုတာဗျာ ၊ မရှိပါဘူး ငြဟ္မပြည်ဆိုတာလဲ မရှိပါဘူးတဲ့ ၊ ဘုန်းကြီးက ဖြစ်လာတာပြောမလို. ကိုယ်လဲ နားထောင်နေတယ် ၊ အင်္ဂလိပ်လိုပြောကြ ၊ ဒါဖြင့်ဗျာ ဘုရားက နတ်တွေ ငြဟ္မာတွေအကြောင်း ဘာဖြစ်လို. ဟောသလဲလို. ကိုယ်ကလဲ မေးတယ် ၊ ဒါကဗျာတဲ့ အိန္ဒိယ နိုင်ငံသားတွေက အဲဒီ ဘုရားပွင့်တဲ့အချိန်တုံးက အဲဒါတွေကို ယုံကြည် စွဲလမ်းမှု ရှိလို. သူတို. အကြိုက်လိုက်ပြီးတော့ ဟောထားတာပါတဲ့ ၊ သူက ပြောတယ် ၊ အင်း, ပြောတော့၊ ဒါဖြင့် ဗျာလို."ဘုရားက လူ.အကြိုက်လိုက်ပြီးတော့ လူရဲ. ယုံကြည်ချက်အတိုင်း ဟောနေတာလား"လို. ဆိုတော့ ကျုပ်, ဒီလိုတော့ မဆိုလိုပါဘူးတဲ့ ၊ မဆန့်ကျင်အောင်လို. လုပ်တယ်လို. ဆိုလိုပါတယ်တဲ့ ဒါဖြင့် ကျုပ် တစ်မျိုးမေးစမ်းပါရစေလို. ၊

ကိုယ်တော့ကို မေးစမ်းပါရစေ လို့ ဘုရားလို့ ဝန်ခံပြီးတဲ့နောက်မှာ ဒီဘုရားဟာ လိမ်သေးသလားလို့ မဖြေတော့ဘူး။

## "သူ့စကားနဲ့သူမိနေ"

လူ့အကြိုက်ကို လိုက်ပြီးတော့ လူတွေရဲ့ ယုံကြည်ချက်ကို ရောနှောပြီးတော့လျှောက်ပြောနေရင် ဒါ, လိမ်တာပဲ မဟုတ်ဘူးလား ဒီတော့ သုံးလောကမှာ ဘုရားလို့ ဝန်ခံပြီးတော့မှ ဘုရားဝန်ခံတဲ့ ပုဂ္ဂိုလ်က လိမ်သေးသလားလို့ ခင်ဗျား အဲဒါ ဘယ့်နှယ် ပြောမလဲလို့ ကိုယ်တော် ဘယ့်နှယ် ပြောမလဲလို့ ကိုယ်က အင်္ဂလိပ်လို မေးရော ၊ မေးတော့ မဖြေဘူး ၊ သူ့ မိနေတာကိုး ၊ ဒီတော့ သူစိတ်ဆိုးတယ် ၊ ကိုယ်တော် တပည့်တော်ကို ဘယ့်နှယ်ထင်လို့လဲ ဘာလဲ ဖြစ်ကရော ၊ ဟာ ရန်ဖြစ်မလို့ မဟုတ်ဘူးလို့ ဒီကိစ္စက အရှင်ဘုရားက အခုဟာ ရန်စကားပြောလာတာလို့ ၊ စကားအရ ဘုရားက အိန္ဒိယ တိုင်းသူတိုင်းသားတွေ ယုံကြည်မှုရှိလို့ လိုက်လျော ပြီးတော့ ဟောပါတယ်လို့ ဆိုတော့ ဘုရားမဟုတ်ပဲနဲ့ ဟောထား တယ်လို့ အဓိပ္ပါယ်က ရောက်နေတယ်လို့ ဒါကြောင့် ဘုရားဟာ လိမ်သေးသလားလို့ အရှင်ဘုရားစကားကို မှီးပြီးတော့ ကျုပ်မေးတာ ဘာစိတ်ဆိုးစရာ ရှိသလဲလို့ ၊ စကားမပြောချင် ရပ်လိုက်ပါလို့ စိတ်ဆိုးဘို့ ၊ ရန်ဖြစ်ဘို့ မဟုတ်ပါဘူးလို့ ဆိုတော့ ရပ်ကရော ၊ အဲဒီနောက် ကိုယ်တို့လဲ စကားမပြောတော့ဘူး။

ကိုယ် ပြောလိုတာက အေ ဘီ စီ ဒီ ကျပ်ကျပ်သန့်ပြီးတော့ ကျပ်ကျပ်တတ်သွားလို့ရှိရင် အဲဒီလိုပဲ ဖြစ်တတ်တယ် ၊ အေဘီစီဒီ စာတွေက အဲဒီလိုတွေးပြီး ရေးထားတာ အများကြီး ၊ ဒါတော့

မဟုတ်ဘူး ၊ ဟိုဟာတော့ မဟုတ်ဘူးနဲ့ ရေးထားတာအများကြီး ၊ ကိုယ်လဲ တွေ့တယ် ၊ ကိုယ်ကတော့ လက်ကိုမခံဘူး ၊ ဒီလိုကိုး ၊ ကိုင်း , ရှိစေ။ ဒါကြောင့် ---

**ဒုတိယမ္ပိ တတိယမ္ပိ ၊ ဥပဂန္တွာ မမန္တိကံ။**

**အကမ္ပိတော အနောလဂ္ဂေါ ၊ ဝေမေဝမဒါသဟံ။ ။**

**န မေ တပ္ပစ္စယာ အတ္ထိ ၊ သရီရသ္မိံ ဝိဝဏ္ဏိယံ။**

**ပီတိသုခေန ရတိယာ ၊ ဝီတိနာမေမိ တံ ဒိဝံ။ ။**

**တံ ဒိဝံ** – ထိုသုံးရက်ဆက်ပြီးတော့ လှူရတဲ့ သုံးရက်အပေါင်းကို ၊ **ပီတိသုခေန** – ဒါနကို အာရုံပြု၍ ဖြစ်တဲ့ ပီတိသုခဆိုတဲ့ နှစ်သက်ခြင်း ၊ ချမ်းသာခြင်းဖြင့် လည်းကောင်း ၊ **ရတိယာ** – ဒါနမှုကို အာရုံပြု၍ နေတဲ့ မွေ့လျော်ခြင်းဖြင့်လည်းကောင်း ၊ **ဝီတိနာမေမိ** – တပြုံးပြုံးနဲ့ ကုန်လွန်စေခဲ့ရပါတော့သတည်း .... ။

( သာဓု သာဓု သာဓု )

### "အမြဲထာဝရ လှူပါရစေ "

ဒီတော့ သိပ္ပံသမားတို့ ဘာတို့ ညာတို့က အဲဒါ မဖြစ်နိုင်ဘူး သုံးရက်တောင် ဆက်မစားရရင် ဘယ့်နှယ် နည်းနဲ့မှ မဖြစ်နိုင်ဘူး ၊ ဘာဘူး ညာဘူးနဲ့ဆိုမှာ စိုးလို့ အဲဒါ အကိုးအကားပြောနေတာ ၊ ကိုင်း, ရှိစေ။ ရေ့သွားကြစို့ ၊ ဒီတော့ အဲဒီလို မဖြစ်တဲ့အပြင် အလောင်းတော်က ဘာစိတ်ပေါ်လာသလဲ လို့ဆိုတော့ ---

**ယဒိ မာသမ္ပိ ဒွေမာသံ ၊ ဒက္ခိဏေယျံ ဝရံ လဘေ။**

**အကမ္ပိတော အနောလီနော ၊ ဒဒေယျံ ဒါနမုတ္တမံ။ ။**

တစ်လလုံးဖြစ်ဖြစ်တဲ့ ၊ နှစ်လလုံး ဖြစ်ဖြစ်တဲ့ ၊ ဒီလိုမျိုး မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်များ ရနေမယ် ဆိုရင် သူတော့ တွန့်တို ဆုတ်နစ်ခြင်း တုန်လှုပ်ခြင်း မရှိပဲနဲ့ ဒီ, အင်မတန် မွန်မြတ်တဲ့ ဒါနမှုကို လှူနေမှာပဲတဲ့၊ ဒီလို ကြိမ်းဝါးသေးတယ်၊ ဒီ, အထဲကနေပြီး တော့ ၊ အဲဒီ ကြိမ်းဝါးပုံကို ဘုရားကိုယ်တော်မြတ်က ပြန်ပြီးတော့ ဟောထားတာ။

**ယဒိမာသမ္ပိ ဒွေမာသံ၊ ဒက္ခိဏေယျံ ဝရံ လဘေ။**

**ယဒိမာသမ္ပိ** – တစ်လ ကာလပတ်လုံးလည်းကောင်း ၊ **ဒွေမာသမ္ပိ** – နှစ်လ ကာလပတ်လုံးလည်းကောင်း ၊ **ဝရံ** – မြတ်သော ၊ **ဒက္ခိဏေယျံ** – အလှူခံပုဂ္ဂိုလ်ကို ၊ **ယဒိလဘေ လဘေယျံ** – အကယ်၍များ ရခဲ့ငြားအံ့၊ **အကမ္ပိတော** – တုန်လှုပ်ခြင်းမရှိပဲ ၊ **အနောလီနော** – တွန့်တိုဆုတ်နစ်ခြင်း မရှိပဲ ၊ **ဥတ္တမံ** – မြတ်လှစွာသော ၊ **ဒါနံ** – ဒါနပါရမီကို ၊ **ဒဒေယျံ** – ပေးလှူချင်လှပါတော့သတည်း ...။

( သာဓု သာဓု သာဓု )

**" ငါ့အလှူကောင်းမှု သဗ္ဗညုဉာဏ်အတွက်သာ "**

ဒီတော့, ရှင်သာရိပုတ္တရာက လျှောက်ထားတာက ဘုရားတဲ့ ဒီလို သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီးတော့လာအောင် အရှင်ဘုရား ဘယ်လိုပါရမီတော်တွေ ဆည်းပူးခဲ့တယ်ဆိုတာ အကျဉ်းချုပ်အားဖြင့် တပည့်တော်များ နာပါရစေလို့ တောင်းပန်လို့ ဘုရားက စရိယာပိဋက ပါဠိတော်ကြီးကို ပြန်ဟောထားတာ ၊ တောင်းပန်သူက ရှင်သာရိပုတ္တရာ ၊ ဟောသူက ဘုရား။ ရှိစေ။ ဒီတော့ အဲဒီမှာ နိဂုံးချုပ်တော့ – ဘုရားက ဘာနိဂုံးချုပ်ထားသလဲ ––––။

**နတဿ ဒါနံ ဒဒမာနော ၊ ယသံ လာဘဥ္စ ပတ္ထယိ ။**

**သမ္ဗုဒ္ဓတံ ပတ္ထယာနော ၊ တာနိ ကမ္မာနိ အာစရိ ။ ။**

စရိယာ ပိဋက ပါဠိတော်မှာ အကိတ္တိစရိယနဲ့ ပတ်သက်လို့ နောက်ဆုံးနိဂုံးဂါထာ။

**တဿ** – ထိုအလှူခံဖြစ်တဲ့ ပုဏ္ဏားကြီးအား ၊ **ဒါနံ** – အလှူကို **ဒဒမာနော** – ပေးလှူသော ၊ **အဟံ** – ငါသည် ၊ **ယသဉ္စ** – အခြံအရံ အကျော်အစောကိုလည်းကောင်း ၊ **လာဘဉ္စ** – ဘဝသံသရာ၌ ခံစားရမဲ့ လာဘ်လာဘကိုလည်းကောင်း ၊ **နပတ္ထယိ** – မတောင့်တခဲ့မိပါ။

အခြံအရံ အကျော်အစောလဲ မလိုချင်ဘူးတဲ့ ၊ အနို. , ဘဝ သံသရာမှာ လူအဖြစ်၊ နတ်အဖြစ်နဲ့ ခံစားဘို.ရာ လာဘ်လာဘတွေ စည်းစိမ်ချမ်းသာတွေကော မတောင့်တဘူးလားဆိုတော့လဲ မတောင့် တဘူးတဲ့ ၊ ဒါကြောင့် –––

**နတဿ ဒါနံ ဒဒမာနော ၊ ယသံ လာဘဥ္စ ပတ္ထယိ ။**

**နပတ္ထယိ** – မတောင့်တပါ၊ **သမ္ဗုဒ္ဓတံ** – သဗ္ဗညု ဘုရားအဖြစ် ကို ၊ **ပတ္ထယာနော** – တောင့်တလျက် ၊ **တာနိ ကမ္မာနိ** – ထိုအသက်ကို စွန့်၍ ပြုလုပ်ရတဲ့ ဒါနပါရမီ စတဲ့လုပ်ငန်းတို့ကို ၂ **အာစရိ** – ကြိုးကြိုး ပမ်းပမ်း ကျင့်စွမ်းအားထုတ်ခဲ့ပါတော့သတည်း –––

( သာဓု သာဓု သာဓု )

အဲဒီလို အခု ချစ်သားတို. ဖူးမြင်ပြီးတော့ နေရတဲ့အတိုင်း ဘုရားအဖြစ်သို. ရောက်လာအောင် ငါဒီလို အားထုတ်ခဲ့တယ်တဲ့။

## " သုံးရက်လွန်တော့ သိကြားလက်လျော့ "

စရိယာပိဋကမှာတော့ အကိတ္တိဇာတ်အကြောင်းအရာ ဒါနဲ့ရပ်။ ဒီတော့ အဲဒီအထဲမှာ သိကြားမင်းက တစ်ရက်၊ နှစ်ရက်၊ သုံးရက်အထိ လာပြီးတော့ စုံစမ်းတယ်၊ ထောက်လှမ်းတယ်၊ တုန်လှုပ်မှု မတွေ့ရဘူး။ စောစောက သူဆုံးဖြတ်လာခဲ့တာက ဘယ်ပုံဆုံးဖြတ်လာခဲ့သလဲ ၊ သိကြားစည်းစိမ်ကို လိုချင်လို့ ရှိတာဖြင့် ငါအလှူခံရင် လှူလိမ့်မယ်တဲ့ ၊ လှူရင် သိကြားစည်းစိမ်ကို လိုချင်လို့ပဲ၊ သူစောစောက ကြိုတင်ဆုံးဖြတ်ခဲ့တယ် ၊ အခု လှူလိုက်တာ သုံးရက် သုံးရက်လှူပြီးတော့ မစားရလို့လဲပဲ စိတ်ညစ်တဲ့အမူအရာ မတွေ့ဘူး ၊ ပျော်ပျော်ပါးပါးနဲ့ သူ့တရားပဲ သူအားထုတ်နေတာ တွေ့ရတယ် ၊ တွေ့ရတော့ သိကြားမင်း အဲဒီကျတော့မှ ကြိုတင်ပြီး တော့ ဆုံးဖြတ်တာ လွဲရော။

ဘုရားလောင်းရဲ့ စိတ်ထဲရှိတဲ့ တောင့်တချက်ကိုလဲ သူဘာမှ မသိရဘူး။ အဲဒီအနေ ဖြစ်နေရော ၊ အဲဒီအနေဖြစ်တော့မှ ခုနင်က သာဝတ္ထိမြို့မှာ ဒကာတစ်ဦးက ခုနစ်ရက်လုံးလုံး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကျွေးပြီးတော့ အပြီးသတ်တဲ့နေ့မှာ ပရိက္ခရာ ရှစ်ပါး အစုံအလင်နဲ့ လှူဒါန်းတဲ့ နေ့ကျတော့ မြတ်စွာဘုရားက အဲဒီ ဇာတ်မှာတော့ ---

**အကိတ္တိ ဒိဿာန သမ္ပန္နံ ၊ သက္ကော ဘူတပတိ မြဝိ။**
**ကိံ ပတ္ထယံ မဟာဗြဟ္မေ ၊ ကော သမ္ပသိ ဃမ္ပနိ။**

ဒီကစမေးတယ် စရိယာပိဋကမှာတော့ကို ၊ အဋ္ဌကထာကလဲ ပါဠိတော်ကို မှီးပြီးတော့ ဒါတွေ နိဒါန်းအနေနဲ့ ရေးလာခဲ့တယ် ၊

ဇာတ်မှာတော့ ---

**အကိတ္တိံ ဒိသွာန သမ္ပန္နံ၊ သက္ကော ဘူတပတိ ဗြဝိ။**

**ကိံ ပတ္ထယံ မဟာဗြဟ္မေ၊ ဧကော သမ္မသိ ဃမ္မနိ။**

ဒီက, စပြီးတော့ ဂါထာနဲ့မေးတယ်။

မေးတာ ဘာပြုလို့ မေးရသလဲလို့ဆိုတော့၊ သုံးရက်လုံးလုံး အလှူခံပြီးတော့ စမ်းလို့ ဘုရားလောင်းရဲ့စိတ်ဓာတ်ကို ဘာမှ မသိရဘူး။ အမူအရာလဲ မပျက်ဘူး ၊ မျက်နှာလဲ မပျက်ဘူး ၊ ဝမ်းမြောက် ဝမ်းသာနဲ့ သူ့တရားအားထုတ်လဲ ၊ မပျက်ပဲနေတော့ အလို, ဘယ်လိုစိတ်ဓာတ်များနဲ့ အားထုတ်တာ ဖြစ်နေပါလိမ့်မလဲ ၊ ငါလဲ မသိရဘူး ၊ ကိုင်း, အလှူခံပုဏ္ဏား ယောင်ဆောင်တာ ဖျောက်။ သိကြားရဲ့ ပကတိခန္ဓာကိုယ် ပြန်ယူပြီးတော့ ကောင်းကင်ကနေ မေးတော့မှပဲ ဆိုပြီးတော့ အဲဒီကျတော့မှ သိကြားမင်းက, ကောင်းကင်က အထင်အရှားပေါ်လာတယ် ၊ သုံးရက်အလှူခံပြီးတဲ့နေ့ လေးရက်မြောက်တဲ့နေ့မှာ သိကြားကောင်းကင်ကနေ မေးတော့တာပဲ ၊ အဲဒီကျတော့ သိကြားအဖြစ်နဲ့ကို ကိုယ်ထင်ရှားပြပြီးတော့ မေးတာ။

**" အလောင်းတော်ထံချဉ်း သိကြားမင်းအမေး "**

**အကိတ္တိံ ဒိသွာန သမ္ပန္နံ၊ သက္ကော ဘူတပတိ ဗြဝိ။**

**ကိံ ပတ္ထယံ မဟာဗြဟ္မေ၊ ဧကော သမ္မသိ ဃမ္မနိ။ ။**

**ဘူတပတိ** – နတ်တို့၏အရှင်ဖြစ်သော ၊ **သက္ကော** – သိကြားမင်းသည် ၊ **သမ္ပန္နံ** – ကိုယ်ကလဲပြုံး စိတ်ကလဲပြုံး နှစ်လုံးကြည်ရွှင်စွာ သီတင်းသုံး၍နေသော ၊ **အကိတ္တိံ** – အကိတ္တိအမည်ရှိသော ၊ **ဗြာဟ္မဏံ** – ပုဏ္ဏားကို ၊ **ဒိသွာန** – တွေ့မြင်ရ၍ ၊ **မဟာဗြဟ္မေ** – အို, မြတ်သော

ပုဏ္ဏား ၊ **ကိံ** – အဘယ်အရာကို ၊ **ပတ္တယံ ပတ္တယန္တော** – တောင့်တလျက်၊ **ဃမ္မနိ** – ဆားငံရေ ရစ်ဝိုင်း၍ လေပူလှိုင်းတိုက်ခတ်နေတဲ့ ဤတောအရပ်ကြီးထဲ၌ ၊ **ဧကော** – အဖော်မမှီး တစ်ကိုယ်တည်း ၊ **သမ္မသိ** – ကိုယ်ပြုံး ၊ စိတ်ပြုံး အပြုံးနှစ်မျိုးဖြင့် သီတင်းသုံး၍ နေနိုင်ပါဘိသနည်း။

(သာဓု သာဓု သာဓု)

စိတ်လဲမညှိုးနွမ်းဘူး ၊ ကိုယ်လဲ မညှိုးနွမ်းဘူး ၊ နေတဲ့အရပ်ကြည့်လိုက်တော့ ဘေးက ရေငံတွေဝိုင်းလို့ တစ်ခါတစ်ခါ လေပူလှိုင်းကြီး ပင်လယ်ကနေပြီးတော့ တိုက်ခတ်လိုက်တာကလဲ နေလိုမဖြစ်နိုင်လောက်အောင်၊ ဒီအထဲမှာအသင်အကိတ္တိ ရသေ့ကြီးဟာ ဘာကို တောင့်တ ပြီးတော့ ဒီသခ်မ်းကျောင်းကလေးနဲ့ ဒီလောက်ဆင်းဆင်းရဲရဲ ခံပြီးတော့ ဒီ အကျင့်တွေ ကျင့်နေတာပါလိမ့်။

**ကိံ ပတ္တယံ မဟာဗြဟ္မေ ၊ ဧကော သမ္မသိ ဃမ္မနိ။**

အဖော်လဲ မရှိ ၊ ပြုမဲ့စုမဲ့သူလဲမရှိ ၊ အပေါင်းအဖေါ်လဲမရှိပဲနဲ့ ဘယ့်နှယ်ကြောင့် နေပါသလဲ ။ သိကြားမင်း ကောင်းကင်ကနေပြီးတော့ ကိုယ်ရောင်ကိုယ်ဝါနဲ့ မေးတာနော် ၊ သာမန်မဟုတ်ဘူး။ ဒီတော့ သိကြားမင်းကို ကြည့်ပြီးတော့ အလောင်းတော်ရသေ့ကြီးက ဖြေတယ်တဲ့။

**ဒုက္ခော ပုနဗ္ဘဝေါ သက္က။**

စောစော နတ်ပြည်တုံးကတော့ သူ့စည်းစိမ် လုမဲ့ ရသေ့လို့ ထင်ရာတယ်။ ဒါကြောင့် ဆင်းပြီးတော့ ထောက်လှမ်းတာ အခု ပွင့်ပွင့်လင်းလင်း ထုတ်ပြီးတော့ ပြောတဲ့အချိန်ကျတော့ သူ့ထင်မြင်ချက်နဲ့

ကွာလှမ်းပြီးတော့နေတယ်၊ ဒါကြောင့် “ အတွေးနဲ့စာရေးထောင်း” ဆိုဒါလိုဖြစ်တာတော့ မကောင်းဘူးနော်၊ ကိုင်း , ရှိစေ။ ဒီတော့ အလောင်းတော်က ပြန်ပြောပုံကလေး တို့ပရိတ်သတ်နာ့စမ်း ၊ ဘယ်လောက်လေးနက်သလဲလို့။

**“သိကြားမင်းရဲ့ပုစ္ဆာအတွက် အလောင်းတော်မြတ်ဖြေကြားချက်”**

**ဒုက္ခော ပုနပ္ပုနံ ဝါသက္က၊ သရီရဿ စ ဘေဒနံ။**

**သမ္မောဟမရဏံ ဒုက္ခံ၊ တသ္မာ သမ္မာမိ ဝါသဝ။ ။**

**ဝါသဝ** – သိကြားမင်း၊ **ပုနပ္ပုနံဝါ** – နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည်၊ **ဒုက္ခော** – ဆင်းရဲလှပါပေတော့၏။

ဘဝသစ်လဲ မဖြစ်ချင်ဘူးတဲ့ ၊ ဆင်းရဲတယ်တဲ့ ၊ တို့တော့ ပုတုဇဉ်နယ်က နေပြီးတော့ အလောင်းတော်တို့လို မရင့်ကျက်တဲ့ ပါရမီကြောင့်မို့လား မဆိုနိုင်ဘူး၊ လူ့စည်းစိမ် နတ်စည်းစိမ်ပါအောင် ရေစက်ချမှ ကျေနပ်ကြတယ် ၊ လူ့စည်းစိမ် နတ်စည်းစိမ်မပါရင် ခြောက်သွေ့သွေ့ထင်တတ်တယ်။ဒါကြောင့်တစ်ခါတစ်ခါထည့်ရပေတယ်လို့ စိတ်ထဲ တယ်အားမရလှဘူး ၊ တို့ကျေးရှူးရှင် အတိသုဒ္ဓါရုံ ဆရာတော်ကြီးကတော့ ပြောတယ်၊ ငါ့ရှင်ရာတဲ့ ၊ ဦးအဝှါတဲ့ ၊ ကိုယ့်တော့ ဦးအဝှာလို့ခေါ်တယ်။ ဦးအဝှာ့ ရေစက်ချတဲ့အခါ ဒီလူ့စည်းစိမ် နတ်စည်းစိမ်တွေ မထည့်ပါနဲ့၊ နိဗ္ဗာန်သာ ချပေးလိုက်စမ်းပါတဲ့ ဆရာတော်ကြီးက ပြောတယ်။ ဘာပြုလို့ပါလဲဘုရား ၊ ဒီ, စည်းစိမ်တွေကြောင့် ဒီ, သံသရာထဲက မထွက်နိုင်ပဲ ဖြစ်နေကြတာ ဒါတွေ တဝဲလည်လည်နဲ့ ထည့်ပေးနေ ဘာလုပ်ရအောင်တုံး ၊ ဦးအဝှါရာ ၊ ကျုပ်တော့ဗျာ ငရဲတောင် ကြီးလိမ့်ဦးမယ်လို့ ထင်သေးဆိုကိုး။

ဒါတွေ ထည့်ပေးရင် ---။

## "ပရိတ်သတ်အကြိုက် တို့မလိုက်"

ဒါကြောင့် ကိုယ် ,အခု အသက်ကြီးလာတဲ့ အစိတ်အပိုင်းမှာ ပေါ့လေ ပရိတ်သတ်အကြိုက်လဲ မလိုက်တော့ဘူး ၊ အလှူပေးပုဂ္ဂိုလ်ရဲ့အကြိုက်လဲ မလိုက်တော့ဘူး ၊ နိဗ္ဗာန် ဆုကြီးပန် ၊ ဟိုက, သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝက ဗောဓိဉာဏ် ၊ အဲဒီဟာနဲ့ နိဗ္ဗာန် – ဒါပဲ ၊ ကိုယ် ဆုတောင်းထဲ ထည့်ပေးတယ်။ နိဗ္ဗာန်ဆိုတာ သမ္မာသမ္ဗုဒ္ဓအဖြစ်နဲ့လဲ ရောက်နိုင်တယ်၊ ပစ္စေကဗုဒ္ဓါအဖြစ်နဲ့လဲ ရောက်နိုင်တယ်၊ သာဝက အဖြစ်နဲ့လဲ ရောက်နိုင်တယ် ၊ သာဝက ကျတော့ သုံးမျိုးထွက်လာတယ်။ အဂ္ဂသာဝက မဟာသာဝက ပကတိ သာဝက – သာဝက သုံးမျိုးထွက်လာတယ်၊ သာဝက သုံးမျိုးဖြစ်ပုံ။ သမ္မာသမ္ဗုဒ္ဓနဲ့ ပစ္စေကဗုဒ္ဓါတော့ အများအားဖြင့် နားလည်လို့ ကိုယ် မပြောတော့ဘူး ပေါ့လေ၊ သာဝက သုံးမျိုးဖြစ်ပုံတော့ ပြောချင် သေးတယ်။

## "သာဝက သုံးမျိုး"

သာဝက သုံးမျိုးဖြစ်ပုံ – အဂ္ဂသာဝက ၊ မဟာသာဝက ၊ ပကတိ သာဝက၊အဂ္ဂသာဝကဆိုတာတို့ဘုရားအနေနဲ့ပြောရင် ဘယ်ဘုရားပဲဖြစ်ဖြစ်ပေါ့လေ – သို့သော် အခု တို့ဒီသာသနာမှာဆိုတော့ တို့ဘုရားအနေနဲ့ ပြောရမယ်၊ အဂ္ဂသာဝကနှစ်ပါးထဲရှိတယ်။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်။ အဲဒါ အဂ္ဂသာဝက၊ အဲဒီမကြွင်းတဲ့ ခုနစ်ဆဲ့ရှစ်ပါး၊ အဲဒါ မဟာသာဝက၊ ဘာပြုလို့ ခုနစ်ဆဲ့ရှစ်ပါးလို့၊ ဆိုသလဲလို့ဆိုတော့ မဟာသာဝကလို့ ဆိုလိုက်ရင်၊ ရှင်သာရိပုတ္တရာနဲ့ရှင်မောဂ္ဂလ္လာန်ပါ, အဲဒီ, အထဲပါတယ်၊ အဲဒီ, ရှင်သာရိပုတ္တရာနဲ့

ရှင်မဟာမောဂ္ဂလ္လာန်ပါ၊ အသီတိမဟာသာဝကဆိုတဲ့အထဲပါတယ်၊ အသီတိဆိုတဲ့ ရှစ်ကျိပ်သောမဟာသာဝကထဲ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်လဲပါ၊ သွား။

**"သာဝကနှစ်မျိုး ထူးခြားပုံ"**

'အဂ္ဂ'တတ်လိုက်တော့ကိုး ဒီနှစ်ပါးက မဟာသဝကထဲက လွတ်ကျန်နေရစ်ခဲ့တယ်၊ အဲဒါကို ဒို့ပရိတ်သတ်မှတ်ထား။ အဂ္ဂသာဝကနဲ့ မဟာသာဝကဆိုတာ တခြားစီလို့ဆိုတာ ကိုယ့်ကိုယ်တိုင်က စောစောက ထင်လာခဲ့တယ်၊ နောက်တော့ ဘုန်းကြီးတစ်ပါးနဲ့ အငြင်းအ ခုံဖြစ်တယ်၊ ဆရာတော် အဂ္ဂသာဝကနဲ့ မဟာသာဝက အတူတူလား၊ တခြားစီးလာတဲ့၊ သူက မေးတယ်၊ ကိုယ်ကလဲ ကိုယ်ထင်တဲ့အတိုင်း ပြောလိုက်တာပေါ့၊ တခြားစီလို့၊ အဂ္ဂသာဝကကတခြား၊ မဟာသာဝက,က တခြား၊ ဒါဖြင့် ရှစ်ကျိပ်နဲ့နှစ်ပါးလားတဲ့ သူက၊ ဒီလိုဘဲဖြစ်ရ တော့မှာပေါ့လို့ဆိုတော့၊ မဟုတ်ဘူးတဲ့ သူကလဲငြင်းတယ်၊ ဒါနဲ့ငြင်း ရင်း ငြင်းရင်းနဲ့ စာရှာတော့ တွေ့ကြရော တွေ့တော့ သူကမှန်နေ တယ်၊ ရှစ်ကျိပ်ထဲမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်ပါတယ် ၊ ဘာပြုလို့ သူတို့ကို "အဂ္ဂ"တပ်သလဲလို့ ဆိုတော့ ၊ "အဂ္ဂ"တပ်တဲ့ အဓိပ္ပါယ် ပြောမလို့။

**"တစ်သချေ်ာပိုမှ "အဂ္ဂ" တပ်ရ"**

မဟာသာဝက ရိုးရိုးသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ် ၊ ကမ္ဘာတစ်သိန်း ပါရမီပြည့်တဲ့အချိန်ကျတော့ ဘုရားပွင့်တော်မူတဲ့ အချိန်မှာ သူတို့က မဟာသာဝက ဖြစ်ကြရော ၊ ဘုရားရဲ့ လက်ဝဲရံနဲ့ လက်ျာရံ ဖြစ်ချင်ပါတယ် ဆိုတဲ့ပုဂ္ဂိုလ်များက အဲဒီ မဟာသာဝကတို့

ကမ္ဘာတစ်သိန်းထက် ကျော်ပြီးတော့ တစ်သင်္ချေပါရမီဖြည့်ရတယ်၊ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ ဒါကြောင့် မဟာသာဝက သာမန်ထဲမှာ အသိတိမဟာသာဝကအဖြစ်နဲ့ ပါပေတယ်လို့ တစ်သင်္ချေပါရမီ ပိုဖြည့်ရသောကြောင့် တစ်သင်္ချေပါရမီ ဖြည့်ခဲ့ရတာ ပိုလွန်နေသည် ဖြစ်သောကြောင့် သူတို့ကို အဂ္ဂမဟာသာဝကလို့ ဆိုပြီးတော့ "အဂ္ဂ"တပ်ခေါ်ရတယ်၊ အဲဒီ နှစ်ပါးပါ ပေါင်းလိုက်မှ အသိတိ မဟာသာဝက ရှစ်ကျိပ်။ ဒီနှစ်ပါး ပေါင်းလိုက်တဲ့အတွက် ပိုထွက်မလာဘူး၊ ရှစ်ကျိပ်ဟာ ရှစ်ကျိပ်ပါပဲ၊ ကိုင်း, ရှိပါစေ။

ဒါက, အဂ္ဂသာဝကနဲ့ မဟာသာဝက ထူးခြားပုံ ပြောတာ၊ ဘယ်ပါသလဲလို့ ဆိုပြီးတော့ သိချင်တဲ့ ပုဂ္ဂိုလ်များ ရှိကောင်းရှိလိမ့်မယ်၊ ဝင်္ဂီသထေရဂါထာ။ အဲဒါ ကြည့်ချင်တဲ့ ပုဂ္ဂိုလ်များကြည့်ကြရအောင်လို့၊ ဒါကတော့ ကျမ်းညွှန်း။ မညွှန်းဘဲနဲ့ထားခဲ့လို့ရှိရင် ကိုယ်တော်ကြီး သိပ်သိတယ်ဆိုပြီးတော့ အဲဒါ ကိုယ့်အထင်ကြီးနေမှာစိုးလို့၊ ကိုယ့်တော့ အထင်မကြီးနဲ့၊ ကိုယ်လဲ ကျမ်းဂန်ထဲပါတာ ပြောတာ၊ ဒီတော့ ကိုယ့်ရဲ့ညီတော် နောင်တော်များ မကြည့်ရသေးလို့ရှိရင် ကြည့်ချင်ကြည့်ရအောင် ဆိုပြီးတော့ "ဝင်္ဂီသထေရဂါထာ အဋ္ဌကထာ"မှာ ဒီအဓိပ္ပါယ်တွေ ပါလေ၏တည်း။ ကြည့်ရှုတော်မူကြ သုံးသပ်တော်မူကြ။ ကိုင်း, ဒါပြီးပါစေ။

## "ဗောဓိဉာဏ်တရား (၄း) မျိုးပြား"

ပကတိသာဝက ဆိုတော့ ကမ္ဘာတစ်သိန်းပြည့်အောင် ပါရမီ မဖြည့်ရဘူး၊ ဘဝ ရာ၊ထောင်၊သိန်း၊သန်းလောက်နဲ့ သူကကျွတ်တန်း ဝင်နိုင်တဲ့ပုဂ္ဂိုလ်။ ဒါကြောင့် နိဗ္ဗာန်ကိုဝင်ကြစို့လို့ဆိုရင် သမ္မာသမ္ဗုဒ္ဓ

အဖြစ်နဲ့သော်လည်းကောင်း ၊ ပြီးတော့ ပစ္စေကဗုဒ္ဓါ အဖြစ်နဲ့သော် လည်းကောင်း ၊ အဂ္ဂသာဝကအဖြစ်နဲ့သော် လည်းကောင်း၊ မဟာသာဝက အဖြစ်နဲ့သော် လည်းကောင်း၊ သို့မဟုတ် ပကတိ သာဝက အဖြစ်နဲ့သော် လည်းကောင်း၊ နိဗ္ဗာန်ကို ဝင်ရတယ်။ ပုဂ္ဂိုလ်အနေနဲ့ ငါးမျိုး၊ ဒါကြောင့် ဗောဓိဉာဏ်၏ အကြောင်း အထောက်အပံ့သည် ဖြစ်ပါစေသတည်း ဆိုတာ အဲဒီ ဗောဓိဉာဏ် ငါးမျိုးကို ပြောတာ " နိဗ္ဗာနဿ ပစ္စယော ဟောတု "၊ နိဗ္ဗာန်၏ အကြောင်းအထောက်အပံ့သည် ဖြစ်ပါစေ သတည်းလို့ ဆိုတာ နိဗ္ဗာန်ကို မှီတဲ့ ဝိဝဋ္ဋနိဗ္ဗာန်ကို ကျေးဇူးပြုအောင် ဆိုပြီးတော့ အဲဒါက ဒီလိုဆိုပေးတာ ၊ ကိုင်း, ရှိစေ။ အခု သိကြားမင်းနဲ့ အကိတ္တိရသေ့ စကားပြောနေတဲ့ အခဏ်း ပြန်သွားကြအုံးစို့ ---- ။

" **ဒုက္ခော ပုနပ္ပုနဝါသက္က** " ------ ။ **သက္က** – သိကြားမင်း ၊ **ပုနပ္ပုနဝါ** – နောင်တဖန်ဘဝသစ်၌ ဖြစ်ရခြင်းသည်၊ **ဒုက္ခော** – ဆင်းရဲ လှပါပေတော့၏။ **သရီရဿ** – ရရှိထားတဲ့ ခန္ဓာကိုယ်၏လည်း ၊ **ဘေဒနံ** – ပျက်စီးရခြင်းသည် ၊ **ဒုက္ခံ** – ဆင်းရဲလှပါပေ၏ ၊ **သမ္မောဟမရဏံ** – တွေတွေဝေဝေနဲ့ သေရခြင်းသည် ၊ **ဒုက္ခံ** – ဆင်းရဲလှပါပေတော့၏ ။ **ယတ္ထ** – အကြင်နိဗ္ဗာန်ဆိုတဲ့ သဘောတရား ၊ အသခ်တဓာတ်၌ ၊ **တာနိ** – ထိုတဖန် ဘဝသစ်၌ဖြစ်ခြင်း ခန္ဓာကိုယ်ပျက်စီးခြင်း တွေတွေဝေဝေသေရခြင်းဆိုတဲ့ သဘောတရားတို့သည် ၊ **နသန္တိ** – ဘယ်လိုနည်းနဲ့မှ မရှိကြကုန် ၊ **တံနိဗ္ဗာနံ** – ထိုသေခြင်းကင်းတဲ့ နိဗ္ဗာန်တရားကို ၊ **ပတ္ထယန္တော** – တောင့်တသည်ဖြစ်၍ ၊ **ဃမ္မနိ** – ပင်လယ်ရေင်တွေဝိုင်း၍ လေပူလှိုင်းတိုက်၍ နေတဲ့ ဤတောရပ်

ကြီးထဲ၌ ၊ **ဧကော** – အဖော်မမှီး တစ်ကိုယ်တည်းသည် ၊ **သမ္မာမိ** – ကိုယ်ပြုံး စိတ်ပြုံး စိတ်နှလုံးဖြင့် ရွှင်ပြုံးစွာ သီတင်းသုံး၍ နေထိုင်ပါလေတော့သတည်း –––

( သာဓု သာဓု သာဓု )

**"ဘဝရှိက ဆင်းရဲရမယ်"**

နိဗ္ဗာန်ကို လိုချင်လို့ပါ သိကြားမင်းတဲ့၊ အဖန်ဖန် သေနေရတဲ့ သေခြင်းဆင်းရဲ ကိုလဲ ကြောက်လှချည်ရဲ့ ဘဝတွေ မရေမတွက်နိုင်အောင် ဖြစ်နေရတာကိုလဲ စက်ဆုတ်လှချည်ရဲ့၊ အဲဒီဆင်းရဲတွေ ကြောက်လွန်လွန်းလို့ပါ။ ဘဝ ဘာလို့ကြောက်ရသလဲ ––– ။ ။

**ဒုက္ခော ပုနဗ္ဘဝေါ သက္က ၊ သရီရဿစ ဘေဒနံ ။**

**သက္က** – သိကြားမင်း ၊ **ပုနဗ္ဘဝေါ** – နောင်တဖန်ဘဝသစ်၌ ဖြစ်ရခြင်းသည် ၊ **ဒုက္ခော** – ဆင်းရဲလှပါပေတော့၏။

ဒီတော့ "ဒုက္ခောပုနဗ္ဘဝေါ"လို့ဆိုတဲ့ "နောင်တဖန် ဘဝသစ်၌ ဖြစ်" ဆိုတဲ့ စကားကို အဋ္ဌကထာဆရာက "ဇာတိ" ဆိုတဲ့ စကားနဲ့သုံးသွားတယ် ၊ "ဂဗ္ဘ သေယျက ပဋိသန္ဓေ"ကို ရည်ပြီးတော့ သုံးသွားတယ်၊ အဲဒီ "ဇာတိ"ဆိုတဲ့ ပဋိသန္ဓေ နေတုံးကလဲ ဆင်းရဲတယ် ၊ အပြင်ရောက်တော့လဲ ဆင်းရဲတယ် မသေမချင်းလဲ ဆင်းရဲတယ် ၊ သေတော့လဲ ဆင်းရဲတယ် ၊ ကိုင်း, ရှိစေ။

နောက်တော့ "ဒုက္ခော ပုနဗ္ဘဝေါ သက္က" – ဘဝသစ်ဖြစ်ဖြစ် ဖြစ်ဖြစ်နေရတာ ဆင်းရဲတယ်ဆိုပေတယ်လို့ အလောင်းတော်တို့သာ အဲဒီ ဆင်းရဲကို အတိအကျ နှလုံးသွင်းပြီးတော့ ကြောက်ကြတာ ၊ သာမန် ပုထုဇဉ်တွေ မကြောက်ဘူး၊ ဒီတော့ သိကြားမင်း အဲဒါမသိလို့

မေးတော့မှ ဒါထုတ်ပြောတယ်။

**ဒုက္ခော ပုနဗ္ဘဝေါ သဗ္ဗ** – နောင်တဖန် ဘဝသစ်ဖြစ်ရတာ ဆင်းရဲလွန်လွန်းလို့ပါ။ ဒါကြောင့် တောကြီးမျက်မဲထဲ တစ်ယောက်ထဲ ကျင့်သုံးနေတာပါ၊ နောက်တစ်ခုက၊ **သရီရဿစ ဘေဒနံ** – ကိုယ့်အခု လက်ရှိ ရနေတဲ့ ခန္ဓာကိုယ်လေး ဟိုလိုမဖြစ်အောင် ဒီလို မဖြစ် အောင် ဆိုပြီးတော့ စောင့်လိုက် ရှောက်လိုက် ထိမ်းလိုက် သိမ်းလိုက် ရတာ အစားဆင်ခြင်ရ၊ အနေဆင်ခြင်ရ၊ အသွားဆင်ခြင်ရ၊ ဆေးဝါး မှီဝဲရ စသည်ဖြင့် ခန္ဓာကိုယ် ပျက်စီးမှာစိုးလို့၊ ကျန်းမာရေး ပျက်စီးမှာစိုးလို့ ၊ တနည်းအားဖြင့် ဆိုကြစို့ မသေအောင်လို့။

ဒါကြောင့် ကိုယ်က တွက်ထားတယ် ၊ ငါးဆယ်အထက် ခြောက်ဆယ်၊ ခြောက်ဆယ်အထက် ခုနစ်ဆယ်၊ ခုနစ်ဆယ်ဟိုဘက် အသက်ကြီးတဲ့လူတွေ အာယုဝဍ္ဎန အာယုသိဒ္ဓိ အသက်ရှည်စေမယ် ဆိုတဲ့ လူညာနဲ့ တွေ့ရင် သေချာပေါက် ကျတယ်၊ အသက်ရှည်ချင် တယ် ။ ဘာပြုလို့တုံး ၊ ခြောက်ဆယ် ၊ ခုနစ်ဆယ်ဟိုဘက် ရောက်တော့ သေဘက်က နီးနီးလာတာကိုး ၊ နီးလာတော့ အဲဒါ အသက်ရှည်စေမယ် လို့ဆိုပြီးတော့ အာယုသိဒ္ဓိ ပေါက်တဲ့ဆရာတဲ့ ဆိုရင်ဖြင့် ရုံးရုံး ရုံးရုံးနဲ့ ကပ်ကြပြီ။

**"လိမ်ကြညာကြ လူ့လောက"**

အသက်ရှည်ချင်တဲ့လူတွေ၊ အဲဒါအညာမိတာပဲ။ ဘယ်သူမှ အသက်ရှည်အောင် မလုပ်နိုင်ဘူး ၊ သိပ်သေချာတယ် ။ အဲဒီ ခြောက်ဆယ်၊ ခုနစ်ဆယ်အရွယ်တော့ မရောက်သေးဘူး ။ သုံးဆယ်၊ လေးဆယ် ၊ ငါးဆယ် ၊ခြောက်ဆယ်တွင်း စီးပွားရှာလို့ ကောင်းတုံး

ဆိုတဲ့ အရွယ်ကျတော့ အဲဒါ စီးပွားရေးနဲ့လိမ် – သေချာမိတယ်၊ ကိုယ် လိမ်နည်းတွေတော့ သိသားပဲ ၊ မလိမ်ချင်လို့၊ သိတယ်– လိမ်နည်းတွေ။ ဘယ်သူ ဘယ်လို လိမ်နေကြတယ်၊ ဘယ်သူ ဘယ်လို ညာနေကြတယ်ဆိုတာ အသိပဲ။ ဒါပေတယ်လို့ ကိုယ်သိသလို ရှောက်ပြီးတော့ ပြောလို့မတော်ဘူးလို့။ ဘာပြုလို့လဲ ၊ သူတို့ စားလမ်းပိတ်ရင် ရန်သူလုပ်တတ်တယ် ၊ မပြောဘူး။ ဒီတော့ ကိုယ်ကလဲပဲ အလကားနေရင်းတော့ ရန်သူအဖြစ်မခံလိုဘူး ၊ အဲဒါကြောင့် သုံးဆယ်အထက် ၊ လေးဆယ်၊ ငါးဆယ် ၊ ခြောက်ဆယ် အတွင်း စီးပွားရှာနေတဲ့လူတွေ အဲဒါ တဆယ်က တရာဖြစ်စေမယ်။ ရွှေ၊ ငွေဖြစ်စေမယ်ဆိုရင် အဲဒီလူတွေယုံ၏။ ကိုင်း , ရွှေ ၊ ငွေဖြစ်တဲ့ လူက သူများအလကား လုပ်ပေးပါ့မလား ၊ စဉ်းစားကြည့် ၊ အဲဒါ လောဘ မထိမ်းနိုင်တော့ အဲဒီလူတွေ နောက်ကို ရွှေပါ၊ ငွေပါနဲ့ လူတွေ အများကြီး ၊ တချို့လဲ လူသိမခံဘူး ၊ တချို့လဲ အုပ်မရလို့ ပေါ်ကုန် ကြတယ်။ အဲဒီ သုံးဆယ်အောက်လူ လိမ်မယ်ကြံရင် ပီယဆေးနဲ့သာ လိမ်ကျလေ၏ တည်း။ သုံးချက်မှတ်ထားကြ ၊ သုံးဆယ်အောက် အရွယ် ယောကျ်ားပဲဖြစ်ဖြစ် ၊ မိန်းမပဲဖြစ်ဖြစ် ပီယဆေး ကောင်းတယ်ဆိုတာနဲ့ လိမ်ရင် ကျ၏။ သုံးဆယ်အထက် လေးဆယ် ငါးဆယ် ခြောက်ဆယ်အတွင်း စီးပွားရေးနဲ့ ချမ်းသာအောင် လုပ်ပေး မယ်ဆိုရင် ကျ၏။ ငါးဆယ် ဟိုဘက်ကျော်သွားလို့ ခြောက်ဆယ် ခုနစ်ဆယ် အသက်ရှည်စေမယ်ဆိုရင် ကျ၏။ လိမ်ချင်လဲ လိမ်ကြရော့ အလိမ်ခံချင်လဲ ခံကြရော့ပဲ။ ကိုင်း ,ကိုင်း, ရှိစေ။ ။

**သရိုရဿစ ဘေဒန်** – ဒီက ထွက်သွားတဲ့စကားပါ၊

**သရီရသာလ** – ရရှိထားတဲ့ ခန္ဓာကိုယ်၏လည်း ၊ **ဘေဒနံ** – ပျက်စီးရခြင်းသည်၊ **ဒုက္ခံ** – ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပေတော့၏၊

**"သေချိန်ကျရင် သေရမှာပဲ"**

ခန္ဓာကိုယ် မပျက်စီးချင်ပဲကိုး ၊ ရရှိလာတဲ့ ဘဝလေးဟာ လူတိုင်းအသက်ရှည်ချင်တယ် ၊ ဒီတော့ ကိုယ်ကတစ်ခါတစ်ခါ ပြောရတယ်၊ သိပ္ပံပညာ၊လောကဓာတ်ပညာ ဘယ်လောက်ထွန်းကား လို့ ဘယ်လောက် ဘာတွေဖြစ်တယ် ဆိုပေတယ်လို့ ၊ အိုမှု မတားပါ ဘူး ၊ နာမှု မတားပါဘူး ၊ သေမှုမတားပါဘူး ၊ သေအောင်တော့ စွမ်းပါတယ်လို့ ၊ လက်နက်တစ်ခုထဲနဲ့ လူတွေအများကြီး သေအောင် တော့ စွမ်းပါတယ်လို့ ၊ သိပ္ပံပညာ လောကဓာတ်ပညာ မဆိုးပါဘူးလို့ သို့သော် သေနေတဲ့လူတွေ မသေအောင် တားပေးမယ်ဆိုတဲ့ နည်းတော့ ကနေ့အထိ မဖြစ်ဘူးလို့၊ ဘယ်တော့မှလဲ ဖြစ်မယ် မဟုတ်ဘူးလို့ ၊ ဒီအထဲက အဂ္ဂိယထိုးလို့ ဝိဇ္ဇာဓိုရ် သွားဖြစ်ဦးမှာ လိုလိုနဲ့ အဂ္ဂိယထိုးရင်း သေသွားတဲ့လူတွေ မရေတွက်နိုင်တော့ဘူး၊ အဲဒါ ပြောမိအောင် ပြောသေးတယ် ၊ အသေတွက်တဲ့။ လောကတော့ ဟုတ်ကဲ့လား။ ကိုင်း , ကိုင်း , ရှိစေ။

ကိုယ့်အမျိုး ၊ သူ့အမျိုး ၊ ကိုယ့်အမျိုးလဲ အဂ္ဂိယထိုးရင်း သေသွားတဲ့လူတွေ ရှိပါတယ်။ ကိုယ့်ဆရာသမားတွေလဲ အဂ္ဂိယ ထိုးရင်း သေသွားတာ ရှိပါတယ် ၊ အဲဒီအထဲ သေတာသေတယ်လို့ မပြောလိုက်သေးဘူး ၊ အဲဒါ အသေထွက်တဲ့။ အောင်မယ် ပြောလိုက် သေးတယ် ရုပ်ပြောင်းသွားတာတဲ့ ၊ ဘာမှ မထူးပါဘူး ၊ သေတာဟာ သေတာပါပဲ ၊ ရှုတ်မနေပါနဲ့ ၊ ကိုင်း , ရှိစေ။

အဲဒီတော့ --- "သမ္မောဟမရဏံ ဒုက္ခံ" --- သမ္မောဟ မရဏံ – တွေတွေဝေဝေ သေရခြင်းသည် ၊ ဒုက္ခံ – ဆင်းရဲလှပါပေ တော့၏။

ဒီတော့ "သမ္မောဟမရဏံ "ဒုက္ခံ အဌသာလိနီမှာ ကိုယ်တွေ့ တုံးက ပြောဦးမယ် ၊ ဒီဇာတ်ကို နှလုံးမသွင်းသေးဘူး ၊ မကြည့်သေး ဘူး ၊ တို့စိတ်ထဲမှာ ပါဠိတော် တွေ့ဘူးပါတယ် ၊ "သမ္မောဟမရဏံ ဒုက္ခံ" ပါဠိတော် တွေ့ဘူးပါတယ် ၊ အဌကထာစကားမဟုတ်ပါဘူး ၊ အဌသာလိနီမှာတော့ တွေ့တယ် ၊ သမ္မောဟမရဏံ ဒုက္ခံ ၊ ရှာလိုက်တာ တွေ့ကို မတွေ့ဘူး ၊ အခု မလွန်မှာ ကိုယ် အကိတ္တိဇာတ် ဟောဦးမယ်ဆိုပြီး ၊ လေ့လာတော့မှ ဒီ ပါဠိတော်လာတွေ့နေတယ် ၊ ရှေးတုံးက တွေ့ပြီးသား ၊ ကိုယ် ပြန်မပေါ်ဘူး ၊ ပြောပါတယ် အခုမှ လာတွေ့နေတယ် ၊ "သမ္မောဟမရဏံ ဒုက္ခံ "။

ဩော် , ဒီပါဠိတော် ငါ စဉ်းစားလို့ မရဘူး ၊ ဗုဒ္ဓဝင်ချည်း ထင်ပြီး တော့ ဗုဒ္ဓဝင် ပါဠိတော် ရှာလိုက်တာ အဲဒီကလဲ ပါသေးသကိုး၊ "ဒုက္ခော ပုနပ္ပုနဝါသော"ဆိုတာပါသေးတယ်၊ဗုဒ္ဓဝင်မှာလဲ ဒီဂါထာမျိုး၊ သို့သော် "သမ္မောဟမရဏံ ဒုက္ခံ"တော့ မပါဘူး ၊ ရှာမတွေ့ဘူး ၊ အဲဒီ ချည်းတဝဲလယ်လယ်နဲ့ ကြည့်နေတာ အခုမှ ဒီဇာတ်လာပြီးတော့ ဒီပါဠိတော် တွေ့နေတယ် ၊ အဌသာလိနီမှာ ပါတဲ့ "သမ္မောဟမရဏံ ဒုက္ခံ" ဆိုတာ ဒီပါဠိတော်ပဲလို့ ကိုယ်,ပြောလိုတာပါပဲ။ ကိုင်း, ပြီးစေ၊ ဒါက။ ။

## "သေခြင်းတရား ဤနှစ်ပါး"

အသေ နှစ်မျိုးရှိတယ်၊ သမ္မောဟမရဏ၊ အသမ္မောဟမရဏ၊ သမ္မောဟမရဏ လို့ဆိုတာ ဒါနမှုလဲ မရှိ၊ သီလမှုလဲမရှိ၊ ဘာဝနာမှုလဲ မရှိ၊ သုစရိုက်တရားလဲ ကျင့်သုံးထားတာမရှိ၊ ဒုစရိုက်အိုး ဒုရာဇီဝ မကောင်းတာတွေကျင့်သုံး၊ ကာယကံမှု မကောင်းတာ၊ ဝစီကံမှု မကောင်းတာ၊ မနောကံမှု မကောင်းတာ နဲ့ တသက်လုံး ကျင့်သုံးပြီး တော့ သေခါနီးကျပြီဆိုတော့ ဘာမှ စဉ်းစားလို့ အားကိုးစရာတရား မတွေ့ဘူး၊ အဲဒီကျတော့ ကြောက်ပြီ၊ အမေကယ်ပါ, အဖေကယ်ပါ ဖြစ်ပြီ၊ ဘယ်သူမှ မကယ်နိုင်တော့ဘူး၊ ဘာပြုလို့တုံး၊ ကိုယ်က ဆည်းပူးခဲ့တာ အာစိဏ္ဏကံ ဘာမှ မရှိဘူး၊ ဒီတော့မှ ဆွေများ မျိုးများ မိဘများ အဲဒါ မိတ်ဆွေသင်္ဂဟ ဆရာသမားများက သနားလို့ အဲဒါ ဘုရားစေတီ ရှေ့နားကပြပေးရ၊ ပရိတ်ရွတ်ပေးရ၊ အာရုံပြုနိုင်ရင် တော့ မဆိုးဘူး၊ ထားပါတော့ အာသန္နကံ ဖြစ်အောင် လုပ်ကြရတာ၊ ကဲ, မင့်အတွက် တို့သင်္ကန်းလှူတယ်၊ မင့်အတွက် ဆွမ်းကျွေးတယ်၊ အာရုံပြုကြည်ညို ဆိုပေတဲ့ယ်လို့ ဟို, ဝေဒနာက ဖမ်းနေပြီ၊ ကြည်ညို နိုင်ဘို့ သိပ်မလွယ်ဘူး၊ ဒါ အာသန္နကံ ဖြစ်အောင်ဆိုပြီး ဘေးက ကြိုးစားကြရတာ၊ အာရုံပြုနိုင်ရင် ဖြစ်တာ်တွေလဲ ရှိပါတယ်။ ကိုင်း, ရှိစေ။

ဒီတော့ အဲဒီလို ကိုယ်ပြုထားတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု တစ်ခုခုကို အာရုံမပြုနိုင်ဘဲနဲ့ သေရရင် အဲဒါ သမ္မောဟမရဏတဲ့၊ အဲဒီ ဒုက္ခမှ ဆင်းရဲတာတဲ့၊ ဘာပြုလို့ ဆင်းရဲသလဲ၊ သေပြီးရင် အပါယ်လေးပါးစာဖြစ်တော့မှာ သိပ်သေချာနေတယ်တဲ့၊

ဒါကြောင့်မို့လို့ တို့ဒေသနာတော်က ဘာပြောသလဲ ၊ အတိုချုပ် ပြီးတော့ ပြောရလို့ရှိရင် ---

**"အမြဲလှူသူ သောတာပန်နဲ့တူ"**

**ယေသံ နိဗဒ္ဓပုညာနိ ၊ တေသံ ဂတိ သောတာပန္နဂတိ သဒိသာယေဝ ---။**

**ယေသံ** – အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ **နိဗဒ္ဓပုညာနိ** – အမြဲမပြတ် ဆည်းပူးအပ်သော ကုသိုလ်တို့သည် ၊ **သန္တိ** – ရှိကြလေကုန်၏ ၊ **တေသံ** – ထိုနိဗဒ္ဓပုညဆိုတဲ့ အမြဲမပြတ် ဆည်းပူး၍ နေတဲ့ ကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်တို့၏ ၊ **ဂတိ** – လားရာဂတိ သည် ၊ **သောတာပန္နဂတိသဒိသာယေဝ** – သောတာပန်ပုဂ္ဂိုလ်၏ ဂတိနှင့် တူသည်သာလျှင်တည်း။ ။

ကောင်းပြီ သောတာပန်ဂတိက ဘယ်လိုတုံး ၊ တောတာပန် ဂတိဆိုတာက အပါယ်လေးပါး တံခါးပိတ်ပြီးတော့ သုဂတိလျှင် လည်းလျောင်းရာရှိတယ် ၊ အပါယ်လေးပါး ဘယ်တော့မှ မရောက် တော့ဘူး ၊ ဒီတော့ တို့အငုံတ္တိုရ် အဋ္ဌကထာက ဘာပြောထားသလဲ ၊ အဲဒီ သောတာပန်ချည်း မဟုတ်ပါဘူးတဲ့ ၊ ကလျာဏပုထုဇဉ် ဒါန ၊ သီလ ၊ ဘာဝနာနဲ့ နေတဲ့ ပုဂ္ဂိုလ်၊ ဘုရားတည် ၊ ကျောင်းဆောက် ထားတဲ့ပုဂ္ဂိုလ် ၊ ရေတွင်း ၊ ရေကန် ၊ တန်ဆောင်း ၊ ပြဿဒ် လှူထား တဲ့ပုဂ္ဂိုလ်တွေဟာ သောတာပန်နဲ့ အတူတူပဲတဲ့။ ဒီတော့ တို့ပရိတ်သတ်ထဲ ကျောင်းဒကာ ၊ ကျောင်းအမတွေများစွာ ပါလိမ့် မယ် ၊ အားမငယ်ကြနဲ့ ၊ အဲဒီ ကိုယ်ဆောက်ထားတဲ့ ကျောင်းကို မပြတ် မပြတ် ပြန်အာရုံပြု ၊ အဲဒီ အာရုံပြုပြီးတော့ ကြည်ညိုနိုင်တဲ့ ကုသိုလ်က

သုဂတိဘဝကို ကယ်တင်သွားလိမ့်မယ် ၊ အပါယ်လေးပါး တံခါးပိတ် စေလိမ့်မယ် ၊ ဒါ့ကြောင့် သောတာပန် ဂတိနဲ့ တူပါတယ်တဲ့ ၊ ဘုရား တည်တယ် ၊ ကျောင်းဆောက်တယ် ဆိုတာ အလကားမဟုတ်ဘူး ၊ အဲဒီလို ကျေးဇူးကြီးမားတယ် ၊ ဒီတော့ အခုလို သမိုင်းဝင်တဲ့ ၊ မလွန် ဆန်လှူသင်းကြီးလိုမျိုး နှစ်တိုင်းနှစ်တိုင်း လှူလှူပြီးတော့ ဒီလို ပရိတ်သတ်တွေနဲ့ တရားနာနေရတာလဲ လေးညတို့တိုင်တိုင် လှူရ တန်းရတာ ရေစက်ချရတာတွေ မမေ့နဲ့ ၊ မပြတ်မပြတ်နှလုံးသွင်း ၊ အဲဒီ နှလုံးသွင်းပြီးတော့ ကြည်ညိုတဲ့ စေတနာလေးက အပါယ်လေးပါး တံခါးကို အကုန်လုံး ပိတ်ပြီးတော့ တားဆည်းလိမ့်မယ် ၊ ဒါ ကေန် ပြောနေတာ ၊ ကျမ်းဂန်နဲ့ ညှိပြီးတော့ ဘာမှ အားငယ်နေစရာမရှိဘူး၊ ဒီလို နိစ္စထာဝရ ကုသိုလ်ကောင်းမှုတွေ ရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ သောတာပန်ရဲ့ဂတိနဲ့ အတူတူပဲတဲ့။ ကိုင်း.,ရှိစေ။

## "ကုသိုလ်မရှိက တွေဝေစွာသေရ"

ဒါ့ကြောင့် "သမ္မောဟမရဏ" တွေတွေဝေဝေနဲ့ ကုသိုလ်ကောင်း မှုမရှိပဲနဲ့ သေရတဲ့ လူတွေမှ အသေဆိုးတဲ့ ။ အဲဒါမှ အရပ်ထဲဆဲတဲ့ သေချင်းဆိုး ဆိုတာသူတို့မှ အစစ်တဲ့ ၊ ဟုတ်လား ။ ဘာမှ ကုသိုလ် ကောင်းမှု မရှိပဲနဲ့ သေရတဲ့လူတွေ အဲဒါ သေချင်းဆိုးလို့ ဆိုတာ သေချာတယ် ၊ အဲဒါ "သမ္မောဟမရဏ"တဲ့။

## "ကုသိုလ်ရှိက ဂတိမြဲတယ်"

အဲ ကုသိုလ်ကောင်းမှုတွေကို အာရုံပြုပြီးတော့ မတွေဝေပဲနဲ့ ကိုယ့်ကုသိုလ်ကို အာရုံပြုပြီးတော့ ပြုံးပြုံးကလေးနဲ့ သေသွားနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ "အသမ္မောဟမရဏ" တဲ့ ၊ သူက သုဂတိ သိပ်သေချာ

နေတယ်။ တို. ဘုရားလက်ထက်တုံးက ဓမ္မိက ဥပါသကာကြီး ပြောရဦးမယ် ၊ ဓမ္မိက ဥပါသကာကြီး သေခါနီးတော့ အခုလိုပဲ သံဃာတွေပင့်ပြီးတော့ ပရိတ်တရား နာနေ သူမှပရိတ်တရားနာ နေတုံးရှိသေးတယ် ၊ မသေခင် နတ်တွေက သူ.နတ်ပြည်လိုက်ပါ ငါ့နတ်ပြည်လိုက်ပါနဲ့ နတ်ရထားခြောက်စင်းနဲ့ လာပြီးတော့ တကြော်ကြော်နဲ့ ခေါ်နေကြတယ် ၊ ဘတ်စ်ကားသမားတွေ ခရီးသည်ခေါ်သလိုပေါ့ ၊ ဟုတ်ကဲ့လား ၊အပြိုင်အဆိုင်နဲ့ နတ်ရထားခြောက်စင်းက ခေါ်လိုက်ကြတာ ဒီတော့ သူက ပရိတ်နာနေတယ် ၊ ဟိုက နတ်ရထားခြောက်စင်းက ခေါ်နေကြတယ် ၊ ခေါ်နေကြတော့ သူက လက်ကာပြတယ်၊"နေကြစမ်းပါဦး"ဆိုပြီးတော့ဒီတော့အနားနားမှာ ရှိနေကြတဲ့ သားတွေ ၊ သမီးတွေ ၊ မြေးတွေ ၊ ဆွေတွေမျိုးတွေက အမယ်လေး တို.အဖေ တို.အဖိုး တိုးဦးကြီး ယောင်ယမ်းကုန်ပြီဆိုပြီးတော့ ငိုကြ ၊ ရိုကြ ၊ ပရိတ်ရွတ်နေတဲ့ ကိုယ်တော်တွေကလဲ ရပ်ကုန်ကြရော ဟာ, အရှင်ဘုရားတို. ဘာလို.ရပ်တာလဲ ဆက်ရွက်ပါ ၊နင်တို.က ဘာလို. ငိုကြတာတုံးဆိုတော့ အဖေ ဂယောင်ဂတမ်းဖြစ်လို. အဖိုးဂယောင်ဂတမ်းဖြစ်လို. ။ မဖြစ်ပါဘူး၊ ဘာဖြစ်လို. လက်တွေ ခြေတွေ ယမ်းပြတာတုံး ၊ လက်ယမ်းပြတာ ဘာယမ်းပြတာတုံး ၊ အောင်မာ ဖြစ်မဖြစ်ရလေ။ နတ်ပြည်က နတ်ရထားခြောက်စင်း တကြော်ကြော်နဲ့ ငါ့လာခေါ်နေကြတယ် ၊ နင်တို. မမြင်ဘူးလား ၊ ကုသိုလ်ရှင်မှ ကြားတာဗျ ၊ ကြားချင်တိုင်း ကြားတာမဟုတ်ဘူး၊ ဟို ရန်ကုန်က အသံလွှင့်ရုံက အသံလွှင့်ပေးနေပေတယ်လို. ရေဒီယိုရှိတဲ့ အိမ်ကမှ ကြားတာ ၊ မရှိတဲ့အိမ်ကကြားတာ မဟုတ်ဘူး ၊ အဲဒီ ရှိတဲ့အိမ်က

ကျယ်ကျယ်ဖွင့်ပေးရင်လဲ ချောင်းနားထောင် ကြားချင်ကြားဦးမှာပေါ့။ဟို, သူ့ဟာသူ အဆင်ပြေမှ အန်ကိုက်မှကြားတာ မြင်တာကို ပြောတာပါ ။ ကုသိုလ်ရှင်ကျတော့ မြင်တာပေါ့ ၊ နတ်ရထားတွေ ကုသိုလ်ရှင်မဟုတ်တဲ့လူတွေ ဘေးကလူတွေ ဘယ်နှယ့်လုပ် မြင်ပါ့ မတုံး ၊ မှန်ဘီလူးနဲ့ကြည့် မမြင်ဘူး ၊ ဟုတ်လား။ မှန်ပြောင်းနဲ့ကြည့် မမြင်ဘူး၊သိပ်သေချာတယ်၊အဲဒီတော့ ကိုယ်ကြည့်လို့ မမြင်ရတိုင်း မရှိဘူး မရှိဘူး ပြောနေလို့ မဖြစ်ဘူး ။ ကိုင်း , ရှိစေ။

## "သားသမီးများက ဝိုင်းရီကြ"

အဲဒီတော့ နတ်ရထားခြောက်စင်း ရောက်နေတယ် ၊ ငါ့ တကြော်ကြော်နဲ့ ခေါ်နေကြတယ် ၊ သူ့ရထားလိုက်ပါ ၊ ငါ့ရထား လိုက်ပါနဲ့ အဲဒါကြောင့်မို့လို့ ငါ ဒီက ပရိတ်နာတာ ပျက်မှာစိုးလို့ လက်ကာပြတာပါဆိုတော့ ရီကြသတဲ့ သားတွေ သမီးတွေ မြေးတွေက ရီကြသတဲ့ ၊ မယုံလို့ပေါ့ ၊ ဟို, သိပ်ပွဲသမားတွေဖြစ်တော့မပေါ့ ၊ ရီကြ သတဲ့ ၊ "ဟဲ့,မရီကြနဲ့ ၊ ငါ အဟုတ်ပြောတာ ၊ နင်တို့ မယုံကြဘူးလား" လို့ဆိုတော့ မယုံဘူးလို့ ဆိုသတဲ့ ၊ မမြင်ရ မယုံတန်းလိုဖြင့် မခက် သေးဘူးလား ၊ အဲဒီတော့ သူက ကိုင်း , ဒါဖြင့် ကောင်းပြီ ၊ နင်တို့ ယုံလောက်အောင် ငါပြောမယ်၊မမာနေတဲ့အထဲက ပြောရ၊မောစရာ ကောင်းလိုက်တာ ၊ ကိုယ်တော့ ပြောမှာမဟုတ်ဘူး ၊ စိတ်ဆိုးတာနဲ့ ကြားရဲ့လား ၊ အေး , ဒီတော့ ပန်းကုံးခြောက်ကုံးလုပ် ၊ငါက, ဒီက အဓိဋ္ဌာန်မယ် ၊ နင်တို့ ပန်းကုံးတွေ မြှောက်လိုက် ၊ ကိုင်း , နတ်ပြည် ခြောက်ထပ် ဘယ်နတ်ပြည် အကောင်းဆုံးတုံး၊ နင်တို့ကြားဘူးတဲ့ ဗဟုသုတနဲ့ ငါ့ပြောကြစမ်း ၊ဒီတော့ တုသိတာ နတ်ပြည် အလောင်း

တော် အရိမေတ္တေယျ နတ်သားရှိတယ်လို့ ဆိုပါတယ်၊ အဲဒီ နတ်ပြည့်ဟာ အကောင်းဆုံးပါပဲ။ အလောင်းတော်နဲ့ အတူတူနေရမှာဖြစ်လို့၊ ကိုင်း, ကိုင်း ဒါဖြင့် နင်တို့ပြောတဲ့အတိုင်း နတ်ပြည်ခြောက်ထပ်မှာ ငါတုသိတာ နတ်ပြည်သွားမယ် ၊ ပန်းကုံးတွေ အပေါ်လှမ်းမြှောက်လိုက် ၊ ဟော တုသိတာ နတ်ပြည်က ရထားချိတ်နေတဲ့ ပန်းကုံးကျန်နေရစ်ခဲ့လိမ့်မယ် ၊ ကျန်တဲ့ ပန်းကုံးတွေ ပျောက်သွားလိမ့်မယ် ၊ သူပြောတဲ့အတိုင်း ၊ ဒီက ပန်းကုံးတွေ ရမ်းသန်းမြှောက်ရတာပေါ့။

ရမ်းသန်းမြှောက်တော့ ရထားဦးတွေ စွပ်ရက် စွပ်ရက်နဲ့ နေပြီးတော့ သူကပြောလိုက်တယ်တဲ့၊ တုသိတာ နတ်ပြည်က ရထားပဲ စောင့်နေပါလို့ ဆိုလိုက်တော့ အဲဒီ ပန်းကုံးကြီးတစ်ခုပဲ ရမ်းရမ်း ရမ်းရမ်းနဲ့ ပန်းဆုံးသာမြင်ရတယ် ၊ ဒါတောင်မှ နတ်ရထား မြင်ရတာ မဟုတ်ဘူး၊ မှန်ဘီလူးနဲ့ ကူကြည့်လို့လဲ ရတာ မဟုတ်ဘူး၊ မြင်ထိုက်မှ မြင်ရတာ ၊ အဲဒါ ပန်းကုံးတော့ မြင်ရပါတယ် ၊ ကောင်းကင် ဒီအတိုင်း ရမ်းရမ်း ရမ်းရမ်းနဲ့တဲ့ ၊ ဒါနဲ့ ပရိတ်တရားလဲ နာလို့ပြီးရော ကိုင်း , ငါသွားပြီဟေ့ ဆိုပြီးတော့ တကထဲ ခရီးသွားတော့မဲ့ပုဂ္ဂိုလ် နှုတ်ဆက်ပြီးတော့ ထွက်သွားသလိုဘဲ ၊ အဲဒါနတ်ပြည်သွားရော ၊ တုသိတာ နတ်ပြည် ကနေ့ရှိတယ် ၊ ဓမ္မိက ဥပါသကာ ။ ဒီလိုကိုး။

အဲဒါလို သေတာမျိုးကျတော့ မြေအိုးရိုက်ခွဲပြီးတော့ ရွှေအိုးကြီးဆွဲယူသွားသလိုဘဲ ၊ ဘာမှ ကြောက်စရာ၊ လန့်စရာ မရှိဘူး။ ဒါကြောင့် ဒီ, ပါဠိတော်မှာ အကိတ္တိ ရသေ့က –

**“သမ္မောဟမရဏံ ဒုက္ခံ”**... ၊ **သမ္မောဟမရဏံ** – တွေတွေဝေဝေ သေရခြင်းသည် ၊ **ဒုက္ခံ** – ဆင်းရဲလှပါပေတော့၏ ၊ **တသ္မာ** –

ထို့ကြောင့်၊ **ဝါသမ** – သိကြားမင်း၊ **ဃမ္ဗနိ** – လူသူမနီး တောမြိုင်ကြီးထဲ၌ ၊ **သမ္မာမိ** – အဖေါ်မမှီး တကိုယ်တည်းဖြင့် စိတ်ပြုံး ကိုယ်ပြုံးရွှင်ပြုံးတဲ့ စိတ်နှလုံးဖြင့် သီတင်းသုံး၍ နေနိုင်ပါတော့သတည်း ....

( သာဓု သာဓု သာဓု )

**"အရှင်ရသေ့လိုရာ ဆုတောင်းပါ"**

နိဗ္ဗာန်လိုလားလို့ ကျင့်သုံးပြီးတော့ နေတာပါလို့ဆိုတဲ့ အဲဒီအဖြေကြားတော့မှ သိကြားမင်းက ရင်မပြီးတော့ အမလေး... ကိုယ်ကျိုးနဲ့လို့ ငါမှားကုန်ပြီ ၊ ငါ့စည်းစိမ်လုမဲ့ပုဂ္ဂိုလ် ထင်တာမဟုတ်ပါပဲလားလို့ဆိုပြီး အဲဒီကျတော့မှ ဖြစ်တယ် ၊ ငါ့စည်းစိမ်လုလိမ့်မယ့် ပုဂ္ဂိုလ်ထင်လို့ လာပြီးတော့ စမ်းတယ်၊ သုံးကြိမ်တိတိ ၊ ငါညှင်းဆဲမိတာတွေ၊ ကိုယ်ကျိုးနဲ့ကုန်ပါပေါ့လား။ ငါ အလှူခံပြီးတော့မစားရအောင်လုပ်တာတွေ ကိုယ်ကျိုးနဲ့ပါပေါ့လား။ ဘုရားလောင်းတော့ ပါရမီ ဖြစ်တယ်နော်။ သူကတော့ စိတ်မချမ်း သာနေတယ် ၊ ဒီတော့ သိကြားမင်းက ကျေးဇူးတုန့်ဆပ်တဲ့အနေနဲ့ သူ့လိုလားချက်တွေ ပြည့်စုံအောင် ငါဆုပေးဦးမှပဲလို့ ဆိုပြီးတော့ ---

**တေသွံ တေ သုလပိတေ၊ ပတိရူပေ သုဘာသိတေ။**

**ဝရံ ကဿပ တေ ဒမ္မိ၊ ယံ ကိဉ္စိ မနသိစ္ဆသိ ။ ။**

**ကဿပ** – ကဿပ အနွယ်၌ ဖြစ်တဲ့ အို, အကိတ္တိရသေ့၊ **တေ** – သင်၏၊ **တေသွံ သုလပိတေ** – ဤသင်၏ နှလုံးသွင်းပုံကို ဝမ်းတွင်းက ထုတ်ဆောင်၍ထင်အောင် ဖေါ်ပြခြင်း၌ လည်းကောင်း၊ **ပတိရူပေ** – သင့်တင့်လျောက်ပတ်သော ၊ **သုဘာသိတေ** – နိဗ္ဗာန်နှင့် စပ်မြင့်မြတ်တဲ့ မင်္ဂလာစကား ပြောကြားခြင်း၌လည်းကောင်း၊ **တွံ** – သင်

သည်၊ **ယံ ကိဉ္စိ** – အမှတ်မရှိ တစုံတခုသော ၊ **ဝရံ** – ဆုကို ၊ **မနသာ** – စိတ်ဖြင့် ၊ **ဣစ္ဆသိ** – အလိုရှိပေ၏ ၊ **ကဿပ** – ကဿပ အနွယ်၌ ဖြစ်ပေသော အို, အကိတ္တိရသေ့ ၊ **တေ** – သင့်အား ၊ **တံဝရံ** – ထိုသင့်စိတ်က တောင့်တတဲ့ ဆုကောင်းဆုမြတ် မှန်သမျှကို ၊ **ဒမ္မိ** – စေတနာ ရက်ရက် ရောရောနဲ့ ပေးလိုတဲ့ သဘောရှိပါပေတော့၏။

နိဗ္ဗာန်လိုချင်လို့ ကျင့်နေပါတယ်၊ သေခြင်းကင်းရာ ပဋိသန္ဓေ နေခြင်းကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို လိုချင်လို့ ကျင့်နေပါတယ်ဆိုတဲ့ စကားကို ကြားရလို့ ကြည်ညိုလှချည်ရဲ့ ဝမ်းမြောက်လှချည်ရဲ့ သဒ္ဓါ တရားတွေ ဖြစ်လှချည်ရဲ့ ကျွန်ုပ်က ဒီလိုမဟုတ်ဘူးထင်လို့ စမ်းသပ်မိတာပါ၊ ဒီတော့ ကျေးဇူးဆပ်တဲ့ အနေနဲ့ ဆုပေးပါရစေ ၊ စိတ်ထဲမှာ လိုချင်တဲ့ ဆုရှိရင် အဲဒီဆု ပြောစမ်းပါ၊ အဲဒီလိုများ သိကြားနဲ့ တို့ပရိတ်သတ်နဲ့ တွေ့နေကြရင် ဘယ့်နှယ်လုပ်ကြမတုံး ၊ တောင်းလိုက်မဲ့ဆုတွေ ပွေလီလောင်လို့ ကြားရဲ့လား။ ဒီတော့ သိကြားက အဲဒီလိုပြောတော့ --- ။

**"အလောင်းတော် အကိတ္တိရသေ့ ဆုတောင်း"**

**ဝရဉ္စေ မေ အဒေါ သက္က ၊ သဗ္ဗဘူတာနမိဿရ ။**<br>
**ယေန ပုတ္တေ စ ဒါရေ စ ၊ ဓနဓညံ ပိယာနိ စ ။**<br>
**လဒ္ဓါ နရာ န တပ္ပန္တိ ၊ သော လောဘော န မယိ ဝသေ ။ ။**

သိကြားမင်းက ဘာဆုပေးမယ်တော့ မဆိုနိုင်ဘူး ၊ အလောင်း တော်က သိကြားမင်းဆုပေးမယ်ဆိုလို့ အလောင်းတော် အကိတ္တိ ရသေ့ကြီး တောင်းတဲ့ဆု တို့ပရိတ်သတ် နားထောင်စမ်း ၊ အနက်ပေး

မလို့ ။

"ရတိုင်းလိုချင် ပုထုဇဉ်"

**သမ္ဘူတာန မိဿရ** – အလုံးစုံသော နတ်တို့ကို အစိုးရတော်မူသော ၊ **သက္က** – အို, သိကြားမင်း ၊ **ဝရံ** – အကျွန်ုပ် တောင်းတတဲ့ ဆုကို **စေ အဒေါ** – အကယ်၍ ပေးမည်ဖြစ်ခဲ့ငြားအံ့ ၊ **ယေန လောဘေန** – အကြင် ရလိုတဲ့သဘော မက်မောရှ၍ နေတဲ့ လောဘဇောဖြင့် ၊ **ပုတ္တေစ** – သားသမီးတို့ကိုလည်းကောင်း ၊ **ဒါရေစ** – သားမယားတို့ကို လည်းကောင်း ၊ **ဓနဓညံစ** – ဥစ္စာ စပါးကို လည်းကောင်း ၊ **ပိယာနိစ** – ထိုမှတပါး ချစ်နှစ်သက် ဘွယ်ရာဖြစ်တဲ့ ဝတ္ထုပစ္စည်းတို့ကိုလည်း ကောင်း ၊ **လဒ္ဓါ** – ရရှိ၍ နေကြကုန်သော ၊ **နရာ** – သတ္တဝါ တို့သည် ၊ **နတပ္ပန္တိ** –" ရလေ လိုလေ အိုတစ္ဆေ " ဆိုတဲ့ စကားပုံကဲ့သို့ မဆုံး နိုင်အောင် လိုချင်၍ ရောင့်ရဲခြင်း မရှိကြလေကုန်။

လောဘ သာမန်မှတ်လို့ ဒါရရင် ဟိုဟာလိုချင် ဟိုဟာရရင် ဒီဟာလိုချင် ဘယ်တော့မှ မဆုံးဘူး ကိုယ်ကအစ သတ်ရင်သတ် ၊ လောဘကတော့ ဘယ်တော့မှ နှုတ်ခမ်းသတ် မပေးဘူး ၊ သိပ်သေချာ တယ် ၊ ချမ်းသာနေတဲ့လူ ချမ်းသာပြီးရင်း ချမ်းသာချင်ရင်းပဲ ၊ ဆင်းရဲ နေတဲ့လူ ချမ်းသာချင်လိုက်တာ အိမ်မြှောင်မြီးပြတ် ဆက်ဆက်ခါလို့ လောဘတရားကိုယ် ရှာတော့ ၊ ဟုတ်ကဲ့လား ၊ ကိုင်း , ရှိစေ။ ။

အဲဒါကြောင့် ---- **လဒ္ဓါ နရာ န တပ္ပန္တိ** ---- ။ ။

**လဒ္ဓါ** – ရရှိ၍ နေကြကုန်သော ၊ **နရာ** – သတ္တဝါတို့သည် ၊ **နတပ္ပန္တိ** – တင်းတိမ်ရောင့်ရဲမှု မရှိကြလေကုန်။

ရလေလိုလေ အိုတစ္ဆေ ---- ။ ။

**သော, လောဘော** – ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့ကို တလိုချင် ထဲ လိုချင်၍နေတဲ့ လောဘ တရားသည်၊ **မယိ** – ငါ့သန္တာန်၌၊ **နဝသေ မာဟောတု** – ဘယ်လိုနည်းနဲ့မှ တရံတဆစ် မဖြစ်ဘဲ ရှိပါပေတော့ သတည်း ----။ ။

( သာဓု သာဓု သာဓု )

**"လောဘမရှိအောင် လုပ်ဆောင်ပေးပါ"**

သိကြားမင်းရယ် ... ဆုပေးမှာဖြစ်လို့ရှိရင် သားတွေ မယားတွေ ဥစ္စာတွေ စပါးတွေ အသုံးအဆောင်ထိုထို ဝတ္ထုပစ္စည်း တွေနဲ့ ပြည့်စုံပြီးတော့ နေပေတယ်လို့ လူသားသတ္တဝါတွေဟာ အဲဒီ လောဘနဲ့ ရောင့်ရဲတင်းတိမ်မှု မရှိကြဘူး ၊ ရလေလိုလေဘဲ ဖြစ်နေ ကြတယ်၊ အဲဒီလို ရလေလိုလေ မဆုံးနိုင်အောင် လိုချင်နေတဲ့ လောဘ တရား ကျွန်ုပ်သန္တာန် မဖြစ်အောင် သိကြားမင်းလုပ်ပေးစမ်းပါ။

သိကြားက အတတ်နိုင်ဆုံး ချီအောင်သာ လုပ်ပေးနိုင်တော့ မပေါ့၊ ဘယ် လောဘကင်းအောင်တော့ တတ်နိုင်ပါ့မတုံး ၊ ဟုတ်လား။ ကိုင်း , တောင်းလိုက်တဲ့ဆုက လောဘကင်းအောင် လုပ်ပေးပါတဲ့ ၊- ရသေ့က တောင်းပန်လိုက်ပုံ ၊ သိကြားကတော့ ရွှေတို့ ၊ ငွေတို့ မင်းစည်းစိမ်တို့ ရတနာတို့ ဘာတို့ ညာတို့ လိုချင်လိမ့်မယ် ထင်ပြီး တော့ အတောင်းခိုင်းတာ သူက လောဘ မဖြစ်အောင် လုပ်ပေးပါ။ အဲဒါ ပေးတယ်လို့ မဆိုဘူး၊ ကျမ်းဂန်က၊ ဒေသနာတော်က မဆိုဘူး။

**"နောက်ထပ်တဖန် ဆုတောင်းပြန်"**

**တေသွိ ' တေသုလပိတေ ၊ ပတိရူပေ သုဘာသိတေ။**

**ဝရံ ကဿပ တေ ဒမ္မိ ၊ ယံ ကိဉ္စိ မနသိစ္ဆသိ ။ ။**

ထပ်ပြီးတော့ တောင်းစမ်းပါအုံး ၊ ပေးစမ်းပါရစေတဲ့ ၊ ဟော ခုနင်က ဂါထာပဲ၊ အနက်မပေးတော့ဘူး ၊ ကိုယ့်ပရိတ်သတ်။ သင် ဒီစကားကို ပြောကြားတဲ့အခါ ဒီလို မင်္ဂလာ စကားကို ကြားရတဲ့အခါ ဆုပေးချင်ပါတယ်တဲ့ ၊ စိတ်ထဲ တောင့်တ နေတဲ့ဆု တစ်စုံတစ်ခုများ ရှိလို့ရှိရင် ဒါဖြင့် ပြောစမ်းပါ၊ ဆုပေးပါရစေ ၊ လောဘ မဖြစ်အောင် လုပ်ပေးပါဆိုပြီး တောင်းတဲ့ဆုတော့ အာမ မခံဘူး ၊ ဒီသိကြား ၊ ကြားရဲ့လား ၊ ရောင်လွှဲသွားတယ် ၊ ထမင်းရည်ပူလာလျှာလွှဲ။ ဒီတော့ ရှေ့ဆက်ပြီးတော့ ဆုတောင်းစမ်းပါဦးဆိုတော့ သူက အတောင်း ခိုင်းတော့ ဟိုကတောင်းတယ် --- ။

**ဝရဥ္စေ မေ အဒေါသက္က ၊ သမ္ဘာဂူတာနမိဿရ။**

**ခေတ္တံ့ ဝတ္ထုံ့ ဟိရည္ဥ ၊ ဂဝါဿံ ဒါသပေါရိသံ။**

**ယေန ဇာတေန ဇီယန္တိ ၊ သော ဒေါသော နမယိ ဝသေ။**

ခုနင်က လောဘရဲ့အစွမ်းကြောင့် ခေတ္တ-လယ်မြေ ၊ ဝတ္ထု-ယာမြေ ၊ အဲဒါတွေ ပြည့်စုံနေတယ် ၊ လောဘအစွမ်းကြောင့် ပြည့်စုံနေတဲ့ ပစ္စည်းတွေ "ခေတ္တံ့ ဝတ္ထုံ့" ဒါတွင်လား ။ ဟိရည္ဥ- ရွှေငွေ ၊ ဂဝါဿ – နွားမြင်း ၊ ဒါသပေါရိသံ – အစေခံ ၊ ကျွန်ယောကျ်ား ပြည့်စုံနေတယ် ၊ ပြည့်စုံနေပေတယ်လို့ ၊ ဘာဖြစ်လဲ ---

"ဒေါသကင်းအောင် ပြုပေးပါ"

**ယေန ဇာတေ ဇီယန္တိ ---**

**ဇာတေန ဥပ္ပန္နေန** – မိမိသန္တာန်မှာ ဖြစ်ပေါ်၍လာသော ၊ **ယေန စိတ္တေန** – အကြင်ဒေါသနှင့် ယှဉ်သော စိတ်ဖြင့် ၊ **တာနိ**– ထို ယခုတင်က ပြောပြအပ်ခဲ့ပြီးတဲ့ ပြည့်စုံနေတဲ့ အလုံးစုံသော ပစ္စည်း

တို့ကို ၊ **ဓိယန္တိ** – ဆုံးရှုံး ပျက်စီးအပ် လေကုန်တော့၏။ ။

ဒေါသရယ်လို့ ဖြစ်လာရင် အမှုဖြစ်ကြတယ် ၊ အမွေမှု ဘာမှု ညာမှု စသည် ၊ အဲဒီ အမှု ဖြစ်လာရင် မဆုံးတော့ဘူးတဲ့ ပစ္စည်းတွေ ကုန်ချင် ကုန်ပလေ့စေ ဆိုတဲ့မှုနဲ့ ဒေါသဘယ်တော့မှ မငြိမ်းဘူးတဲ့ ၊

**သော ဒေါသော န မယိ ဝသေ** ---။

**သော ဒေါသော** – ထို,အကြောင်းရယ်လို့ ရှိလာရင် သည်းမခံနိုင်ပဲနဲ့ ဒေါသဖြစ်တတ်တဲ့ သဘောတရားမျိုးသည် ၊ **မယိ** – ငါ့သန္တာန်၌ ၊ **န ဝသေ မာဉပ္ပဇ္ဇတု** – တရံတဆစ် ဘယ်တော့မှ မဖြစ်ဘဲရှိပါစေတော့သတည်း ... ။

( သာဓု သာဓု သာဓု )

သိကြားမင်းကြီးတဲ့ ၊ စွမ်းနိုင်လို့ ရှိရင် ၊ ဒေါသမဖြစ်အောင် လုပ်ပေးခဲ့ပါတဲ့ ၊ ဒေါသမဖြစ်ပါရစေနဲ့ ၊ ဒီတော့ သူက ပေးသလား ၊ ဒေါသမဖြစ်အောင် လုပ်ပေးပါ့မယ်လို့ အာမ,မခံနိုင်ဘူး ၊ ဒါမျိုးဆိုတာ ဘုရားတောင် အာမ,မခံနိုင်ဘူး ၊ ဘုရားက ဘယ့်နှယ်တတ်နိုင်သလဲ၊ နည်းတော့ ဟောပြနိုင်တယ် ၊ အဲဒီ,နည်းကို လက်ခံပြီးတော့ ကျင့်သုံးတဲ့ပုဂ္ဂိုလ် လောဘမဖြစ်ဘူး ၊ဒေါသ မဖြစ်ဘူး။ သတ္တဝါသန္တာန် ဖြစ်နေတဲ့ လောဘနဲ့ ဒေါသကို ငါ,ဖယ်ပေးမယ်ဆိုပြီးတော့ ဝတ္ထုပစ္စည်းကို ယူပြီးတော့ ဖယ်ပေးသလို ဖယ်လို့ ရတာမဟုတ်ဘူး၊ နည်းလမ်းသာ ပေးနိုင်တယ် ၊ ငြိမ်းရာငြိမ်းကြောင်း နည်းလမ်းသာ ပေးနိုင်တယ် ။ ဒါကြောင့် တရားဟောတယ် ၊ တရားနာတယ်ဆိုတာ လောဘသိမ်းအောင် ဒေါသသိမ်းအောင် မောဟသိမ်းအောင် ခေါင်းပါးအောင်ဆိုတဲ့ နည်းနဲ့ ဟောနေကြတာ။

အဲဒါကြောင့် ဘုရားသော်မှလဲ နည်းလမ်းသာ ပေးနိုင်တယ် ၊ တကယ် သတ္တဝါသန္တာန်ဖြစ်နေတဲ့ လောဘ ၊ ဒေါသ၊ မောဟ တရားတွေ ဘုရားကိုယ်တိုင်က ယူပြီးတော့ ပြစ်လို့ဖြစ်တာ မဟုတ်ဘူး၊ ရှိစေ။ အဲဒီ ဒေါသ မဖြစ်အောင် လုပ်ပေးပါဆိုတော့ သိကြားမင်းက ရှေ့သာ ဆက်ပြီးတော့ ဆုအတောင်းခိုင်းနေတယ် ၊ အဲဒါ အာမ,မခံဘူး သိကြား မတတ်နိုင်တဲ့ ကိစ္စတွေဆိုတာ သိပ်ထင်ရှားနေတယ်၊ ကိုင်း, ရှိစေ ၊ ဒီတော့ နောက်တော့ သူက ---

**တေသွံ တေ သုလပိတေ ၊ ပတိရူပေ သုဘာသိတေ။**

**ဝရံ ကဿပ တေ ဒမ္မိ ၊ ယံ ကိဉ္စိ မနသိစ္ဆသိ ။ ။**

စိတ်ထဲရှိရင် တောင်းပါဦး၊ ပေးစပ်းပါရစေ ၊ ရှေ့သာ ဆက်ပြီးတော့ အတောင်းခိုင်းနေတယ်၊ ဟို, တောင်းပြီးသားတွေ ပေးတယ်လို့ စာက မလာဘူး ၊ ဒီတော့ အလောင်းတော်က ---

**“လူမိုက်တွေကို မမြင်လိုပါ”**

**ဝရဥ္စေ မေ အဒေါသက္က ၊ သဗ္ဗဘူတာနမိဿရ**

**ဗာလံ န ပဿေ န သုဏေ ၊ န စ ဗာလေန သံဝသေ။**

**ဗာလေ နလ္လာပသလ္လာပံ၊ န ကရေ န စ ရောစယေ။ ။**

သိကြားမင်း ဆုပေးမယ်လို့ဆိုလို့ရှိရင် –

“ဗာလံနပဿေ” ၊ ဗာလံ – ဒုစရိုက်အိုး လူမိုက်မျိုးကို ၊ နပဿေ – မျက်စေ့နှစ်လုံးဖြင့် ဘယ်တော့မှ မမြင်ပဲဖြစ်ပါရစေ သတည်း။

လူမိုက်များ ကြောက်စရာကောင်းလိုက်ပုံတော့ ---

## "လူမိုက်သတင်းလဲ မကြားလိုပါ"

**"ဗာလံနသုဏေ"** ၊ **ဗာလံ** – ဒုစရိုက်အိုး လူမိုက်မျိုးကို ၊ **နသုဏေ** – ဘယ်အရပ်မှာ ရှိတယ်ဆိုတဲ့ သတင်းကိုမှ မကြားရပဲ ရှိပါစေသတည်း ---

လူမိုက်သတင်းလဲ မကြားပါရစေနဲ့တဲ့ ၊ အလောင်းတော် တောင်းနေတဲ့ဆု ကိုယ့်ပရိသတ် စဉ်းသားစမ်း ၊ ဘယ့်လောက်များ အထက်တန်းကျပြီးတော့ ဘယ်လောက် မြင့်မြတ်တဲ့ဆုတွေများ ဆိုတာ---။

## "လူမိုက်စကား မယုံစားပါရစေနဲ့"

**ဗာလံ န ပဿေ န သုဏေ ၊ န စ ဗာလေန သံဝသေ။**

**ဗာလေန** – ဒုစရိုက်အိုး လူမိုက်မျိုးနှင့် ၊ **နသံဝသေ** – အတူတကွ ဘယ်ဘဝ ဘယ်အခါမှ မနေရစေသတည်း ၊ **ဗာလေန** – ဒုစရိုက်အိုး လူမိုက်မျိုးနှင့် ၊ **အလ္လာပံ** – စကားနီးနှော ပြောဆိုခြင်းကို ၊ **နကရေ** – ဘယ်ဘဝမှ မပြုလုပ်ဘဲ ရှိရပါစေသတည်း ၊ **တံ** – ထိုလူမိုက် က ပြောတဲ့စကားမှန်သမျှကို ၊ **နစရောစယေ** – ဘယ်ဘဝ ဘယ်အခါမှ မနှစ်သက်ပဲ ရှိရပါစေသတည်း။

## "လူမိုက်လက္ခဏာ ဤ (၃) ဖြာ"

ဒီတော့ လူမိုက်လို့ဆိုတာ ဘာကို လူမိုက်လို့ခေါ်နေသလဲ၊

**တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ---**

အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဘုရားဟောထား၊ ဥပရိပဏ္ဏာသ မှာလဲ ဟောပါတယ် ၊ "ဗာလပဏ္ဍိတ" သုတ္တံမှာ **တီဏိမာနိ ဘိက္ခဝေ ဗာလ ဿ ဗာလလက္ခဏာနိ ၊ ကတမာနိတီဏိ ၊ ဒုစ္စိန္တိတ စိန္တီ ---**

## "မကောင်းတာကြံစည် လူမိုက်မည်တယ်"

ကြံလိုက်မှဖြင့် မကောင်းတာချည်းကြံတယ်တဲ့ - လူမိုက် ဒုဇ္ဇာ သိတဘာသိ --- ပြောလိုက်မှဖြင့် မကောင်းတာချည်း ပြောတယ်တဲ့၊ ဒုက္ကဋကမ္မကာရီ – လုပ်လိုက်မှဖြင့် မကောင်းတာချည်း လုပ်တယ်တဲ့။ အဲဒါ လူမိုက်လက္ခဏာသုံးပါး။ အဲဒီ လက္ခဏာသုံးပါး ရှိလို့ ဒီလူဟာ လူမိုက်ပဲလို့ဆိုတာ ဆုံးဖြတ်နိုင်ပါတယ်တဲ့ ဘုရားက ၊ ဒါလူမိုက်။

ဒုစိန္တိတစိန္တီ – သူတပါးဆင်းရဲကြောင်း ကြံရမယ်ဆိုရင် နှစ်ယောက်မရှိဘူး။ သူတပါးဆင်းရဲကြောင်းပြောရမယ်ဆိုရင် နှစ်ယောက် မရှိဘူး ။ သူတပါးဆင်းရဲကြောင်း လုပ်ရမယ်ဆိုရင်လဲ နှစ်ယောက်မရှိဘူး ၊ ဒီလိုကိုး။ ဒီတော့ တရားကိုယ် ထုတ်ပြလိုက်တော့ ကို ခုနင်က ပါဠိတော်မှာပါပဲ။ ကာယဒုစရိုက်သုံးပါးတဲ့။ ဝစီဒုစရိုက် လေးပါးတဲ့ ၊ မနောဒုစရိုက် သုံးပါးတဲ့။

ဒုစိန္တိတစိန္တီ – မကောင်းကြံသောအကြံ ကြံခြင်းလို့ဆိုတာ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဒီသုံးပါးပါတဲ့၊ အဘိဇ္ဈာဆိုတာ ဘာပြော တာတုံး ၊ သူများလက်ထဲရှိတဲ့ပစ္စည်း လိုချင်နေတာ ၊ ဗျာပါဒဆိုတာ အဲဒါတွေပျက်စီးကုန်အောင် လုပ်တာ ဗျာပါဒ ၊ မိစ္ဆာဒိဋ္ဌိဆိုတာ လှူမှု တန်းမှုဆိုတာ ဘာမှ အကျိုးမရှိဘူး ၊ အလကားကုန်တာပဲ ၊ ပစ္စည်းတွေ ဖြုန်းတီးပစ်နေတာပဲဆိုတာ အဲဒါ မစ္ဆာဒိဋ္ဌိ။ ပရိသတ် လွယ်လွယ် ကလေးနဲ့ နားလည်အောင် ပြောထားတာ ။ ကြံလိုက်မှဖြင့် ဒီသုံးခု နယ်ထဲက လွတ်ကို မလွတ်ဘူးတဲ့၊ လူမိုက်အကြံ ၊ ဒါပေတဲ့ တို့ခေတ် ရောက်တော့ အဲဒီဟာ ကြံနိုင်တဲ့ လူကမှ ပညာရှိဗျ၊ ကိုင်း, ရှိစေ။

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဒီသုံးခုကို လက်ကိုင်ထားတဲ့။ ပြီးတော့ ကြံစည်နေတာ လူမိုက်လက္ခဏာတဲ့။

**"မကောင်းပြောတာလူမိုက်လက္ခဏာ"**

ဒုစိန္တိတစိန္တိ – လက္ခဏာတစ်ခု၊ ဒုဗ္ဘာသိတ ဘာသီ – ပြောလိုက်မှဖြင့် ရင်တဲ့ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ သမ္ဖပ္ပလာပ။ မုသာ ဝါဒ ဆိုတာ ပြောင်လိမ်နေတာ၊ ပိသုဏဝါစာဆိုတာ တဦးနဲ့တဦး အထင် အမြင်လွဲပြီးတော့ ကွဲကုန်အောင် အစည်းပျယ်ကုန်အောင် လုပ်တာ၊ ပိသုဏဝါစာ – ဂုံးတိုက်တာ၊ ဖရုသဝါစာဆိုတာ အဲဒါ နင်ဘဲငဆ မခံမရပ်နိုင်လောက်အောင်၊ အဲဒါ စိတ်ထဲ နစ်နစ်နာနာ ဖြစ်သွား အောင် ဆဲတာဆိုတာ၊ သမ္ဖပ္ပလာပ ဆိုတာ – လုပ်ဇာတ်တွေခင်းပြီး တော့ မဟုတ်မဟတ်နဲ့ နေပြီးတော့ အဟုတ်ထင်အောင် ရောက်ပြော နေတာ သမ္ဖပ္ပလာပ၊ ဝစီဒုစရိုက်လေးပါ။

**"မကောင်းပြုသော် လူမိုက်ခေါ်"**

ပြောလိုက်မှဖြင့် သူက အဲဒါမျိုးချည်းပဲတဲ့ ၊ ဒါ, လူမိုက် လက္ခဏာ၊ အဲဒါမျိုးတွေချည်းပြောနေလို့လဲ လူမိုက်လို့ သိရတယ်တဲ့ လုပ်လိုက်ပြန်တော့ကော ပါဏာတိပါတ အဒိန္နာဒါန ၊ ကာမေသုမိစ္ဆာ စာရ ။ ပါဏာတိပါတ – သူတစ်ပါးအသက်သတ်တာ၊ အဒိန္နာဒါန – သူ တစ်ပါးပေးပေး၊ မပေးပေး သူများပစ္စည်းအတင်းယူ လုယူခိုးယူ ဝှက်ယူ တာ အဒိန္နာဒါန ။ ကာမေသုမိစ္ဆာစာရ – သူများအိမ်ယာ သားမယား ဘာမှ မချန်ဘူး ၊ အကုန်ပြစ်မှားတာ ၊ လုပ်လိုက်မှဖြင့် ဒီ, ကာယကံမှု သုံးခုနဲ့ အကုန်လုပ်တာပဲတဲ့။ ဒါကြောင့် ကာယကံမှုသုံးပါး ၊ ဝစီကံမှု လေးပါး၊ မနောကံမှုသုံးပါး၊ ဒီ, သုံးမျိုးနဲ့ ပြည့်စုံနေတဲ့ ပဂ္ဂိုလ်ကို လူမိုက်

လို့ဆိုတယ်တဲ့။

အလောင်းတော်က ဘယ်လောက်အထိ စက်ဆုပ်လိုက်သလဲ ဆိုတော့ သိကြားမင်းဆီ တောင်းတဲ့ဆုတဲ့ ၊ "ဗာလံ န ပဿေ"– ဒီ၊ မျက်စေ့နှစ်လုံးနဲ့ လူမိုက်ဆိုလို့ရှိရင် မြင်ကို မမြင်ပါရစေနဲ့ ၊ န သုဏေ – လူမိုက်ဘယ်အရပ်ရှိတယ်ဆိုတာ နားနဲ့လည်းပဲ ကြားကို မကြားပါရ စေနဲ့တဲ့ ၊ ဒီတော့ လောကလူထဲနေတာ မလွတ်ဘူး။

တို့ငယ်ငယ်တုံးက တို့နဲ့ သီတင်းသုံးဘော် သူငယ်ချင်း ဘုန်းကြီးတစ်ပါးပြောတယ် ၊ ဦးဇင်းငယ်ဘဝတုံးက ကိုယ်နဲ့အတူတူ လမ်းလျှောက်သွား၊ လမ်းလှည်းတွေနဲ့တွေ့၊ လှည်းတွေနဲ့တွေ့တော့ ဖုံကလေးထ ဒါကို နှာခေါင်းပိတ်ကြရတယ်၊ သင်္ကန်းစလေးတွေကို ကိုင်ပြီး။

သူကပြောတယ်၊ အဲဒီ ဘုန်းကြီးက အခု ပြန်လွန်တော်မူသွား ပြီ ၊ အတော်ကြာပါပြီ သူ ပြန်လွန်တော်မူတာ သူကပြောတယ် – ငါ့လူရာတဲ့၊ ဘာတုံး၊ ပြောစမ်းပါဦးဆိုတော့ ၊ ဆုတောင်းများ မပြည့်ဘူးဟေ့။ ဘယ့်နှယ်ကြောင့်တုံး၊ ကိုယ်ကလမ်းသွားတဲ့အခါ ၊ လှည်းနဲ့မတွေ့ပါရစေနဲ့လို့ဆုတောင်းတာ ၊ ဟော၊ အခု လှည်းတွေနဲ့ တွေ့နေပြီ၊ ဆုတောင်းမပြည့်ဘူးတဲ့ သူက။ ကိုယ်တော့ဟာကလဲ အတော်ခက်တာကိုးလို့။ ဘာပြုလို့တုံးတဲ့ သူက။ လှည်းတောထဲ နေပြီးတော့ လှည်းနဲ့ မတွေ့ပါရစေနဲ့ ဆုတောင်းနေလို့ ဘယ်ဖြစ်မှာ တုံးလို့ဆိုတော့ ၊ ဟုတ်ပလေတဲ့။ အခုလဲပဲ တို့က လူမိုက်တောထဲ နေရတာ။ ။

ဒီတော့ ဘုရားလောင်းက သူ့ဆုတောင်းမှာ ပြည့်စုံနေပုံ

ကိုယ့်ပြောမလို့ ... ၊ "ဗာလံ န ပဿေ န သုဏေ"– လူမိုက်ကို မမြင်ပါရစေနဲ့ ၊ လူမိုက်သတင်းကို မကြားပါရစေနဲ့။ "န စ ဗာလေန သံဝသေ" – လူမိုက်နဲ့ အတူတကွ မနေပါရစေနဲ့ ၊ သုံးချက်၊ ပဥ္စမ မူ။ မမြင်ပါရစေနဲ့ ၊ မကြားပါရစေနဲ့ ၊ အတူတူ မနေပါရစေနဲ့။

## "လူမိုက် စပြီးပေါ်ရာ ခေတ်အခါ"

သို့သော် လူ့လောကဆိုတာ လူမိုက်ဘယ်တော့မှ မကုန်ဘူး၊ ရှိနေတာပဲ၊ ဘယ်ခေတ်ကစပြီး ရှိလာသလဲလို့ ဆိုတော့ကို လူမိုက်ဆိုတာ လူတွေအသက် နှစ်ပေါင်းရှစ်သောင်းရှည်တဲ့ ခေတ်က စပြီး ဒုစရိုက်ကျူးလွန်ပြီးတော့ လူမိုက် စပေါ်လာတာ၊ တဖြေးဖြေးနဲ့ အဲဒီ ဒုစရိုက်မှုတွေ ဘယ်ခေတ်ကျတော့ အကုန်လုံးအပြည့်အစုံ ဖြစ်သလဲ။

လူတွေ အသက်တစ်ထောင်တန်းရှည်တဲ့ ခေတ်ကျတော့ ဒုစရိုက်မှုဆယ်ပါး အကုန်လုံး ပြည့်စုံသွားပြီ၊ အခု၊ အသက်ခုနစ်ဆယ့် ငါးနှစ်တန်းဆိုတဲ့ခေတ်မှာ လူမိုက်တွေ ဘယ်လောက် ပေါလိုက်မယ် ဆိုတာတော့ အဲဒါ စဉ်းစားရောဘဲ ၊ တစ်ထောင်တန်းတုံးက ဒုစရိုက်တွေ အပြည့်အစုံထွန်းကားလာခဲ့တာ ၊ အခု၊ ခုနစ်ဆယ့်ငါးနှစ် တန်းရောက်တော့ ဘယ်လောက်ပေါနေလိမ့်မယ်ဆိုတာ ရှောင်မလွတ် တော့ဘူး၊ ရှိစေ။ ဒီတော့ "န ပဿေ န သုဏေ၊ န စ ဗာလေန သံဝသေ – လူမိုက်နဲ့ အတူမနေပါရစေနဲ့ " သုံးချက်မှုချလိုက်တယ်။

## "အလောင်းတော် ပတ္ထနာ ဂုဏ်ရာ"

"ဗာလေနလ္လာပ သလ္လာပံ" – မတွေ့ပါရစေနဲ့ ဆုတောင်းထား လို့ မတွေ့ရင် ပြောဆိုမှု ဘာမှ မရှိတော့ဘူး ၊ ရှင်းနေတယ်၊ မကြား

ပါရစေနဲ့ဆိုတဲ့ဆုကို တောင်းထားလို့ လူမိုက်ဘယ်မှာ ရှိတယ်ဆိုတာ မကြားရရင် ရှင်းနေတယ်၊ လူမိုက်နဲ့ အတူမနေပါရစေနဲ့ဆိုလို့ မနေရရင် ရှင်းနေတယ်၊ သို့သော် အဲဒီသုံးခု မသေချာဘူးတဲ့ ၊ အကြောင်းမတော်ရင် လူမိုက်နဲ့တွေ့နေရလိမ့်မယ်၊ လူမိုက်သတင်းလဲ ကြားနေရလိမ့်ဦးမယ်၊ သို့မဟုတ် အတူတူလဲ နေ, နေရလိမ့်အုံးမယ်တဲ့ ၊ မရှောင်သာရင်။ အဲဒီလို နေရလို့ရှိရင် "ဗာလေနလ္လာပ သလ္လာပံ" – အတူတူနေရတဲ့ လူမိုက်နဲ့ မကင်းစကောင်းလို့ နေ,နေရရင် စကား မပြောပါရစေနဲ့တဲ့၊ ဒါက, ရှေ့သုံးချက် မပြည့်စုံဘူးဆိုရင် မကင်းစကောင်းတရားနဲ့ လူ့လောက လူမိုက်ပေါလို့ လူမိုက်နဲ့ နေရဦးမယ်ဆိုရင် စကားမပြောပါရစေနဲ့ ၊ မရှောင်သာဘူး ၊ ရပ်ကိစ္စ၊ ရွာကိစ္စ၊ မြို့ကိစ္စနဲ့ လူမိုက်တွေ ၊ လူလိမ္မာတွေ ရောနှောပြီးတော့ ပြောကြရ ဆိုကြရရင် ဟုတ်ကဲ့လား။ လူမိုက်နဲ့ စကားမပြောပါရစေနဲ့ ဆိုပေတယ်လို့ အဲဒါ, ပြောကြရ၊ ဆိုကြရလို့ လူမိုက်ကပြောတာ ကြားနေရလို့ရှိရင် "န ရောစယေ" – သူပြောတာ ကိုယ့်စိတ်ထဲက လုံးလုံးမနှစ်သက်ပါရစေနဲ့တဲ့ ၊ လူမိုက်ပြောတာဖြင့် လုံးလုံး လက်မခံနိုင်တဲ့ကိုယ် ဖြစ်ပါရစေလို့ တောင်းလိုက်တဲ့ဆု။ မနက်နဲဘူးလားလို့ ကိုယ့်ပရိသတ် ၊ ရှိစေ။ ဒီတော့ သိကြားမင်းက –––

"လူမိုက်က.. သင့်ကို မည်သို့ပြု"

**ကိံ နု တေ အကရံ ဗာလော၊ ဝဒ ကဿပ ကာရဏံ။**

**ကေန ကဿပ ဗာလဿ၊ ဒဿနံ နာဘိကင်္ခသိ။ ။**

**ဗာလော** – ဒုစရိုက်အိုး လူမိုက်ဆိုးလို့ ဆိုတဲ့ပုဂ္ဂိုလ်က ၊ **တေ**– သင့်အား ၊ **ကိံ** – အဘယ်မည်သောအမှုကို ၊ **အကရံနု** – ပြုဘူးပါ

သနည်း။

လူမိုက်က သင့်ကိုဘာတွေလုပ်ဘူးလို့တုံး ၊ ဘာတွေများ နှိပ်စက်ဘူးလို့တုံး၊ အမေ သတ်ဘူးသလား၊ အဖေ သတ်ဘူးသလား၊ ပစ္စည်း ယူဘူးသလား ၊ ပစ္စည်း သိမ်းဘူးသလား ၊ ဒီ,အဓိပ္ပါယ်တွေ အဋ္ဌကထာ က အကုန်ပါတယ်လို့ ဆိုပြီးတော့ ပြထားတယ်။ ဒီ,ကိုယ်တော်ကြီး အာဝဇ္ဇန်း ကောင်းကောင်းနဲ့ ချဲ့ပြောနေတာပါလို့ ကိုယ့်, မစွပ်စွဲနဲ့ ၊ အမေ သတ်ဘူးသလား ၊ အဖေ သတ်ဘူးသလား၊ အစ်ကို ညှင်းဆဲဘူး သလား ၊ နှစ်မ ညှင်းဆဲဘူးသလား ၊ ပစ္စည်းဥစ္စာ တွေ လုယက်ပြီးတော့ ယူဘူးသလား ။

**ကိံ နု တေ အကရံ ဗာလော ၊ ဝဒ ကဿပ ကာရဏံ။**

**ကဿပ** – ကဿပ အနွယ်ဖြစ်တဲ့ အို, အင်္ဂုတ္တိုရသေ့၊ **ကာရဏံ** – အကြောင်းကို၊ **ဝဒ** – ပြောစမ်းပါလော၊ **ကပဿ** – ကဿ ပအနွယ်၌ ဖြစ်တဲ့ အို, အင်္ဂုတ္တိုရသေ့၊ **ကေန** – အဘယ် အကြောင်း ကြောင့် ၊ **ဗာလဿ** – လူမိုက်ကို ၊ **ဒဿနံ** – တွေ့မြင်ခြင်းကို ၊ **နာဘိကင်္ခသိ** – မလိုလားပဲ ရှိရပါပေတော့သနည်း ---

(သာဓု သာဓု သာဓု)

**"အလောင်းတော် ဟောကြား လူမိုက်များအကြောင်း"**

လူမိုက်က ဘာတွေလုပ်ဘူးလို့တုံး၊ အကြောင်း ပြောစမ်း ပါဦး၊ ဘာ့ကြောင့် လူမိုက်ကို မတွေ့ချင် မမြင်ချင်ရတာလဲလို့၊ သိကြားမင်း ကိုယ်တိုင်က သူ, ပြောတဲ့အဓိပ္ပါယ် အပြည့်အစုံ အကုန် မသိလို့ ပြန်မေးရတယ်၊ ဒီတော့ အလောင်းတော်က လူမိုက် အကြောင်း ပြောတာက ----

**အနယံ နယတိ ဒုမ္မေဓော ၊ အဓုရာယံ နိယုဉ္ဇတိ။**

**ဒုန္နယော သေယျသော ဟောတိ ၊ သမ္မာ ဝုတ္တော ပကုပ္ပတိ။**

**ဝိနယံ သော န ဇာနာတိ ၊ သာဓု တဿ အဒဿနံ။ ။**

**ဒုမ္မေဓော** – ပညာမဲ့တဲ့ လူမိုက်သည် ၊ **အနယံ** – နည်းမဟုတ်သည်ကို ၊ **နယတိ** – နည်းအနေနဲ့ ဆောင်ရွက်တတ်၏။

လူမိုက်နည်း ဆိုပေတယ်လို့ အကောင်းထင်ပြီးတော့ လုပ်နေတတ်တယ်တဲ့ ၊ ဒီ,နည်းမှ ကောင်းတယ် ၊ ဒီ, နည်းမှ တိုးတက်ရေးဖြစ်တယ်၊ ဒီ,နည်းမှ ချမ်းသာကြောင်းဖြစ်တယ် စသည်ဖြင့်

**အနယံ နယတိ ဒုမ္မေဓော ။**

**ဒုမ္မေဓော**–ပညာနည်းတဲ့ ငမိုက်သားသည်၊ **အနယံ**–နည်းမဟုတ်သည်ကို၊ **နယတိ**–နည်းအနေနဲ့ ဆောင်ရွက်တတ်၏၊ **အဓုရာယံ** – မိစ္ဆာဇီဝ မကောင်းတဲ့ ဒုစရိုက် ဒုရာဇီဝမျိုး၌ ၊ **နိယုဉ္ဇတိ** – လုပ်သာလုပ်ကြဟု တိုက်တွန်းတတ်၏။

မတိုက်တွန်းသင့် မလုပ်သင့်တဲ့ အရာမျိုးကို အလုပ်ခိုင်းတတ်တယ်တဲ့။

"သိကြားမင်းအား ပြန်ဟောကြား"

**အဓုရာယံ နိယုဉ္ဇတိ ။**

**ဒုမ္မေဓော** – ပညာမဲ့တဲ့ လူမိုက်သည်၊ **အဓုရာယံ** – မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စမျိုး၌ ၊ **နိယုဉ္ဇတိ** – လုပ်သာလုပ်ကြဟု တိုက်တွန်းတတ်၏။

အလောင်းတော် အကိတ္တိရသေ့က ဟောနေတာ သိကြားမင်းက တောင်းပန်လို့ ပြန်ပြောနေတာ လူမိုက်ရဲ့ကျင့်ထုံး ---။

**ဒုန္နယော** – ဘဝသံသရာ ငါးပါးမှောက်ကြောင်းဖြစ်တဲ့ မကောင်းတဲ့ နည်းလမ်းမျိုးသည် ၊ **သေယျသော** – အမွန်အမြတ် ထားတတ်သည် ၊ **ဟောတိ** – ဖြစ်၏။

မကောင်းတဲ့ နည်းကျရင်ဖြင့် ဟာ, ဒီနည်းမှ ကောင်းတယ် ၊ ဒီနည်းဟာ အမွန်မြတ်ဆုံးနည်းပဲ ဖြစ်တတ်ပါတယ်တဲ့ ။

**သမ္မာဝုတ္တော ပကုပ္ပတိ။**

**သမ္မာ** – အကျိုးအကြောင်းနဲ့ ကောင်းမွန်စွာ ၊ **ဝုတ္တော** – ပြော ဆိုအပ်သည်ရှိသော် ၊ **ပကုပ္ပတိ** – ငါ့လိုလူကို ပြောရမလားဟူ၍ ဒေါသထားတတ်၏။

**"လူမိုက်ဆိုတာ ကြောက်စရာ"**

အသိ အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်က ဒါ မတော်ဘူး ၊ ဒါ တော်တယ်၊ ဒီဟာ မလုပ်နဲ့၊ ဟိုဟာလုပ် ၊ ဒီဟာမပြောနဲ့ ဟိုဟာပြော ၊ ဒီနည်းမှ ကောင်းတယ် ၊ ဟိုနည်း မကောင်းဘူး စသည်ဖြင့် ပြောရင် ငါ့လိုလူ ပြောရရိုးလား ၊ အမယ် လူမိုက်ဆိုတာ ဒီလိုတဲ့ဗျ။ "သမ္မာ ဝုတ္တော ပကုပ္ပတိ"။ လူမိုက်များ ကြောက်စရာ ကောင်းလိုက်တာ ၊

ပြောရဦးမယ် ၊ ကိုယ်က အလွတ်မဟုတ်ပါဘူး ၊ ဇာတ်နဲ့ ကိုးပြောမလို့၊ ဒီနေ့ညတရားတော့ ဘယ်လောက်ရှည်ရှည်၊ ဘယ့်နှယ်တုံး၊ ကိုယ့်ပရိသတ် ၊ သည်းခံ နာနိုင်ကြရဲ့လား၊ နာနိုင်ပါ ဘုရား။ ဟာ, မင်းတယောက်ထဲက ပြောတာ ငါလက်မခံသေးဘူး၊ အဲဒီတော့ကိုး ဒီလို, ဒီလို, တို့တရားက ဒီလိုပါ။ တိုချင်လဲ သပြေခက်

ဖယ်လိုက်ရုံပဲ၊ ရှည်ချင်လဲပဲ အဲတာ သပြေခက်နား ဝေ့လယ်ဝေ့လယ်နဲ့ လုပ်ပြီးတော့ "ရွှေဗဟိုရ် စည်သံများ မကြားရ ကြာချေပြီ လေးလရာသီ" ဆိုပြီးတော့ လုပ်နေလိုက်ရုံပဲ ။ ဒါကတော့ ။ အဲဒီတော့ ပြောသာပြောကြ၊ ညောင်းကုန်ပါပြီ ဆရာတော် ---၊ တော်ကြစို့ ဆိုရင်လဲပဲ ၊ အဲဒါ အခုပဲ သိမ်းတော့မယ် ၊ ဟုတ်လား၊ ကိုင်း, ရှိစေ။

## "ဇာတ်တော်ထဲက လူမိုက်"

ဒီတော့ တိလမုဋ္ဌိဇာတ်မှာ ကိုယ်ပြောပြအုံးမယ် ၊ ဗာရာဏသီက မင်းသားလေး၊တက္ကသိုလ်တိုင်းပြည် သွားပြီးတော့ ပညာသင်ကြားခိုင်းထားတယ်၊ ဆရာ့ အခကြေးငွေ ဆိုပြီးတော့ ငွေတစ်ထောင်ပေးလိုက်တယ်၊ ရှင်ဘုရင်ကြီးက သားတော်ကို ကိုယ့်တိုင်းပြည်လဲပုရောဟိတ်တွေ ရှိပါရက်သားနဲ့ ဘာပြုလို့ တက္ကသိုလ်တိုင်းပြည်လွှတ်ပြီးတော့ ပညာသင်ခိုင်းရသလဲဆိုတော့ သည်းခံရည် ရှိအောင်လို့တဲ့၊ တိုင်းတပါး ဗဟုသုတကိုလည်း ရအောင်လို့တဲ့ ၊ ပေါင်းသင်းဆက်ဆံရေးကိုလဲ ကျွမ်းကျင်အောင်လို့တဲ့ ၊ အမယ်, ကျမ်းဂန်ကဆိုတာက အခု , တိုင်းတစ်ပါးသွားနေကြတာတော့ ဘာအဓိပ္ပါယ်ရှိတယ်လို့ မပြောတတ်ဘူးပေါ့လေ၊ ဟုတ်ကဲ့လား ၊ ကိုင်း, ရှိစေ။

## "ပညာသင်နည်း (၂)မျိုး"

အဲဒါ ကျွမ်းကျင်အောင်လို့ ၊ သည်းခံစိတ်ရှိအောင်လို့၊ ပေါင်းသင်းဆက်ဆံရေး နားလည်အောင်လို့ ၊ ဒေသန္တရ ဗဟုသုတရှိအောင်လို့ဆိုပြီးတော့ အဲဒါ ရှင်ဘုရင့်သားပေတယ်လို့ တိုင်းပြည်ရှိတဲ့ ပညာသည်တွေနဲ့ မသင်ပဲနဲ့ တက္ကသိုလ်ပြည် လွှတ်ပြီးတော့ ပညာသင်ပါတယ်တဲ့ ၊ လွှတ်လိုက်ကရော ၊ ငွေတစ်ထောင်နဲ့သွား ၊

ဒီတော့ တက္ကသိုလ် ဒီသာပါမောက္ခဆရာကြီးနဲ့တွေ့ ၊ ဘယ်အရပ်ကတုံး ၊ ဗာရာဏသီမြို့ကပါ၊ ဘယ်သူ့သားတုံး ၊ ရှင်ဘုရင်ရဲ့သားပါ။ ဩော် , ဆရာ့ ခကြေးငွေပါရဲ့လား၊ ပါ,ပါတယ်၊ ဆရာ့အခကြေးငွေ အဲဒါ အာစရိယဘာဂ တစ်ထောင်ပါဗျာ ၊ အေး,ကောင်းပြီ။

ဟိုတုံးက ပညာသင်တာက ဒီလိုတဲ့ ၊ ဆရာ့စရိတ်ကြေးငွေ ပေးနိုင်တဲ့ပုဂ္ဂိုလ်က ဘာမှ ဆရာ့ဝတ္တရား မလုပ်ရဘူး ၊ ဒီအတိုင်းသင်၊ ကြေးငွေမပါလို့ လူအပ်ပြီးတော့ ပညာသင်ပါရစေဆိုတာကြတော့ ဆရာ့ဝတ္တရား အကုန်လုံး လုပ်ရတယ်၊ ထမင်းချက်ရတယ် ၊ ရေခတ်ရတယ် ၊ ဆရာ့ကို နင်းနှိပ် ပြုပြင်ရတယ်၊ ဆရာ့အိမ်ရှိတဲ့ ကိစ္စတွေ အကုန်လုံး ဆောင်ရွက်ပေးရတယ် ၊ ဆရာကလဲ ပညာပြန်သင်ပေး တယ် ၊ ကိုယ်နဲ့ ရင်းနှီးပြီးတော့ ပညာသင်ရတယ်၊ နှစ်မျိုးရှိတယ်၊ ရှိစေ။

ဒါနဲ့ ဗာရာဏသီ မင်းသားကလေးနဲ့ ဆရာကြီးနဲ့ ဒီပြင် တပည့်တွေနဲ့ မြစ်ဆိပ် ရေချိုးဆွင်းကြတော့ အဖွားကို တစ်ယောက်က နှမ်းတွေ ချွတ်ပြီးတော့ လှမ်းထားတယ်၊ နှမ်းတွေ ချွတ်ပြီးတယ်ဆိုတာ နှမ်း ဖြူအောင် ပြုလုပ်ထားတာ ၊ ဘယ်လိုလုပ်တယ်တော့ ကိုယ် မသိဘူး ၊ အဲဒါ ဂုံအိပ်ကြီးနဲ့ ပွတ်တယ်လို့ ဆိုတာပါပဲ၊ ဟုတ်လား။

**"နှမ်းပျစ်လုပ်နည်း နိသျှည်း"**

အဲဒါ အခွံတွေကျွတ်လို့ ဖွေးပြီဆိုတော့ ၊ အဲဒါ ခြောက်အောင် နေလှမ်း ထားရသေးတယ်၊ အဲဒီ ခြောက်ပြီဆိုတော့ နှမ်းပျစ်လုပ်။ နှမ်းပျစ် လုပ်တော့ ထန်းလျက်နဲ့ မလုပ်နဲ့၊ ကြံသကာနဲ့ လုပ်မှ ကောင်းတယ် ၊ ဟုတ်လား၊ ကိုင်း, ရှိပစေ။

တနေ့က ထန်းလျက်နဲ့ လုပ်တဲ့ နှမ်းပျစ်စားရလို့ ခါးလိုက်ပုံ တော့ မပြောနဲ့တော့ ၊ ဒါနဲ့ ကိုယ်က မေးထားတယ်၊ ဟေ့ ဒီနှမ်းပျစ် တယ်ခါးတယ်ကွာလို့ ဘယ်ကတုံးလို့ ဆိုတော့ ဘယ်ကတဲ့ ၊ အင်း, နှမ်းပျစ်ခါးခါးလေး စားချင်ရင် နောက်, သူ့အလုပ်ခိုင်းရပုံ ပေါ်နေပြီ လို့ ကိုယ်က ရိစရာပြောသေးတယ် ၊ စားရင်းသောက်ရင်း ၊ ဒါနဲ့ နောက်, မေးကြည့်တယ် ၊ နှမ်းပျစ် ဘာနဲ့ လုပ်ကြရတုံးဆိုတော့ ကြံသကာနဲ့ လုပ်ရတယ် ဘုရားတဲ့ ၊ ထန်းလျက်နဲ့ လုပ်ရင် ခါးတတ် တယ်တဲ့ ၊ ဒါကြောင့် ကိုယ် ထည့်ပြောတာ။ ဒီကိုယ်တော်ကြီး နှမ်းပျစ် လုပ်ရောင်းစားဘူးတယ် ထင်မနေနဲ့ ၊ ကိုင်း, ကိုင်း, ရှိစေ၊ ရှိစေ။

အဲဒီနှမ်းတွေ ဖွေးနေအောင် ချွတ်ပြီးတော့ လှမ်းထားတော့ တက္ကသိုလ် ဆရာကြီး နောက်က ပါလာတဲ့ ဗာရာဏသီ မင်းသားက ထမင်းများ ဆာနေလို့လား မပြောတတ်ပါဘူး၊ မင်းသား အရင့်မာကြီး က သူများပစ္စည်းများ စားချင်လိုက်တာ ရှင်ဘုရင့်သား လုပ်နေပြီး တော့ နှမ်းတွေ တဆုပ်ကြီးဆုပ်ပြီးတော့ စားသတဲ့၊ အဖွားကြီးက ဘာမှ မပြောဘူး ၊ ဒီအတိုင်းကြည့်နေတယ်။ ဩော်, ဆာလို့ထင်ပါရဲ့ ဒါလောက်ပဲ အောက်မေ့တယ်၊ နှမ်းလှမ်းထားတဲ့ အဖွားကြီးက နောက်တနေ့ လာပြန်တော့လဲ ၊ သူကလဲ လှမ်းမြဲပဲ လှမ်းထားတော့ကို ဒီအတိုင်းပဲ ဆုပ်ပြီးတော့ စားပြန်တယ်၊ မပြောဘူး၊ ဆာလို့ထင်ပါရဲ့။

## “ကျောင်းသားလေးအတွက် သနားလို့ငို”

ဒီကလေး ဒီကျောင်းသား ၊ နောက် တတိယမြောက်ရက် ကျပြန်တော့ လဲ ဒီအတိုင်းပဲ စားပြန်တာပဲ။ စားတော့ အဖွားကြီးက ကျောင်းသား ကလဲ ဖြစ်နေတော့

ဟိုက ဒီသာပါမောက္ခ တပည့်ကိုး ၊
သူတို့က အထက် တန်း ကျောင်းသားကြီးတွေ ကြောက်ရတော့ အဖွားကြီးက ဘာမှ သူတို့တော့ မပြောပဲနဲ့ ရင်ပတ်တီးပြီးတော့ ငိုသတဲ့။

ကိုယ်ကျိုးနဲရချည်ရဲ့တော့, ကိုယ်ကျိုးနဲရချည်ရဲ့တော့, ဆိုပြီးတော့ အဖွားကြီးက ငိုသတဲ့ ၊ ငိုတာကို ကိုယ်တော်ကြားလို့လား ဆိုတော့ ဒီလိုငိုမှာပဲ ဆိုပြီးတော့ ပြောတာပါ ၊ ဒီတော့မှ တက္ကသိုလ် ဆရာကြီးက လှန်းကြည့်တယ်တဲ့ ၊ အမေကြီး ဘာဖြစ်တာတုံး၊ ဆရာကြီ , ဆရာကြီး တပည့်ထဲက ဟောဒီတပည့်ဟာ သုံးရက် ရှိပါပြီတဲ့ ၊ ကျမလှမ်းထားတဲ့ နှမ်းတွေကို တစ်ဆုပ်ကြီး တစ်ဆုပ်ကြီး ယူယူပြီးတော့ စားတာ၊ ဒီတော့ အမေကြီးရယ်၊ စိတ်မရှိပါနဲ့ ၊ ကျွန်တော့အခကြေးငွေ ပေးပါစေ့မယ်၊ ဆရာကြီးရယ် အခကြေးငွေ လိုချင်လို့ မဟုတ်ပါဘူး။ ဆရာကြီး တပည့် ယဉ်ကျေးအောင် ဆုံးမ ပေးပါ ၊ ယဉ်ကျေးအောင် ဆုံးမရင် နောက်ကို ဒီလိုမလုပ်ရင် ကျမ ကြိုက်ပါပြီ ၊ နှမ်းလိုချင်လို့ ပြောတာမဟုတ်ပါဘူး၊ ဒီကလေးရဲ့ စာရိတ္တ စွဲသွားမှာစိုးလို့ ပြောတာပါ ဆရာကြီးရယ် ၊ သူ့အတွက် သနားလို့ ငိုမိတာပါ။ ကျမနှမ်း တနေ့တစ်ဆုပ် သုံးဆုပ်ဟာ ဘာမှ တန်ဘိုး မရှိပါဘူး ၊ တပည့်သားမြေးကို ဆုံးမစေချင်လို့ပါ ဆရာကြီး ရယ် ။

ကိုင်း, ဒါဖြင့် အမေကြီး ကျေနပ်အောင် ကျွန်တော် ဆုံးမပါ့မယ် ဟေ့, လာခဲ့ကြ၊ ဒီကလေးလက်ကို တစ်ယောက်တစ်ဖက်ကိုင်ပြီး ဆွဲထား ၊ မင်း, မတ်တတ်ရပ်ဆိုပြီးတော့ အနီးရှိတဲ့ ဝါးခြမ်းပြားကြီး

တစ်ချောင်းယူပြီးတော့ သုံးချက်လောက် ကလေးကျော ရိုက်လိုက်တယ်၊ ရိုက်လိုက်တော့ ၊ အဲဒီ, ကလေးက အံကြိတ်ပြီးတော့ ဆရာကြီးကို မျက်စောင်းခဲ ကြည့်သတဲ့ ၊ တက္ကသိုလ် ဆရာကြီးကို ၊ တက္ကသိုလ်ဆရာကြီးက ၊ အံကြိတ်ပုံနဲ့ သူ့ကြည့်ပုံ မြင်တော့ သိတယ်၊ ဒီကလေးတော့ ငါ့, ရန်ငြိုးဖွဲ့ပြီတဲ့။ သိတယ်။

**"တက္ကသိုလ်ဆရာအား ရန်ငြိုထား"**

**သမ္မာ ဝုတ္တော ပကုပ္ပတိ ။**

**သမ္မာ** – အကျိုးအကြောင်းနဲ့ ကောင်းမွန်စွာ ၊ **ဝုတ္တော** – ပြောဆိုအပ်သည် ရှိသော် ၊ **ပကုပ္ပတိ** – အမြတ်ထွက်တတ်၏၊ (ဝါ) စိတ်ဆိုးတတ်၏၊ (ဝါ)ရန်ညှိုးဖွဲ့တတ်၏။

ဒါ့ကြောင့်ဗျ၊ စကားပြောပေတဲ့ စဉ်းစားပြောရတယ်၊ သတိထားပြောရတယ်၊ ကိုင်း, ရှိစေ။ အဲဒါနဲ့ နေပြီးတော့ကို ပညာသင်၊ ပညာဆုံးတော့ လမ်းဆုံးတော့ ပြန်ခါနီး ဆရာကြီးခင်ဗျား ၊ ကျွန်တော်ပညာလဲ ဆုံးပါပြီ ၊ ဗာရာဏသီ မိဘရပ်ထံ ပြန်ပါရစေ၊ ပြန်တာပေါ့တပည့်ရယ်၊ ဆရာကြီးခင်ဗျား ကျွန်တော် ဆရာကြီးကို ဖိတ်ကြားပါရစေ၊ ကျွန်တော့ ခမည်းတော်က အရိုက်အရာ လွှဲလို့ ကျွန်တော်ရှင်ဘုရင် ဖြစ်တယ် သတင်းကြားရင် ဆရာကြီး လိုက်ခဲ့ပါခင်ဗျာ၊ ဗာရာဏသီမြို့ကို ကျွန်တော် အခေါ်လွှတ်လိုက်ပါ့မယ်။

**"ဆုံးမသူအပေါ် ရန်ငြိုးဖွဲ့တဲ့ မင်းသား"**

အဟုတ် မဟုတ်ဘူး၊ ဝမ်းထဲက ရန်ငြိုးနဲ့ မိတ်ဖွဲ့တာ ၊ ရန်ငြိုးနဲ့ ဖိတ်ကြားခဲ့တာ ၊ ငါ့ တိုင်းပြည်ကျမှ ညှင်းဆဲမယ်ဆိုတဲ့စိတ်နဲ့။

## "စဉ်းစားဆင်ခြင် ဆရာသခင်"

အဲဒီတော့ ဆရာကြီးက ၊ အေး ၊ ကောင်းပြီ ၊ ကောင်းပြီ။ ငါ တပည့် ပြန်ရော့ ဆိုပြီးတော့ အဲဒါ လက်ဆောင်ပဏ္ဏာနဲ့ ပြန်လွှတ်လိုက်။ ရောက်၊ မကြာခင် ရှင်ဘုရင်ဖြစ်၊ ရှင်ဘုရင်လဲ ဖြစ်ပြီးရော ၊ သူ့ကို အရင်တုံးက ဝါးခြမ်းပြားနဲ့ ရိုက်တာ ပြန်သတိရတယ်ကိုး။ ဆရာကြီးတော့ အခေါ်လွှတ်မှပဲ ဆိုပြီးတော့ လူလွှတ်ပြီးတော့ အခေါ်လွှတ်လိုက်တယ်၊ တစ်ကြိမ် ၊ သွားလို့ မတော်သေးဘူးတဲ့။ ဆရာကြီးက ဆုံးမလို့ မရသေးဘူးတဲ့ ၊ ဒီအချိန်သွားရင် ငါ့ ညှင်းဆဲလိမ့်မယ်၊ သတ်ဖြတ်လိမ့်မယ်၊ နောက်, မလာလို့ ဒုတိယအကြိမ် ထပ်လွှတ်တယ်၊ မသွားဘူး ၊ ဆရာကြီးက စောင့်နေတယ်၊ တတိယ အကြိမ် လွှတ်တော့မှ ၊ ဟ, ဘာဖြစ်တုံး ၊ မိုးကျသလား ၊ ထီးတွေ ဖွင့်ကုန်ပြီ ၊ ဟောဗျာ ကိုးနာရီလဲ ခွဲတော့မယ် ၊ တော်မှ ထင်ပါရဲ့ ၊ ကိုယ့်ပရိသတ်။ နောက်နှစ်မှ ဆက်ကြစို့လား ၊ အဟုတ်ကို မိုးကျလာတာ၊ ဟုတ်ကဲ့လားဟင် ၊ နဲနဲတော့ ကျပါတယ်ဘုရား၊ ချက်ချင်း အာဏာတည်စေရမယ် ၊ တိတ်စေ ၊ စမ်းကြည့်တာ ဖြစ်လား ၊ မဖြစ်လားလို့ ၊ ဟုတ်ကဲ့လား။

## "ဆင်ခြင်မဲ့ကင်း လူမိုက်မင်း"

အဲဒါနဲ့ တတိယအကြိမ်ကျတော့ ဆရာကြီးက လိုက်လာ၊ ဆရာကြီးလဲ ရောက်ရော ၊ ဆရာကြီးနဖူး သေမင်းခေါ်လာခဲ့သလား၊ ကျနော့ကို ဟိုတုံးက တပည့်နှစ်ယောက် အကိုင်ခိုင်းပြီးတော့ ရိုက်တာ ကျနော် မေ့တယ်ထင်လို့လား ဆရာကြီး ၊ ဆရာကြီးကို သတ်မလို့ ခေါ်တာ၊ ကျေးဇူးဆပ်မလို့ မဟုတ်ဘူး၊ အဲဒီကျတော့မှ ကြိမ်းလား မောင်းလားနဲ့ ဖြစ်တော့တာကိုး၊

## "ဆရာပြောပြန် တပည့်လက်ခံ"

အဲဒါနဲ့ နေပြီးတော့ ဆရာကြီးက ဘုန်းတော်ကြောင့် ရေမြေရှင် ရှေ့နောက် ဆင်ခြင်တော်မူပါ၊ ဟိုတုံးက ဝါးခြမ်းပြားနဲ့ သုံးချက် ရိုက်ပြီးတော့ ဆုံးမလိုက်လို့ ဒီ၊ ရှင်ဘုရင်အဖြစ် ရောက်တယ် ဆိုတာ ရေမြေ့ရှင် စဉ်းစားတော်မူပါ၊ အဲဒီလို မဆုံးမပဲနဲ့ ရေမြေ့ရှင်ကို အဲဒီအရွယ်က လွှတ်ထားခဲ့ရင် **"ခိုးစရာရှိလျှင် ခိုးချင်ချင်တည့်၊ ခိုးပင် ခိုးရိုး ခိုးစမျိုး၍"** လို့ဆိုတဲ့ စကားမျိုးလို ခိုးလက်စ မပြတ်ပဲနဲ့ အဲဒါ မင်းအဖြစ်ကိုတောင် ရတော့မှာ မဟုတ်ပါဘူး။ ဒီမင်းအဖြစ်ကို ရောက်တာသည် ဒီဆရာကြီး ဆုံးမလို့ဆိုတာ ဆင်ခြင်စဉ်းစားတော် မူပါလို့ ဆိုတော့မှ ဆင်ခြင်စဉ်းစားပြီးတော့ ဆရာကြီး သေဘေးက လွှတ်ဆိုပါလား ၊ ကိုင်း၊ ရှိစေ။

**သမ္မာ ဝုတ္တော ပကုပ္ပတိ ။**

**သမ္မာ** – ကောင်းစွာ ၊ **ဝုတ္တော** – အကျိုးနဲ့ အကြောင်းနဲ့ ပြောဆို အပ်သည်ရှိသော်၊ **ပကုပ္ပတိ** – စိတ်ဆိုးတတ်၏၊ **သော** – ထိုလူမိုက် သည် ၊ **ဝိနယံ** – မိမိကျင့်သုံးရတဲ့ ဝိနည်းကို၊ **န ဇာနာတိ** –မသိ၊

**သာဓု တဿ အဒဿနံ ။**

**တဿ** – ထိုဆိုခဲ့ပြီးသော အင်္ဂါနှင့် ပြည့်စုံနေတဲ့ လူမိုက်ကို ၊

**အဒဿနံ** – မမြင်ရခြင်းသည်၊ **သာဓု** – ဤဘဝလဲကောင်း ထိုဘဝလဲ ကောင်း၊ အကြောင်းလှလှနဲ့ အကောင်းတကာတို့တွင် အကောင်းဆုံး ကြီးပင် ဖြစ်ပါပေတော့သတည်း ---။

( သာဓု သာဓု သာဓု )

ဒါကြောင့် လူမိုက်ကို မတွေ့ပါရစေနဲ့လို့ ဆုတောင်းပါတယ် တဲ့၊ ကိုင်း , ကိုင်း , မိုးကျနေတယ်၊ မဖြစ်ဘူး ၊ တိတ်သွားပါပြီဘုရား၊ တိတ်သွားပြီလား ၊ ငါ တော်တော် အာဏာတည်တဲ့ ဆရာတော်ပဲ၊ တိတ်ကို တိတ်သွားပါပြီ ဘုရား ။ ဟုတ်ကြရဲ့လား ၊ ထီးတွေက ဖွင့်တုံး ရှိသေး၊ မင်းကသာ မဏ္ဍပ်ထဲကနေ တိတ်နေတယ် ၊ ငါ့လူက ခုနင်က အပေါ်က ကြားရပါတယ်ဘုရား ၊ ဟုတ်ကဲ့လား ၊ ဟိုအပြင်ဘက်က ထီးဆောင်းနေတဲ့ လူတွေ တိတ်ကြရဲ့လားကွ ၊ တိတ်ပါတယ်ဘုရား ၊ ဟော , ဘာတဲ့ ၊ တိတ်ပါတယ်ဘုရား ၊ အမာကွာ မင်းတို့ ထီးရုတ်မှ ငါယုံမှာ ၊ ကိုင်း, ရှိပါစေ။ ဟုတ်ကဲ့လား။

**"ပညာရှိနဲ့ ပေါင်းပါရစေ"**

ဒီတော့ တို့ အတိုချုပ်ပြောကြစို့ကွာ "အရေးကောင်း ၊ ဒိန်းဒေါင်းမှောက်" ၊ ခက်လိုက်တာ ၊ ငါ, ဒီဇာတ် တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဟောမယ်လို့ စိတ်ကူးထားတာ ၊ ဒီတော့ , သိကြားမင်းက လာပြန်တယ်။

**တေသ္မိံ တေ သုလပိတေ ၊ ပတိရူပေ သုဘာသိတေ။**

**ဝရံ ကဿပ တေ ဒမ္မိ ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။**

ဒီစကားကြားရတော့ ဝမ်းသာလိုက်တာတဲ့ ဆုပေးပါရစေ၊ တောင်းစမ်းပါအုံး၊

**ဓိရံ့ ပညံ့ သုဓော ဓိရံ၊ ဓိရေန သဟ သံဝသေ။**

**ဓိရေန' လ္လာပ သလ္လာပံ၊ တံ ကရေ တံ စရောစယေ။**

ပညာရှိဆိုတာ မြင်ပါရစေ ၊ တွေ့ပါရစေ ၊ ပညာရှိ ၊ ရှိတယ်ဆိုတဲ့ အရပ်ကို ကြားပါရစေ။

"ဓိရေန သဟ သံဝသေ" – ပညာရှိနဲ့မှ အတူတကွ နေထိုင်ပါရစေ ၊ ပညာရှိတဲ့ ပုဂ္ဂိုလ်နဲ့မှ စကားနီးနှော ပြောဆိုခြင်းကို ပြုလုပ်နိုင်ပါရစေ ၊ သူက ပြောဆိုတဲ့စကားကိုလဲ ဒီက လိုက်နာ ကျင့်သုံးပြီးတော့ နှစ်သက်နိုင်ပါရစေ။ .

"ကိံ ့နု တေ အကရံ ဓိရော" --- ပညာရှိက သင့်အကျိုးဘာတွေများ ဆောင်ရွက်ဘူးသလဲ ၊ ဘာတွေများ အကျိုးပြုဘူးသလဲ။

"ဝရံ ကဿပ ကာရဏံ" --- အကြောင်းကို ပြောစမ်းပါ့

"ကေန ကဿပ ဓိရဿ ၊ ဒဿနံ အဘိကင်္ခသိ" --- ကဿပ အနွယ်၌ ဖြစ်တဲ့ ရှင်ရသေ့ ၊ အဘယ်အကြောင်းကြောင့် ပညာရှိကို တွေ့လိုပါဘိသနည်း ၊ သူက ပညာရှိတွေ့ပါရစေ ၊ ဆုတောင့်တော့ သူကပြောတယ် ---။

**" ပညာရှိဆိုတာ "**

**နယံ နယတိ မေဓာဝီ ။**

**မေဓာဝီ** – ပညာရှိတဲ့ ပုဂ္ဂိုလ်သည် ၊ **နယံ** – နည်းကောင်းလမ်းမှန်ကို ၊ **နယတိ** – ဆောင်ရွက်တတ်၏။

ကိုယ်လဲ ချမ်းသာ ၊ သူလဲ ချမ်းသာ ၊ နှစ်ဦးစုံ ချမ်းသာတဲ့ နည်းလမ်းကို ပညာရှိက ဆောင်ရွက်တတ်ပါတယ် ၊ ပြီးတော့ ကိုယ်ချမ်းသာပြီးတော့ ၊ သူတပါးဆင်းရဲတဲ့ နည်းလမ်း မကောင်း၊

ကိုယ်ဆင်းရဲပြီးတော့ သူတပါး ချမ်းသာတဲ့နည်းလမ်း မကောင်း ၊ ဘက်ပဲ့ နေတယ်။ ကိုယ်လဲ ဆင်းရဲ ၊ သူတပါးလဲ ဆင်းရဲ ၊ အဲဒီနည်း ကတော့ မကောင်းတကာ့ မကောင်းဆုံး ၊ ကိုယ်လဲ ချမ်းသာ ၊ သူတပါး လဲ ချမ်းသာ ၊ အဲဒီ နည်းကတော့ အကောင်းဆုံး၊ ပညာရှိဆိုတာ ကိုယ်လဲချမ်းသာ ၊ သူတပါးလဲ ချမ်းသာဆိုတဲ့ နည်းကိုသာ ဆောင်ရွက် တတ်ပါတယ်။

## "ပညာရှိနဲ့ပေါင်း အလွန်ကောင်း"

**နယံ နယတိ မေဓာဝီ ။**

**မေဓာဝီ** – ပညာရှိသည် ၊ **နယံ** – ကိုယ်လဲ ချမ်းသာ ၊ သူလဲ ချမ်းသာဆိုတဲ့ နည်းလမ်းကို ၊ **နယတိ** –ဆောင်ရွက်တတ်၏။

အဲဒီလို ပုဂ္ဂိုလ်မျိုး တို့.တိုင်းပြည် ပေါ်ပါစေ၊ အဲဒီလို ဆောင်ရွက်ပါစေလို့.ဆိုတာ ဘုရားရှေ့. နေ့တိုင်းဆုတောင်းကြ၊ ဟုတ်ပလား၊ ကိုင်း, ရှိပစေ။

"နယံ နယတိ မေဓာဝီ ၊ အဓုရာယံ နိယုဥ္ဇတိ"---မတိုက်တွန်း သင့်တဲ့ နေရာများကို တိုက်ကို မတိုက်တွန်းရဘူး ၊ ပြီးတော့ကော ၊

"သုနယော သေယျသော ဟောတိ"--- ကောင်းတဲ့ နည်းလမ်းကိုမှ ပညာရှိဆိုတာ မြတ်နိုးတယ် ၊

"သမ္မာ ဝုတ္တော ပကုပ္ပတိ " --- သိနားလည်တဲ့ ပုဂ္ဂိုလ်ဟာ အကျိုးနဲ့ အကြောင်းနဲ့ ပြောရင်လဲ ဒါ, ဟုတ်ပေတယ် ၊ သူပြောတာ မှန်ပေတယ် ဆိုပြီးတော့ စိတ်မဆိုးဘူး ၊ လက်ခံတယ်တဲ့ ၊ ကျင့်သုံး တယ်တဲ့။

"ဝိနယံ သော ပ ဇာနာတိ " --- သူကျင့်သုံးရမဲ့ နည်းလမ်း

ကိုလဲ သူကောင်းကောင်းကြီး နားလည်တယ်တဲ့၊ ဒါကြောင့်...

**သာဓု တေန သမာဂမော ။**

**တေန** – ထိုသူတပါး အကျိုးကိုလဲဆောင်၊ ကိုယ့်အကျိုးကိုလဲ ဆောင်၊ နှစ်ဦးနှစ်ဖက် အကျိုးအောင်, အောင် ဆောင်ရွက်တတ်တဲ့ ပညာရှိဆိုတဲ့ ပုဂ္ဂိုလ်နှင့်၊ **သမာဂမော** – ပေါင်းသင်း တွေ့ကြုံ ဆုံဆည်း၍နေရခြင်းသည်၊ **သာဓု** – ဤဘဝလဲကောင်း နောင်ဘဝလဲ ကောင်း ၊ အကြောင်းလှသဖြင့် အကောင်းပထမချည်းပင် စင်စစ် မသွေ ဖြစ်ပါပေတော့သတည်း ...။

( သာဓု သာဓု သာဓု )

**“နေထွက်တာနဲ့ တပြိုင်နက် ရက်ရက်ရောရော လှူပါရစေ”**

ဒါကြောင့် ပညာရှိနဲ့ တွေ့ပါရစေလို့ ဆုတောင်းတယ်၊ ဒါလဲ သိကြားမင်း ပေးနိုင်စွမ်းရည် မရှိဘူး ၊ ကိုင်း , ရှိစေ ။ ဒီတော့ သိကြားမင်းက ထပ်ပြောတယ် ၊ ဟာ, ဒါလဲ သဘောကျပါတယ်တဲ့ ၊ ဒါ့, နောက်ထပ် တောင်းစမ်းပါဦး ၊ ပေးစမ်းပါရစေဆိုတော့ နောက် ထပ် တောင်းတဲ့ဆု။

**ဝရဥ္စေ မေ အဒေါသက္က ၊ သဗ္ဗဘူတာနမိဿရ။**

**တတော ရတျာ ဝိဝသာနေ ၊ သူရိယုဂ္ဂမနံ ပတိ။**

**ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ ၊ သီလဝန္တော စ ယာစကာ။**

ဟော, ဒီနေ့ နေကုန်ပြီးတော့ နောက်တနေ့ လင်းလာလို့ရှိရင် နေထွက်တာနဲ့ တပြိုက်နက်ထဲ၊

“သူရိယုဂ္ဂမနံ ပတိ”– နေထွက်တာနဲ့ တပြိုင်နက်ထဲ ၊

ဒိဗ္ဗာဘက္ခာ ပါတုဘဝေယျုံ – နတ်၌ ဖြစ်တဲ့ အစာအာဟာရ

တွေ ထင်ရှား ပေါ်ပေါက်၍ လာပါစေကုန်သတည်း။

သိကြားမင်း ဒီဆုတော့ ပေးနိုင်တယ်၊

သီလဝန္တေသု စ ယာစကာ – ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ အလှူခံ ပုဂ္ဂိုလ်တို့လဲ၊ ပါတုဘဝေယျုံ – ထင်ရှားဖြစ်ပေါ်ကြပါစေကုန်သတည်း။

နတ်သြဇာတွေလဲ ရကြပါစေတဲ့၊ သီလရှိတဲ့ အလှူခံ ပုဂ္ဂိုလ်တွေနဲ့လဲ တွေ့စမ်းပါရစေတဲ့၊ ကိုင်း, ဒီတော့ ဆန်တွေ တစ်နိုင်ငံလုံးက စု၊ စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံဆိုတဲ့ တောင်ရိုးကြီး သုံးခုတောကျောင်းဆောက်တည်ပြီးတော့ နေကြတဲ့ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တွေ အလှူခံပုဂ္ဂိုလ်တွေ သီလဝန္တေသုစယာစကာ။

အခု ဒီနှစ်ရတဲ့ ဆန်တွေဟာ နတ်သြဇာလောက် နီးနီးကောင်းမှာ၊ ကြားရဲ့လား၊ ကိုယ်တော့ ရာကျော်ဆန်တစေ့မှ မပါဘူးလို့တွက်တယ်၊ ပါနေရင်တော့ မပြောတတ်ဘူး၊ အေး, အဲဒီတော့ကို ...

**"ပေးလှူနေစဉ် မကုန်စေချင်"**

**ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ၊ သီလဝန္တေသုစယာစကာ။**

**ဒဒတော မေ န ခီယေထ ။**

**မေ** – ငါသည်၊ **ဒဒတော** – ပေးလှူ၍နေစဉ်၊ **နခီယေထ** – အဲဒီ အလှူပစ္စည်းတွေ မကုန်ဘဲ ရှိပါစေသတည်း။

ပေးလို့ မကုန်ပါစေနဲ့တဲ့ ပေါ်လာတဲ့ နတ်သြဇာတွေ။

**ဒတွာ နာနုတပေယျဟံ ။**

**အဟံ** – ငါသည်၊ **ဒတွာ** – လှူပြီးတဲ့ နောက်ကာလ၌၊ **နာနု တပေယျ** – ကုန်ခမ်းလေခြင်းဟူ၍ ပူပန်တဲ့စိတ် မဖြစ်ပါရစေနဲ့။

လှူပြီးတဲ့ နောက်လဲ မပူပန်ပါရစေနဲ့ ၊ ဝမ်းမြောက်ပါရစေ။

**ဒဒံ စိတ္တံ ၊ ပသာဒေယျံ။**

**ဒဒံ ဒဒန္တော** – ဝမ်းမြောက်ဝမ်းသာ လှူဆဲကာလမှာလည်း ၊ **ဒဒံ ဒဒန္တော** – ပေးလှူ၍ နေစဉ် ၊ **စိတ္တံ** – စိတ်ကို ၊ **ပသာဒေယျံ** – ကြည်လင်ရွှင်ပြစေရာ၏။

**တော် သက္က ဝရံ ဝရေ။**

**သက္က** – သိကြားမင်း ၊ **တော် ဝရံ** – ဤယခု ပြောပြအပ်ခဲ့ပြီးသော ပေးလို့မကုန် လှူလို့မခန်း သီလနဲ့ ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ် ပြည့်စုံခြင်း အလှူခံပုဂ္ဂိုလ်ရှိခြင်း ၊ စေတနာသုံးတန် မတွန့်ဆုတ်ခြင်း ဆိုတဲ့ ဆုကို ၊ **ဝရေ ဝဒါမိ** – တောင်းဆိုပါတော့၏။

**"နောက်ဆုံးဆုပန် သိကြားပြန်တော့"**

ဒီဆုပဲ တောင်းပါတယ်၊ ပေးစမ်းပါဆိုတော့ ဟာ, သဘောကျပါတယ်တဲ့ ၊ တောင်းစမ်းပါဦးတဲ့၊ တောင်းစမ်းပါဦး လာချည်သေးတယ်၊ ပေးဒါ မပါသေးဘူး၊ ကြားရဲ့လား ၊ ကိုင်း, ရှိစေ။ ဒီတော့ ဘုရားအလောင်းက ဒီသိကြားမင်း တော်တော်လျှာရှည်တယ် ၊ တောင်းပါဦး တောင်းပါဦးနဲ့ချည်း ပြောနေတယ်၊ တောင်းတဲ့ ဆုကိုတော့လဲ ဘာမှ မပေးဘဲနဲ့လို့ ဆိုပြီးတော့ နောက်ပိတ်ဆုံးတခါထဲ ပိတ်ပြီးတော့ ပြောလိုက်ပုံ ---

**ဝရဥ္စေ မေ အဒေါ သက္က ၊ သဗ္ဗဘူတာနမိဿရ။**

**သဗ္ဗဘူတာန မိဿရ** – အလုံးစုံသော နတ်တို့ကို အစိုးရသော၊ **သက္က** – အို, သိကြားမင်း ၊ **ဝရံ** – အကျွန်ုပ်လိုတဲ့ ဆုကို၊ **စေ အဒေါ**– အကယ်၍ ပေးမည်ဖြစ်ခဲ့ငြားအံ့၊

**န မံ ပုန ဥပေယျာသိ၊ တော် သက္က ဝရံ ဝရေ။**

**သက္က** – သိကြားမင်း ၊ **မံ** – အကျွန်ုပ်ကို၊ **ပုန** – နောက်ထပ် တဖန် ၊ **နဥပေယျာသိ** – အသင်သိကြားမင်း ဘယ်တော့မှ မချဉ်းကပ် လာပါနဲ့တော့။

သိကြားမင်း နှင်ထုတ်လိုက်ပြီ ၊ သွားလေရော့ မှောင်ထဲ၊ ဟုတ်လား။ အေး။

**န မံ ပုန ဥပေယျာသိ ၊ တော် သက္က ဝရံ ဝရေ။**

**သက္က** – သိကြား ၊ **မံ** – အကျွန်ုပ်ကို ၊ **ပုန** – နောက်ထပ်တဖန်၊ **နဥပေယျာသိ** – သိကြားမင်း ဘယ်တော့မှ မချဉ်းကပ်ပဲနဲ့ မှောင်ထဲ သွားပါလေတော့။

သိကြားမင်း မှောင်အခိုခိုင်းလိုက်ပြီ ၊ ဟုတ်ပြီလား ၊

**တော် သက္က ဝရံ ဝရေ---။**

**သက္က** – သိကြားမင်း ၊ **တော် ဝရံ** – ဤအကျွန်ုပ်ထံသို့ နောင် တဖန် မလာတဲ့ဆုကို ၊ **ဝရေ ဝရာမိ** – မရ ရကြောင်း တကယ့်စိတ် ကောင်းဖြင့် တောင်းဆိုခြင်းကို ပြုရပါပေတော့သတည်း ---။

( သာဓု သာဓု သာဓု )

**"အခြားဆုများ မလိုလား"**

အဲဒီဆုပဲ ပေးပါတော့တဲ့ ၊ ဒီ့ပြင်ဆုတွေ မပေးရှိပါစေ ၊ အသင် သိကြားမင်း အကျွန်ုပ်ထံ နောက်တခေါက် မလာတဲ့ဆုပဲ ပေးပါတော့၊ သိကြားမင်း အံ့နဲ့သြနဲ့ ၊ အံ့သြလိုက်ပုံတော့ မပြောနဲ့တော့ ၊ ကြား ရဲ့လား၊ ဒီတော့ သိကြားမင်းကမေးတယ်။

**ဗဟူဟိ ဝတစရိယာဟိ ၊ နရာ စ အထ နာရိယော။**

**ဒသန် အဘိကင်္ခန္တိ ၊ ကိံ နု မေ ဒသနေ ဘယံ။**

သိကြားမင်း တွေ့ချင်လွန်းလို့ ပွဲကြီးတင် ၊ ပွဲကလေးတင် ၊ ငှက်ပြောလတ်လတ်ဆတ်ဆတ်၊ အုန်း လတ်လတ်ဆတ်ဆတ်နဲ့ ၊ ဟိုမှာတော့ ကြွက်မြီး မညိုးတဲ့ အုန်းနဲ့ ဟုတ်ကဲ့လား၊ အမလေး တင်လိုက်ကြတာ ၊ ပလိုက်ကြ, သလိုက်ကြတာ မပြောနဲ့တော့ ၊ ဒီလိုများ သိကြားမင်း တွေ့ရမယ်ဆိုရင်တော့ကို မတ္တရာက ထွက်တဲ့ ငှက်ပျောတွေ ကုန်ပါလေ့စေ တင်မှာ ၊ မတ္တရာက လာတဲ့ အုန်းသီးတွေ ကုန်ပါလေ့စေ ၊ အဲဒါ အကုန်လုံးတင်မှာ ၊ အခု သိကြားမင်းတွေ့ နေရက်နဲ့ အကိတ္တိ ရသေ့ကြီးက –

**နမံ ပုန ဥပေယျာသိ ၊ တံ သက္က ဝရံ ဝရေ။**

ကျုပ်ထံ နောက်ထပ် မလာပါနဲ့တော့ ဆိုတာပဲ တောင်းဆိုပါရစေတဲ့ ၊ ဒီတော့ သိကြားမင်းက ၊

**ဗဟူဟိ** – မရေမတွက်နိုင်အောင် များလှစွာကုန်သော ၊ **ဝတစရိယာဟိ** – အကျင့်တရားတို့ဖြင့် ။

ငါးပါးသီလ, ရှစ်ပါးသီလ, သုစရိတသီလ ဒီလိုကိုး ၊ အခုလဲပဲ တချို့ ဂိုဏ်းဆရာတွေက သိကြားက လာပြောသလို ၊ အမယ်, ဒီလိုလဲ လုပ်လိုက်သေး ၊ဟုတ်လား ၊ ကိုင်း , ဒါတွေတော့ထား ၊ ပြီး သူတို့ စားလမ်းပိတ်သွားမယ် ၊ အကုန်လျှောက်ပြောလို့ မတော်ဘူး၊ အဲဒီတော့ ပွဲတွေ ရံတွေ တင်ပြီးတော့

**ဗဟူဟိ** – များစွာကုန်သော၊ **ဝတစရိယာဟိ** – ငါးပါး ရှစ်ပါး စတဲ့ အကျင့်တရားတို့ဖြင့် ၊ **နရာစ** – အမျိုးသားတို့သည်လည်းကောင်း၊

**အထ**– ထိုမှတပါး၊ **နာရိယောစ** – အမျိုးသမီးတို့ သည်လည်းကောင်း။

ဒါပဲလား ပေးနိုင်သေးတယ်၊ (ဝါ) သက်န်းဝတ်၍ နေတဲ့ ဘုန်းကြီးတို့ သည်လည်းကောင်း။ ဒါကတော့ တိုးတိုးပြောမှ။

အဲဒါကြောင့် --- **နရာစ** – အမျိုးသားတို့ သည်လည်းကောင်း၊ **အထ** – ထိုမှတပါး ၊ **နာရိယောစ** – အမျိုးသမီးတို့ သည်လည်းကောင်း၊ **ဒဿနံ** – အကျွန်ုပ်သိကြားကို မျက်ဝါးထင်ထင် တွေ့မြင်ရခြင်းကို ၊ **အဘိကင်္ခန္တိ** – လိုချင်သောအားဖြင့် တောင့်တ၍ နေကြပါကုန်တော့၏။

**ကိံ နု မေ ဒဿနေဘယံ ။**

**မေ** – အကျွန်ုပ်သိကြားမင်းကို ၊ **ဒဿနေ** – မျက်ဝါးထင်ထင် တွေ့မြင်၍ နေရခြင်း၌ ၊ **ဘယံ** – သင့်သန္တာန် ဖြစ်ပေါ်၍ နေတဲ့ ဘေးသည် ၊ **ကိံ နု** – အဘယ်လို ဘေးမျိုးပင် ဖြစ်ပါပေတော့သနည်း။

( သာဓု သာဓု သာဓု )

တွေ့ချင်လွန်းလို့ မြင်ချင်လွန်းလို့ ပွဲတွေတင် ငါးပါးသီလ ရှစ်ပါးသီလ စသည် စောင့်ထိမ်းပြီးတော့ သိကြားမင်း တွေ့ပါရစေ၊ မြင်ပါရစေနဲ့ ကျင့်နေကြတဲ့ ၊ အဲဒါ အမျိုးသား ၊ အမျိုးသမီးတွေ အများကြီး ၊ သိကြားကလဲ ဒီလောက်တော့ သိတယ်နော် ၊ မဆိုးဘူး ၊

အဲဒီလိုတောင် ကျွန်ုပ်ကို တွေ့ချင်လွန်းလို့ ဒီလို ကျင့်သုံးပြီးတော့ တောင့်တ နေကြတယ်၊ အဲဒီအထဲက အခု ကျုပ် မလာပါနဲ့ မတွေ့ ပါရစေနဲ့ ဆိုတာ ဘယ်အကြောင်းကြောင့်တုံး၊ ကျုပ်နဲ့ တွေ့ရလို့ ခင်ဗျား ဘာတွေဖြစ်သလဲ၊ အကိတ္တိ ရသေ့ ပြန်ဖြေပုံ၊ ဟုတ်လောက် မဟုတ်လောက် ကိုယ့်ပရိတ်သတ် စဉ်းစားစမ်း။

**"သိကြားမင်းခွင့်ပန် နောက်ဆုတ်ပြန်"**

**တံ တာဒိသံ ဒေဝဝဏ္ဏံ၊ သဗ္ဗကာမသမိဒ္ဓိနံ၊**

**ဒိသွာ တပေါ ပမဇ္ဇေယျ၊ ဧတံ တေ ဒဿနေ ဘယံ။**

**သဗ္ဗကာမသမိဒ္ဓိနံ** – အလုံးစုံ အလိုရှိအပ်သမျှတွေ ပြီးပြည့်စုံ၍ နေသော၊ **တာဒိသံ** – ထိုသို့ သဘောရှိသော၊ **တံ – ဒေဝဝဏ္ဏံ** – ထို နတ်အဆင်းကို၊ **ဒိသွာ** – မြင်ရသည်ဖြစ်၍၊ **တပေါ** – ကိုယ်လက် ကိုင်ပြုလုပ်၍ နေတဲ့ အကျင့်တရားကို၊ **ပမဇ္ဇေယျ** – မေ့လျော့နိုင်ရာ၏။

သိကြားဆိုတာအလွန်လှ ၊ နတ်ဆိုတာအလွန်လှ၊ အဲဒီ သိကြားနတ်ကို မြင်ရလို့ ရှိတာဖြင့် ကိုယ်ကျင့် နေတဲ့အကျင့် မေ့ပြီးတော့၊ ဩော်, ဒီလို သိကြားဖြစ်ရရင် ကောင်းလေစွတကား၊ ဒီလိုနတ်ဖြစ်ရရင် ကောင်းလေစွတကားဆိုတဲ့ အကြံတွေ ဖြစ်လာနိုင် ပါတယ်။

**ဧတံ တေ ဒဿနေ ဘယံ–––**

**တေ** – သင့်ကို၊ **ဒဿနေ** – မျက်ဝါးထင်ထင် တွေ့မြင်၍ နေရခြင်း၌၊ **မယှံ** – အကျွန်ုပ်၏၊ **ဘယံ** – အကျွန်ုပ်သန္တာန် ဖြစ်ပေါ် လာမဲ့ ဘေးသည်၊ **ဧတံ** – ဤကိုယ်ကျင့် ပျက်ပြားမဲ့ ဘေးပင်

ဖြစ်ပါပေတော့သတည်း ....။

( သာဓု သာဓု သာဓု )

အဲဒါကြောင့် အကျင့်တရားတွေ ပျက်ပြားပါလိမ့်မယ်၊ နောက်တခေါက် မလာပါနဲ့တော့တဲ့၊ သိကြားမင်း လက်မြောက်သွားတယ်၊ မလာတော့ပါဘူးအရှင်ရသေ့တဲ့၊ အကျွန်ုပ် ခွင့်ပြုပါဦး ဆိုပြီးတော့ အဲဒီက ပြန်သွားလိုက်တာ ကနေ့အထိ မလာဘူး၊ ဟုတ်ပလား၊ ဒီတော့ အဲဒီ သိကြားမင်း သွားပြီးတဲ့နောက် ဆက်လက်ပြီးတော့ ကန်ဇွန်းရွက်ကလေး စားပြီးတော့ ကျင့်သုံးလိုက်တာ ဈာန်ရော အဘိညာဏ်ရော ရပြီးတော့ အဲဒီဈာန် မပျက်ပဲနဲ့ သေသွားလို့ အလောင်းတော် အဲဒီဘဝက ဗြဟ္မပြည်သွားပါတယ်တဲ့ ၊ ဒါဖြင့် အဲဒီတုံးက သိကြားမင်းက ဘယ်သူတုံးဆိုတော့ သိကြားမင်းက အနုရုဒ္ဓါအလောင်း၊ အလောင်းတော်က အကိတ္တိရသေ့တဲ့ ၊ ငါဘုရား အဲဒီလိုဖြစ်ပြီးတော့ အဲဒါ အနုရုဒ္ဓါ အလောင်းနဲ့ ဒီလို တွေ့ခဲ့ရပါတယ် ၊ အဲဒီတုံးက ငါဘုရား ဒါနပြုခဲ့တယ်ဆိုတာ အသက်စွန့်ပြီးတော့ ပြုခဲ့တာပါတဲ့ ၊ အဲဒီ ဒါနမှုနဲ့ ငါဘုရားဘာမှ မတောင့်တပါဘူး။

**သဗ္ဗညုတံ ပတ္ထယာနော ၊ တာနိ ကမ္မာနိ အာစရိံ ။**

**သဗ္ဗညုတံ** – အလုံးစုံကို သိနိုင်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ၊ **ပတ္ထယာနော** – တောင့်တလျက် ၊ **တာနိကမ္မာနိ** – ထိုပါရမီ ဆယ်ပါး အပြားသုံးဆယ်ဆိုတဲ့ အကျင့်တို့ကို ၊ **အာစရိံ** – မနားမနေ ကြိုးစား၍ ကျင့်သုံးခဲ့ပါတော့သတည်း ---

( သာဓု သာဓု သာဓု )

## "နိဂုမ်း ပတ္ထနာ"

အဲဒါကြောင့် အဲဒီ စရိယာပိဋက အဋ္ဌကထာမှာ ဒီဂါထာ အစုကို ထုတ်ပြီးတဲ့နောက် အလောင်းတော် ကျင့်သုံးတော်မူပုံ ၊ ပါရမီဆယ်ပါး အဲဒီ ဒါနပြုတဲ့အခဏ်းမှာ အကုန်ပါပုံ ထုတ်ပြသွားတယ်၊ ဒါ့ကြောင့် တို့တရားကို နာကြားကြရကုန်သော ပရိတ်သတ် အပေါင်းသူတော်ကောင်းတို့သည်လည်း ဤဒါနကို ပြုရသောကြောင့် ဤတရားကို နာရသောကြောင့် လေးညတို့တိုင်တိုင် တရားကိုနာ၍ ဤကဲ့သို့ သမိုင်းဝင် မလွန်ဆန်လှူသင်းကြီး၌ နည်းများမဆို ပါဝင် လှူဒါန်းကြတဲ့ ကုသိုလ်စေတနာတို့ကြောင့် လောဘကင်းပါရစေ ၊ ဒေါသကင်းပါရစေ၊ မောဟ ကင်းပါရစေ ၊ အိုခြင်း ကင်းပါရစေ ၊ နာခြင်းကင်းပါရစေ၊ သေခြင်းကင်းပါရစေ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ဤကုသိုလ်တွေနဲ့ လျှင်မြန်ဆောစွာ မိမိတို့၊ တောင့်တတဲ့ဆုပြည့်၍ ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း၊ မျက်မှောက် ပြုကြရပါလိုကုန်သောဟူ၍ ပတ္ထနာဆု ပြုကြစေကုန်သတည်း .....

( သာဓု သာဓု သာဓု )

အကိတ္တိ ရသေ့ တရားတော်

ပြီး၏။

ဘာသန္တရဆေက ပိဋကတ္တယကောဝိဒ မဟာဓမ္မကထိက
အဂ္ဂမဟာပဏ္ဍိတ
**စစ်ကိုင်းတောင်ရိုး ၊ အနီးစခန်းဆရာတော်**
**ဟောကြားတော်မူသော**
**အောက်ပါတရားတော်များ ဆက်လက်**
**ထုတ်ဝေပါတော့မည်။**

၁။ မိလိန္ဒပဉ္စာတရားတော်
၂။ သရဏဂုံသုံးပါးတရားတော်
၃။ ဒါနမဟပ္ဖလတရားတော်
၄။ မဂ္ဂင်ရှစ်ပါးတရားတော်
၅။ မိထွေးတော်ဂေါတမီတရားတော်
၆။ အစ္ဆရိယအဗ္ဘုတတရားတော်
၇။ သာမညဖလတရားတော်
၈။ အာဠဝကသုတ္တန်တရားတော်
၉။ အသဒိသဒါနတရားတော်
၁၀။ လောကဓံတရားတော် တို့ ဖြစ်ပါသည်။

အရှင်သုမင်္ဂလ

# ဩဝါဒ

❖❖ ဒါန သီလ အစရှိတဲ့ ပါရမီဆယ်ပါးဆိုတာ အလောင်းတော်တို့ လုပ်ထုံး လုပ်ငန်း ၊ လူသာမန်တို့ရဲ့ လုပ်ငန်းမဟုတ်ဘူး ၊ ဘုရား အလောင်းတော်တို့ ဘဝစဉ်ဆက် ဘုရားဖြစ်သည်အထိ လုပ်လာခဲ့တဲ့ လုပ်ထုံးလုပ်ငန်းဖြစ်တယ် ..... ။

❖❖ ဒီတော့ အလောင်းအလျာ သူတော်စဉ်တို့ရဲ့ လုပ်ငန်းကို နည်းများ မဆို ပါဝင်ပြီးတော့ လုပ်ကိုင်ကြရတယ် ဆိုလို့ရှိရင် ငါတို့ လည်းပဲ အလောင်းအလျာတို့ရဲ့ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် နေတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဆိုပြီးတော့ အားတက်သရော စိတ်လိုက် မာန်ပါ အားရ ပါးရ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက် ဝမ်းသာ ရှိကြရမယ် ..... ။

❖❖ မလွန်ဆန်လှူအသင်းကြီးဆိုတာ သမိုင်းဝင်အသင်းကြီး ၊ တစ်နိုင်ငံလုံးက အားတက်သရော နည်းများမဆို လှူဒါန်းနေ ကြတာ ၊ မန္တလေးမြို့ပေါ်ကရော ရန်ကုန် ပုညကုသလ အသင်း တို့ကပါ ဦးစီးပြီးတော့ အလုပ်လုပ်နေကြတာ ၊ အဲဒီ အလှူတော် ပွဲကြီးမှာ ဒါနမှုနဲ့ ပတ်သက်တဲ့ အလောင်းတော်တို့ လုပ်ထုံး ဒေသနာ တစ်ရပ် နာကြား ကြည်ညိုကြရမယ် ..... ။

**အာနီးစခန်းဆရာတော်**